# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.116(1886-1900)

နတ်ဘုရားဖီးနစ်ကလန် နှင့် တိုက်ပွဲ

.May Be:

၁၈၈၆

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၈၈၆ - နတ်ဘုရားဖီးနစ်ကလန်၊ ဖီးနစ်ကမ္ဘာ သို့ဝင်ရောက်ခြင်း

နတ်ဆိုးမျိုးနွယ်တွင် (နတ်ဆိုးမျိုးနွယ်ကြီးတစ်ခုလုံးနှင့်ယှဉ်လျှင်ပင်) နတ်ဘုရားဖီးနစ်ကလန်၏ အဆင့်အတန်းသည် လုံးဝကြီးမြတ်သည်။ နတ်ဆိုးနယ်မြေတစ်ခုလုံးကိုအသာထား၊ အထက်ကမ္ဘာအနှံ့ ကျော်ကြားခဲ့ပါသည်။

နတ်ဘုရားဖီးနစ်ကလန်၏

နတ်ဘုရားမီးတောက်နယ်မြေ သည်

မရေမတွက်နိုင်သော နတ်ဆိုးများ

ဝင်ရောက်လိုသည့် နေရာတစ်ခုဟု

ဆိုနိုင်ပါသည်။ အမှန်တော့ နတ်ဆိုးများ

သာမကဘဲ လူသားများပင်လျှင်

ဝင်ရောက်လိုကြသည်။

အကြောင်းကတော့ ၎င်းသည်

စစ်မှန်သော ကျင့်ကြံခြင်းနယ်မြေ

ဖြစ်သောကြောင့်ပါ။

နတ်ဘုရားဖိုးနစ်ကလန်၏

နတ်ဘုရားနယ်မြေ သည်

နတ်ဘုရားဖိုးနစ်ကလန်၏

ဘိုးဘေးများမှ ဖန်တီးထားသော

ကျင့်ကြံခြင်းနတ်နယ်မြေကြီးဖြစ်၏။

ထိုနေရာ၌ အသန့်စင်ဆုံး

မီးဒြပ်စင်စွမ်းအင်နှင့်

မြေဝိညာဉ်စွမ်းအင်များ ပါဝင်သည်။

နတ်ဘုရားဖီးနစ်ကလန်မှ

ဘိုးဘေးအဆက်ဆက် ဖန်တီးထားသော

စွမ်းအင်အစီအရင်များစွာနှင့်

မြောက်မြားစွာသော

အစီအရင်များနှင့်အတူ

စစ်မှန်သောနတ်ဘုရားနယ်မြေဟုဆိုနိုင်

လေသည်။

သို့သော် ထိုနေရာကို ဝင်ရောက်ဖို့က မလွယ်ကူလှပေ။ အပြင်လူများကို အသာထားဦး၊ နတ်ဘုရားဖီးနစ်ကလန်၏ အဖွဲ့ဝင်များပင် ထိုနေရာကို ဝင်ရောက်ဖို့ လိုအပ်ချက်များစွာ ပြည့်မှီရပေမည်။

အကြောင်းကတော့ မြေဝိညာဉ်စွမ်းအင် သို့မဟုတ် မီးဒြပ်စင်စွမ်းအင်ဖြစ်ပါစေ ၎င်းတို့သည် အကန့်အသတ်မရှိပေ။

အဆက်မပြတ်စုပ်ယူခံရလျှင်

နတ်ဘုရားမီးတောက်နယ်မြေဟာ

တစ်နေ့နေ့တွင်

ပျက်စီးသွားနိုင်လေသည်။

နတ်ဘုရားမီးနစ်ကလန် သည်

မျိုးနွယ်စုများ စုဝေးပွဲ၏ ထိပ်ဆုံး သုံး

ယောက်ကို ကျင့်ကြံခွင့်ပေးထားသည့်

အကြောင်းရင်းမှာ သဘာဝအားဖြင့်

နတ်ဆိုးနတ်ဘုရားနန်းတော် ကြောင့်သာ။

နတ်ဆိုးဘုရားသည်

ဤစကြဝဠာတွင်မရှိတော့သော်လည်း

နတ်ဘုရားဖီးနစ်ကလန်သည်

နတ်ဆိုးဘုရားအား

မျက်နှာသာပေးရပေသည်။

ယန်ယဲ့ နှင့်

ထိပ်ဆုံးသုံးယောက်အဖွဲ့မှာပါဝင်သူများ

က အဘိုးကြီးဂူမို၏ ဦးဆောင်မှု နှင့်အတူ

နတ်ဘုရားဖီးနစ်ကလန်သို့
ထွက်ခွာလာကြသည်။

၎င်းသည် နတ်ဆိုးနယ်မြေအတွင်း
တည်ရှိသော်လည်း
နတ်ဘုရားဖီးနစ်ကလန်က
ဖီးနစ်ကမ္ဘာ ဟူသော ကိုယ်ပိုင်ကမ္ဘာကို
တည်ထောင်ထားခဲ့သည်။ လူသားများ၏
သဘာဝအတိုင်း ပြောရလျှင်

နတ်ဆိုးမျိုးနွယ်မှ နတ်ဆိုးများသည် ဖီးနစ်ကလန်ဘိုးဘေး၏ ခွင့်ပြုချက်မရဘဲနှင့် ဖီးနစ်ကမ္ဘာထဲကို မဝင်ရောက်နိုင်ပေ။

"မင်းတို့တွေ နတ်ဘုရားဖီးနစ်ကလန်ကို ရောက်တာနဲ့ သတိထားကြပါ" အဘိုးကြီးဂူမို က ခရီးထွက်လာရင်း သတိပေးလိုက်သည်။

"ဘာလို့လဲ။ အန္တရာယ်ရှိလို့လား"

ယန်ယဲ့က အဘိုးကြီးဂူမိုကို

လှည့်ကြည့်ပြီးမေးလိုက်သည်။

"အဲ့လိုမဟုတ်ဘူး" အဘိုးကြီးဂူမို က

ခေါင်းခါလိုက်ပြီး

“နတ်ဘုရားဖီးနစ်မျိုးနွယ်က

အရမ်းဂုဏ်ယူတယ်၊

အရမ်းမောက်မာတယ်။ ဒါကြောင့်

သူတို့က ငါတို့နဲ့ ဆက်ဆံတဲ့အခါ

သိပ်ကောင်းတဲ့ သဘောထား

ရှိမှာမဟုတ်ဘူး”ဟုပြန်ပြောပါသည်။

မောက်မာတာ လား....

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

မိုရှောင်းလန်က မည်မျှ

မောက်မာသည်ကိုပင်

သူကိုယ်တိုင်မြင်တွေ့ထားသည်မဟုတ်ပါ

လား။ ထိုမိန်းမငယ်လေးက
လုံးဝကိုမောက်မာခဲ့သည်။

ထိုအတောအတွင်း အဘိုးကြီးဂူမို က
"မင်းတို့အားလုံး ကျင့်ကြံဖို့
သွားနေကြတာပဲ။ ဒါကြောင့် ကျင့်ကြံတာ
ကလွဲရင် တခြားဘယ်နေရာကိုမှ
မသွားပါနဲ့။ မလိုလားအပ်တဲ့
ပြဿနာမဖြစ်အောင် ရှောင်တာ
အကောင်းဆုံးပါပဲ"ဟု ထပ်ပြောပါသည်။

ကူယွမ် နှင့် ယန်လင်းရှူ က ခေါင်းညိတ်လိုက်သည်။ ယန်ယဲ့ ကတော့ ငြိမ်သက်နေခဲ့သည်။

သူ၏ ရည်ရွယ်ချက်မှာ နတ်ဘုရားဖီးနစ်ကလန် သို့ဝင်ရောက်ပြီး နှင်းပွင့်လေး နှင့် ဇီအာ အကြောင်းကို ရှာဖွေရန်ပါ။ ထိုနှစ်ယောက်ကို တွေ့သည်နှင့် နတ်ဆိုးနယ်မြေ မှ

အပြီးထွက်သွားဖို့ ရည်ရွယ်ထား၏။

သို့သော်လည်း သူ၏အစီအစဉ်က

အဆင်ပြေချောမွေ့ဖို့ မဖြစ်နိုင်ပါ။

မည်သို့ပင်ဖြစ်စေကာမူ

အဆိုးဆုံးအတွက်

အဆင်သင့်ဖြစ်နေသောကြောင့်

သူ့အတွက် အရေးမကြီးပါ။

အချိန်တော်တော်ကြာပြီးနောက်တွင် သူတို့အဖွဲ့က ဖီးနစ်ကမ္ဘာ သို့ ဝင်ရောက်လာခဲ့ကြသည်။

ဖီးနစ်ကမ္ဘာ ထဲကို ဝင်လာသည်နှင့် သူတို့ပတ်ဝန်းကျင်ရှိ အပူချိန်သည် သိသိသာသာမြင့်တက်လာမှန်း လူတိုင်း ခံစားမိကြသည်။ ထို့အပြင် ဤနေရာမှ မြင်ကွင်းသည် ယန်ယဲ့ကိုပင် အတော်လေး ထိတ်လန့်သွားစေခဲ့သည်။

ဖီးနစ်ကမ္ဘာတစ်ခုလုံး မီးတောက်

မီးလျှံများသာ

ဖုံးလွှမ်းနေသောကြောင့်ပါ။ ဤနေရာ၌

တောင်တန်းများ၊ မြစ်ချောင်းများ

ရှိနေသော်ငြားလည်း နေရာအနှံ့

အမည်မသိ မီးတောက်များ

ဖုံးလွှမ်းနေခဲ့သည်။

ကောင်းကင်ယံအထက်မှ

တိမ်တိုက်များသည်ပင်

မီးလျှံတိမ်တိုက်များချည်းသာ။

တစ်နည်းဆိုရသော် ဖီးနစ်ကမ္ဘာ သည်

မီးတောက်ကမ္ဘာတစ်ခုပင်။

ထိုအချိန်တွင်

ကောင်းကင်အဝေးတစ်နေရာမှ

မီးလျှံဖီးနစ်ကြီးတစ်ကောင်

ရုတ်တရက်ပေါ်လာခဲ့သည်။ ၎င်း၏

အရွယ်အစားက အလွန်ကြီးမားလှသည်။

ဖီးနစ်ကမ္ဘာ၏ ကောင်းကင်ပြင်ကိုပင်

ဖုံးကွယ်သွားခဲ့သည်။ ထိုမီးလျှံဖီးနစ်

ပေါ်လာသည်နှင့် ပတ်ဝန်းကျင်ရှိ

အပူချိန်သည် ချက်ချင်းပင်

တဟုန်ထိုးမြင့်တက်လာ၏။

ရည်ရွယ်ချက်ရှိမရှိကို

မသိနိုင်သော်လည်း

ကောင်းကင်ယံအထက်မှ

မီးတောက်များကျဆင်းလာပြီး

ယန်ယဲ့တို့အုပ်စုထံ

တည့်တည့်တိုးဝင်သွားသည်။

ကူယွမ် နှင့် ယန်လင်းရှု တို့နှစ်ယောက်၏

အမူအရာများက ရုတ်ချည်းပင်

ပြောင်းလဲသွားသည်။

နတ်ဘုရားဖီးနစ်ကလန် သည်

သူတို့အပေါ် ရန်လိုနေမှန်း သိသာ၏။

အဘိုးကြီးဂူမို လည်း

မျက်နှာပျက်သွားသည်။ နောက်ဆုံးတွင်

နတ်ဘုရားဖီးနစ်ကလန် သည်

အင်အားပြသရန်ကြိုးစားနေသည်မဟုတ်

ပါလား။

နတ်ဆိုးဘုရားနန်းတော် သည်

နတ်ဆိုးမျိုးနွယ်၏ခေါင်းဆောင်မဟုတ်

တော့သော် လည်း ၎င်းကို

ဆန့်ကျင်ဝံ့သော

မျိုးနွယ်စုတစ်ခုမျှမရှိခဲ့ပေ။ သို့သော်

နတ်ဘုရားဖီးနစ်ကလန် က

မျက်နှာသာမပေးလိုကြောင်း ပြသနေ၏။

အဘိုးကြီးဂူမို က

ရှေ့တစ်လှမ်းတိုးလိုက်ပြီး

သူ၏လက်ဝါးကို အထက်သို့

ပုတ်လိုက်သည်။

အုန်း...

လက်ဝါးမှ

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအင်လှိုင်းကြီးတစ်ခု

ထွက်လာပြီးနောက် မီးလှိုင်းများကို

ချက်ချင်း ဝါးမြိုသွားခဲ့သည်။

ထိုအတောအတွင်း

ကောင်းကင်ယံအထက်မှ

မီးလျှံဖိုးနစ်ကြီးက သိသိသာသာ

ဒေါသထွက်သွားပုံရ၏။ ၎င်း၏

အတောင်ပံများကို ချက်ချင်း

ရိုက်ခတ်လိုက်သည်။ခဏအကြာတွင်

ကောင်းကင်ယံမှ မီးတောက်လျှိုင်းများ

ဖြာထွက်လာကာ

မီးတောက်သမုဒ္ဒရာအဖြစ်

ပြောင်းလဲသွားသည်။

အဘိုးကြီးဂူမို၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူ၏ညာလက်သီးကို ဆုပ်ကာ အပေါ်ကို ဆောင့်ထိုးလိုက်သည်။

ဘုန်း....

လက်သီးချက်မှ

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအင်လှိုင်းလုံးကြီး ပြေး

ထွက်လာသည်။

ကောင်းကင်ယံအထက်မှ

မီးတောက်ပင်လယ်နှင့် ထိတွေ့သည်နှင့်

တပြိုင်နက် မီးတောက်ပင်လယ်ကြီးက

ချက်ချင်းဆိုသလို

ပေါက်ကွဲထွက်သွားခဲ့သည်။

ထို့နောက်တွင်

မီးလျှံများအဖြစ်ပြန့်ကျဲလျက်

ကောင်းကင်ယံအထက်မှ

ကျဆင်းလာတော့သည်။

အဘိုးကြီးဂူမို က

ကောင်းကင်ယံအထက်မှ

မီးလျှံဖီးနစ်ကြီးကို မော့ကြည့်ကာ “ဒါက

နတ်ဖီးနစ်မျိုးနွယ်က

သူ့ရဲ့ညွှေ့သည်တွေကို ဆက်ဆံပုံပဲလား”

ဟူ၍ မေးလိုက်လေသည်။

ကောင်းကင်ယံအထက်ရှိ ဖီးနစ်က

တုန်ခါသွားပြီး အဘိုးကြီးဂူမို ရှေ့၌

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

ပေါ်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယွဲ့ နှင့်

အခြားသူများကို

တစ်ချက်ကြည့်လိုက်ပြီး အဘိုးကြီးဂူမို

အား ကြည့်ရင်း “အကြီးအကဲဂူ၊

မဟုတ်ပါဘူး။ ငါတို့က ကြိုဆိုပါတယ်။

ဒီနှစ်ရဲ့ ထိပ်ဆုံး သုံးယောက်က

ဘယ်လောက်တောင် သန်မာလဲဆိုတာ

ကြည့်ချင်တာပါ"ဟူ၍
ပြန်ပြောလေသည်။

အဘိုးကြီးဂူမို က "သူတို့အားလုံးက
ငယ်ရွယ်သူတွေပဲ။ ဘာလို့ သူတို့ရဲ့
ခွန်အားကို ကြည့်ချင်ရတာလဲ။
ငါ့ခွန်အားကို မင်းဘာလို့ မကြည့်တာလဲ။
ငါလူအိုကြီးက နှစ်တွေအတော်ကြာတဲ့ထိ
ကောင်းကောင်းမကစားနိုင်ခဲ့ဘူး”ဟု
ပြောလိုက်သည်။

သိသာစွာပဲ၊ အဘိုးကြီးဂူမို က

ပေါ်တင်ရင်ဆိုင်လိုက်ခြင်းပါ။

အဘိုးကြီးဂူမို၏ စကားကို

ကြားလိုက်သောအခါ

သက်လတ်ပိုင်းအမျိုးသားက

မျက်နှာပျက်သွားသည်။

အကြောင်းကတော့ အဘိုးကြီးဂူမို က

သူ့ထက် များစွာ

သန်မာနေသောကြောင့်ပင်။

သူတို့နှစ်ယောက် က အဆင့်တူများ

မဟုတ်မှန်း

အရှုးတောင်မှသိနိုင်လေသည်။

ထိုအချိန်တွင် အဘိုးကြီးဂူမို က

ဆက်ပြောခဲ့သည် “ဒီမှာ အချိန်ဖြုန်းဖို့

မလိုအပ်ပါဘူး။ ငါတို့ကို

နတ်ဘုရားမီးတောက်နယ်မြေ

ဆီခေါ်သွားပါ"

သူ့စိတ်ထဲ၌

ဖြစ်ပျက်ခဲ့သည့်အခြေအနေကို

သဘောမကျသော်လည်း

မျိုးနွယ်တူချင်းဖြစ်နေလေရာ

ပြဿနာကြီးကြီးမားမားမဖြစ်လိုခဲ့ပေ။

ထို့ကြောင့် အဘိုးကြီးဂူမို က

စကားလမ်းကြောင်းပြောင်းပေးလိုက်ခြ

င်းပင်။

သက်လတ်ပိုင်းအမျိုးသား၏ မျက်နှာက
အနည်းငယ် ပြေလျော့သွားကာ
“ငါ့နောက်ကို လိုက်ခဲ့ပါ” ဟုဆိုသည်။

စကားပြောနေစဉ် သူက
မီးတန်းကြီးအဖြစ်ပြောင်းကာ
အဝေးဆီသို့ ပြေးထွက်သွားတော့သည်။

အဘိုးကြီးဂူမို က ယန်ယဲ့
နှင့်အခြားနှစ်ယောက်ကို ခေါ်ကာ

သက်လတ်ပိုင်းအမျိုးသား၏ နောက်မှ

လိုက်ပါသွားသည်။

ယန်ယဲ့ သည် ပျံသန်းနေရင်း

ပတ်ဝန်းကျင်ကို အဆက်မပြတ်

စစ်ဆေးနေခဲ့သည်။ သူ့အတွက်

ဖိုးနစ်ကမ္ဘာမှာ ဖမ်းဆီးခံထားရသည့်

နှင်းပွင့်လေး နှင့် ဇီအာကို

ရှာဖွေရန်ခက်ခဲသည်ဟု

ပြောစရာပင်မလိုပေ။

အကြောင်းကတော့

သူတို့နှစ်ယောက်အား ဖမ်းဆီးထားသည့်

နေရာကိုပင်မသိသောကြောင့်ပါ။ သူ့တွင်

နည်းလမ်းတစ်ခုသာရှိ၏။

နတ်ဘုရားဖီးနစ်ကလန်ကို

တိုက်ရိုက်မေးမြန်းမှသာ။ သို့သော်

တစ်စုံတစ်ယောက်က

ပြောပြနိုင်မည်လော။ မဖြစ်နိုင်ပေ၊

အကယ်၍ တစ်စုံတစ်ယောက်ကို

ဖမ်းဆီးလျှင်ပင်

နတ်ဘုရားဖီးနစ်ကလန်၏

အာဏာပိုင်များထဲမှ တစ်ယောက်ကို

ဖမ်းဆီးမှသာ

သူသိလိုသမျှသိနိုင်ပါလိမ့်မည်။

နှင်းပွင့်လေး၏ ပုံရိပ်က ထူးခြားလေရာ

နတ်ဘုရားဖီးနစ်ကလန် သည်

၎င်း၏မျိုးနွယ်ဝင်များ အားလုံးကို

အသိပေးထားမည်မဟုတ်ပါ။ ထို့ကြောင့်

အာဏာပိုင်များသာလျှင် နှင်းပွင့်လေး နှင့် ဇီအာ အကြောင်းကို သိထားနိုင်၏။

ထို့အပြင် သူ့အနေဖြင့် ဖီးနစ်မျိုးနွယ်၏ အာဏာပိုင်တစ်ဦး ကိုဖမ်းဆီးချင်ပါက ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူအား ဖမ်းဆီးဖို့လိုပါသည်။

လက်ရှိတွင် သူ၏ခွန်အားက နတ်ဘုရားအဆင့် မှာရှိနေသော်လည်း

ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူကို ဖမ်းချုပ်နိုင်စွမ်းရှိမရှိ
မသေချာပေ။

ယန်ယဲ့ သည် သူ့ရှေ့မှ အခြေအနေကို
ကိုင်တွယ်ဖြေရှင်းရန်
ထိရောက်သောနည်းလမ်းမရှိကြောင်း
သိလိုက်၏။ လက်ရှိတွင်
သူလုပ်နိုင်သမျှပ
တစ်ဆင့်ချင်းသွားရုံသာတတ်နိုင်သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

သူတို့အဖွဲ့က

နတ်ဘုရားမီးတောက်နယ်မြေ သို့

ရောက်လာခဲ့ကြ၏။

နတ်ဘုရားမီးတောက်နယ်မြေ သည်

မြေအောက်ကမ္ဘာတွင်

ဖန်တီးထားခြင်းပါ။

မြေအောက်ကမ္ဘာကို ဆင်းလာသည်နှင့်

ပတ်ဝန်းကျင်မှ

စွမ်းအင်သိပ်သည်းမှုကြောင့်

ယန်ယွဲ့သည်ပင် ထိတ်လန့်သွားခဲ့သည်။

မီးဒြပ်စွမ်းအင်၊ ဝိညာဉ်စွမ်းအင်

သို့မဟုတ် မြေဝိညာဉ်စွမ်းအင်ဖြစ်ပါစေ

လုံးဝကိုသန့်စင်လှသည်။ မူလစေတီ၏

ပထမအထပ်မှ

နတ်ဝိညာဉ်စွမ်းအင်ထက်တောင်

အဆပေါင်းများစွာ သန့်စင်နေပေသည်။

၎င်းက

ကျင့်ကြံခြင်းနတ်နယ်မြေဖြစ်သည့်မှာ

ပြောစရာပင်မလိုအောင်ပါ။

သက်လတ်ပိုင်းအမျိုးသားက

ယန်ယွဲ့တို့သုံးယောက်အုပ်စုကို

တစ်ချက်ကြည့်လိုက်ပြီး “သုံးလ။

သုံးလပြည့်တာနဲ့ အားလုံး
ထွက်သွားရမယ်။ ဒါ့အပြင်
ဒီမှာနေပြီးတော့ ကျင့်ကြံပါ။
တခြားဘယ်ကိုမှ မသွားပါနဲ့။ မဟုတ်ရင်
မင်းတို့အားလုံး
ပျောက်ကွယ်သွားနိုင်တယ်”

ဟုပြောပြီးသည်နှင့် တပြိုင်နက် နောက်
လှည့်ကာ နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

ထိုအချိန်တွင် ကူယွမ်က "အကြီးအကဲဂူ၊
ဒီလူက ငါတို့ကို
တော်တော်လေးသဘောမကျတဲ့ပုံပဲ"ဟု
ရုတ်တရက်ပြောခဲ့သည်။

"ဒါပေါ့။ ဒါဟာ သဘာဝကျပါတယ်"
အဘိုးကြီးဂူမို က
ခေါင်းညိတ်ရင်းဆက်ပြောသည် "
သူတို့အတွက်တောင် ဒီမှာကျင့်ကြံခွင့်ရဖို့

အတော်လေးခဲယဉ်းတယ်။ အခု
မင်းတို့က ဒီမှာ ကျင့်
ကြံခွင့်ရတယ်ဆိုတော့ ဒါဟာ
သေချာပေါက်
မနာလိုစရာဖြစ်သင့်ပါတယ်"

စကားပြောနေစဉ်တွင် သူက
လူငယ်သုံးယောက်ကို
တစ်ချက်ကြည့်လိုက်ပြီး
“နတ်ဆိုးဘုရားကို

မျက်နှာသာပေးနေလို့သာ မင်းတို့တွေ

ဒီမှာကျင့်ကြံခွင့်ရခဲ့တာပါ။

အားလုံးအတွက် ကြိုတောင့်ကြံခဲ့

အခွင့်အရေးတစ်ခုဖြစ်လို့ တန်ဖိုးထားပါ

။ဘာလို့လဲဆိုတော့ နောင်မှာ

မင်းတို့အနေနဲ့

ဒီကိုပြန်လာဖို့

နောက်ထပ်အခွင့်အရေးမရှိတော့ဘူး"ဟု

ပြောခဲ့သည်။

စကားပြောပြီးနောက် အဘိုးကြီးဂူမို က ထွက်သွားရန် ပြင်သည်။ သို့သော် သူသည် တစ်ခုခုကို တွေးမိပုံရပြီး “ဘယ်မှ မသွားဖို့ မမေ့နဲ့။ မင်းတို့အားလုံးက တော်တော်သန်မာပေမယ့် ဒုက္ခမဖြစ်အောင် ရှောင်တာ အကောင်းဆုံးဘဲ”ဟုထပ်ပြောပါသည်။

သုံးယောက်စလုံးက လက်ခံကြောင်း

ခေါင်းညိတ်သဘောတူကြသည်။

နတ်ဘုရားမီးတောက်နယ်မြေတွင်

ကျင့်ကြံခြင်းအခန်း

တစ်ဒါဇင်ကျော်ရှိခဲ့၏။

အဘိုးကြီးဂူမှ ထွက်သွားပြီးနောက်

ကူယွမ် က  "နောက် ၃

လကြာရင်ပြန်တွေ့မယ်"ဟုပြောလိုက်သ
ည်။

ထို့နောက် အခန်းတစ်ခုထဲကို ချက်ချင်း
ဝင်သွားခဲ့သည်။

ကူယွမ် ဝင်သွားသည်နှင့် ယန်လင်းရှုက
ယန်ယဲ့ကို စိုက်ကြည့်ရင်း "နင်
နတ်ဘုရားအဆင့်ကို

ရောက်ပြီလား"ဟုရုတ်တရက်မေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ယန်လင်းရှူ က "ဒါဆို အခု ဘယ်လောက်သန်မာနေပြီလဲ" ဟု ထပ်မေးပါသည်။

ယန်ယဲ့က ပြုံးလိုက်သည်
"ဘာလို့မေးတာလဲ"

သူမက “ငါက

သိချင်ရုံလောက်ပါပဲ"ဟုပြန်ဖြေသည်။

ယန်ယဲ့က တဟားဟားရယ်လိုက်ပြီး

“ငါဘယ်လောက်တောင်

သန်မာနေလဲမသိဘူး”ဟုသာ

ပြန်ပြောခဲ့သည်။

နတ်ဘုရားအဆင့်ကို
တက်လှမ်းပြီးနောက်
မတိုက်ခိုက်ရသေးလေရာ
သူ၏ခွန်အားကို မသိခဲ့ပေ။ သူက
လိမ်ညာနေခြင်းမဟုတ်ပါ။
အမှန်တိုင်းသာ ပြန်ပြောခဲ့သည်။

ယန်လင်းရှူက ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ကာ "နင်က

ဆိတ်မျိုးနွယ်စု မဟုတ်ဘူး"ဟု

ပြောခဲ့သည်။

ယန်ယဲ့က အနည်းငယ်

အံ့အားသင့်သွားခဲ့သည် "ဘာလို့

ဒီလိုပြောတာလဲ"သူက မေးလိုက်သည်။

ယန်လင်းရှူ က ပြန်မဖြေဘဲ

နှုတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က ပြုံးပြီး "ငါက

ဆိတ်မျိုးနွယ်ထဲက မဟုတ်ရင် ငါက

ဘာဖြစ်မလဲ။ မင်း...”

"နင်က လူသားမျိုးနွယ်နဲ့

ခပ်ဆင်ဆင်တူတယ်" ယန်လင်းရှု က

ရုတ်တရက်ပြန်ပြောသည်။

ယန်ယဲ့ သည် မျက်ခွံများ

တဆတ်ဆတ်လှုပ်ယမ်းသွားမိသည်

"သူမ..."

တစ်ချိန်တည်းမှာပဲ ယန်လင်းရှူက

ဆက်ပြောလေသည် “ငါက

လူသားနယ်မြေကို ရောက်ဖူးလို့

လူသားတွေ အများကြီးကို တွေ့ဖူးတယ်။

နင်ဟာ လူသားတစ်ယောက်လို့

ခံစားရတယ်" ဟူ၍ ပြောပြီး

ချက်ချင်းလှည့်ကာ အခန်းတစ်ခုထဲကို
ဝင်ရောက်သွားတော့သည်။

ယန်ယဲ့ သည်သာ နေရာတွင် အကြာကြီး
တိတ်တဆိတ် မတ်တပ်ရပ်နေခဲ့သည်။
ထို့နောက် ခေါင်းယမ်းကာ
ရယ်မောလိုက်ရင်း
ကျင့်ကြံခြင်းအခန်းတစ်ခုထဲသို့
ဝင်သွားခဲ့သည်။

ယန်လင်းရှူက တစ်ခုခုကို အသေအချာ

သတိပြုမိသွားကြောင်း သိလိုက်သည်။

သို့သော် သူမက

အထောက်အထားမရှိသောကြောင့်

အရေးမကြီးပါ။

ကျင့်ကြံခြင်းအခန်း ။

ယန်ယဲ့ သည် မြေပြင်ပေါ်တွင်

တင်ပျဉ်ခွေထိုင်ကာ ကျင့်ကြံရန်

ပြင်လိုက်၏။ သို့သော်
ကောင်းကင်မီးတောက်ငယ်က
သူ့ခန္ဓာကိုယ်ထဲမှ ရုတ်တရက်
ထွက်ပေါ်လာသည်။ သူမလေးက
ဘေးပတ်ဝန်းကျင်ကို
မော့ကြည့်နေလေသည်။ ခဏအကြာတွင်
မျက်လုံးသေးသေးလေးများက
တောက်ပလာပြီး အခန်းထဲကနေ
အပြင်ကို ထွက်သွားဖို့ ပြင်လေသည်။

ယန်ယဲ့က သူမလေးကို
ရင်ခွင်ထဲအမြန်ပွေ့ဖက်ထားလိုက်ပြီး
"မင်းဘာလုပ်နေတာလဲ"ဟုပါ
မေးလိုက်သည်။

သူ၏လက်သေးသေးလေးက
တံခါးဝဆီသို့ ညွှန်ပြလေသည်။
မျက်လုံးသေးသေးလေးများကလည်း
လောဘကြီးသော
အမူအရာအပြည့်နှင့်ပါ။

မီးဒြပ်စင်စွမ်းအင်တွေလား...

ယန်ယဲ့က နားလည်လာသည်။

ဤနေရာမှ မီးဒြပ်စင်စွမ်းအင်များက
အလွန်တရာ သန့်စင်ခဲ့သည်။
ကောင်းကင်မီးတောက်ငယ်လေးက
မီးဒြပ်စင်ဝိညာဉ်ဘုရင် ဖြစ်၏။
ထို့ကြောင့် ဤနေရာမှ

မီးဒြပ်စင်စွမ်းအင်ဟာ သူမအတွက်
အကျိုးရှိမည်မှာ သေချာပါသည်။

ယန်ယဲ့က ခဏကြာ နှုတ်ဆိတ်နေပြီးမှ
"မင်း စုပ်လို့ရပေမယ့် သတိထားမှရမယ်။
ဂရုတစိုက်လုပ်ပါ။ အဆင်ပြေလား။
ဘယ်သူ့ကိုမှ
သတိထားမိသွားအောင်မလုပ်နဲ့။
နားလည်လား"ဟု ထပ်ပြောလိုက်သည်။

ကောင်းကင်မီးတောက်ငယ်က

အနည်းငယ်မျက်တောင်ခတ်ရင်း

သူမ၏ခေါင်းသေးသေးလေးကို

ညိတ်ပြလေသည်။

ယန်ယဲ့က ပြုံးလိုက်ပြီး

သူမ၏ပါးလေးကို ခပ်ဖွဖွ

ဆွဲညှစ်လိုက်သည်။

May Be:

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၈၇ - နတ်ဘုရားဖီးနစ်ကလန်

နှင့်တိုက်ပွဲအစ

ထို့နောက်တွင် ယန်ယဲ့ သည်

အရှူးတစ်ယောက်လို

ကျင့်ကြံလိုက်သည်။

ဤနေရာသည် အမှန်ပင်

ကျင့်ကြံခြင်းနတ်နယ်မြေကြီးတစ်ခုဖြစ်

လေရာ အချိန်မဖြုန်းလိုခဲ့ပေ။

ကောင်းကင်မီးတောက်ငယ် ကတော့

ဤနေရာတွင် သန့်စင်သော

မီးဒြပ်စင်စွမ်းအင်များကို အဆက်မပြတ်

စုပ်ယူနေပါသည်။ဤနေရာက

သူမအတွက် လုံးဝကို

ပျော်စရာကောင်းနေပုံပါ။

သို့သော်လည်း ယန်ယဲ့ သည် သူမအား

အချိန်အကြာကြီး စုပ်ယူနေခွင့်

မပြုခဲ့ပေ။ အကြောင်းကတော့

မီးတောက်ကလေးမလေးကိုသာ

ဆက်ပြီးစုပ်ယူခွင့်ပေးလိုက်ပါက

နှစ်ယောက်စလုံး

အကြီးအကျယ်ဒုက္ခရောက်နိုင်ပါသည်။

၁၀ ရက်ကြာ ကျင့်ကြံပြီးနောက်တွင်

ယန်ယဲ့ သည် အခန်းထဲမှ

ထွက်လာခဲ့သည်။

သူ့အနေဖြင့် နတ်ဘုရားဖိုးနစ်ကလန် သို့

ရောက်လာရသည့်

အကြောင်းအရင်းအား မမေ့ခဲ့ပါ။

သို့သော် သူက ဇီအာ နှင့်

နှင်းပွင့်လေးတို့ရှိနေသည့်နေရာကို

မသိသောကြောင့် ရှာဖွေရန်

နည်းလမ်းနှစ်ခုသာ ရှိခဲ့သည်။

ပထမတစ်ခုက မိုရှောင်းလန်

ကိုရှာဖွေပြီးမေးမြန်းဖို့ပင်။ ဒုတိယအနေနဲ့

နတ်ဘုရားဖီးနစ်ကလန်၏

အဆင့်မြင့်အာဏာပိုင်တစ်ဦးကို

ဖမ်းဆီးဖို့ပါ။ သို့သော်

နည်းလမ်းနှစ်ခုလုံးက အောင်မြင်ဖို့

မလွယ်ကူလှပေ။

ယန်ယဲ့ သည် အခန်းထဲမှ

ထွက်လာသည်နှင့်

ကောင်းကင်မီးတောက်ငယ်က

ရုတ်တရက် ပေါ်လာပြီး

မြေအောက်ကိုညွှန်ပြလေသည်။

သေချာသည်ကတော့ သူမက

အောက်သို့ဆင်းသွားခိုင်းနေပါသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “မင်း အခု

စုပ်ယူလို့မရဘူး။ ငါ့မှာ

တခြားလုပ်စရာတွေ ရှိတယ်။ နောင်မှာ
ဒီနေရာက စွမ်းအင်ပိုစုပ်ယူလိုက်။
ဟုတ်ပြီလား"

သူမ ခေါင်းယမ်းလိုက်ပြီး လက်ကို
စတင်ဝှေ့ယမ်းလိုက်သည်။

သိပ်မကြာပေ၊ ယန်ယွဲ့က
မျက်မှောင်ကြုတ်သွားသည်။
ကောင်းကင်မီးတောက်ငယ်က

ပြောနေခြင်းမဟုတ်ဘဲ

နတ်ယင်မီးတောက်က

ပြောလာသောကြောင့်ပါ။

"နတ်ယင်မီးတော်က ငါ့ကို မြေအောက်ထဲ

ထပ်ပြီးဆင်းသွားစေချင်တာလား"

ယန်ယဲ့က တွေးလိုက်သည်။ သူက

ခဏကြာ နှုတ်ဆိတ်နေပြီးမှ “ဘာလို့လဲ”

ဟု မေးလိုက်ပါသည်။

ကောင်းကင်မီးတောက်ငယ်က

မူလစေတီထဲကို ပြန်ဝင်သွား၏။

အချိန်တော်တော်ကြာမှ နောက်တစ်ကြိမ်

ပြန်ထွက်လာခဲ့သည်။ ထို့နောက် သူမက

မြေအောက်သို့ ညွှန်ပြပြန်သည်။

ထို့အပြင် သူမသည်

မည်သည့်ရှင်းပြချက်မှ မပေးခဲ့ပေ။

နတ်ယင်မီးတောက်က သူ့အား

အဖြေမပေးဘဲ ထိုနေရာသို့

ဆင်းသွားစေချင်သော ကြောင့် ယန်ယဲ့

လည်း ပါးစပ်ထောင့်များသည်

အနည်းငယ် လှုပ်ယမ်းသွားသည်။

ခဏတာ တုံ့ဆိုင်းသွားပြီးနောက် သူက

ခေါင်းညိတ်လိုက်သည်။

အကြောင်းအရင်းကို မသိသော်လည်း

နတ်ယင်မီးတောက် က သူ့အား

ထိခိုက်စေလိုခြင်းမရှိမှန်းသိသာပါသည်။

ထို့အပြင် သူကိုယ်တိုင်ပါ

အတော်လေးသိချင်နေမိသည်။

နောက်ဆုံးတွင် မြေအောက်နေရာက

နတ်ယဥ်မီးတောက်၏ အာရုံကိုပင်

ဖမ်းစားနိုင်သည်မဟုတ်ပါလား။

ထိုအရာက သေချာပေါက်

ထူးခြားနေပေသည်။

ယန်ယဲ့က နတ်ယင်မီးတောက်၏

အဆင့်ကို

မသိသော်လည်း

သူ၏အာရုံကိုဖမ်းစားနိုင်သော အရာက

သာမန်မဟုတ်သည်မှာ သေချာပါသည်။

ယန်ယဲ့ သည် မြေအောက်ထဲကို

ထပ်ဆင်းလာခဲ့သည်။ သိပ်မကြာခင်မှာပဲ

သူက ချော်ရည်ကမ္ဘာကြီးကို

တွေ့လိုက်ရသည်။ ထို့နောက် အထဲကို

ချက်ချင်းဝင်သွားသည်။

ချော်ရည်ကမ္ဘာထဲ ဝင်လိုက်သည်နှင့်
ပြင်းထန်သော အပူချိန်ကို
ခံစားလိုက်ရလေသည်။
ကံကောင်းစွာနှင့်ပဲ သူ၏ခန္ဓာကိုယ်က
အပူဒဏ်ကို ခံနိုင်ရည်ရှိခဲ့သည်။

နောက် ၂ ရီခန့်အကြာတွင် ယန်ယဲ့ သည်
ရုတ်တရက် ရပ်သွားခဲ့သည်။
အကြောင်းကတော့ ပတ်ဝန်းကျင်ရှိ
အပူချိန်က

သူ၏ခန္ဓာကိုယ်ကန့်သတ်ချက်သို့တိုင်
ရောက်နေခဲ့လို့ပါ။ သူ့ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သော်လည်း
ပတ်ပတ်လည်က
ချော်ရည်ပင်လယ်ကြီးသာ
မြင်လိုက်ရသည်။

ယန်ယဲ့ သည် နေရာတွင် ခဏမျှ
ငြိမ်သက်နေခဲ့သည်။ ထို့နောက်
ဓားစိတ်ဆန္ဒကို ထုတ်ဖော်ပြီး

သူ့ကိုယ်သူကာကွယ်ရင်း
ရှေ့ဆက်တိုးသွားလေသည်။

နောက်ထပ် ၂ နာရီခန့်ကြာပြီးနောက်တွင်
ယန်ယဲ့ သည် နောက်တစ်ကြိမ်
ရပ်တန့်သွားသည်။ အကြောင်းမှာ
သူ၏ဓားစိတ်ဆန္ဒ သည်ပင် အပူချိန်ကို
တောင့်မခံနိုင်တော့သောကြောင့်ပါ။

ထိုအချိန်တွင်

ကောင်းကင်မီးတောက်ငယ်က

သူ့ခန္ဓာကိုယ်ထဲမှ ထွက်လာပြီးနောက်

သူ့တစ်ကိုယ်လုံး မီးတောက်များ

ဖုံးလွှမ်းသွားသည်။ ထိုအခါ

ယန်ယွဲ့၏မျက်လုံးများက

ပြူးကျယ်သွား၏။ သူ့ပတ်ဝန်းကျင်ရှိ

ချော်ရည်များက ရွေ့လျားသွားသည်ကို

သတိထားမိသောကြောင့်ပါ။

ချော်ရည်များက သူ့ကိုယ်ပေါ်မှ
ကောင်းကင်မီးတောက်များအား
ကြောက်ရွံ့နေပုံရသည်။

ယန်ယဲ့ သည်
ကောင်းကင်မီးတောက်ငယ်ကို
စိုက်ကြည့်နေသည်။ သူမလေးက
သတိထားမိသောအခါ
ချစ်စဖွယ်ပြုံးပြလေသည်။

ယန်ယဲ့ က ကြွင်နာမှုအပြည့်နှင့်  ပြုံးပြီး

ခေါင်းသေးသေးလေးကို

ပွတ်သပ်လိုက်သည်။

မီးတောက်ကလေးမလေးက

သူထင်ထားသည်ထက် အများကြီး

ပိုသန်မာနေကြောင်း သတိထားမိလို့ပါ။

သို့သော် နတ်ယင်မီးတောက်၏

စွမ်းအားများဆက်ခံထားလေရာ

အခိပ္ပါယ်ရှိပါသည်။

ယန်ယွဲ့ သည် မြေအောက်ကို

ဆက်ပြီးဆင်းလာခဲ့လိုက်သည်။ နောက် ၄

နာရီခန့်အကြာမှာတော့ ယန်ယွဲ့သည်

ဆက်မသွားတော့ဘဲရပ်လိုက်၏။

သူ့ရှေ့ မလှမ်းမကမ်း၌

ဖြူဖြူဖွေးဖွေးမီးတောက်လုံးလေးများ

မြောက်များစွာကို

မြင်တွေ့လိုက်ရသောကြောင့်ပါ။

အရွယ်အစားက

လက်မအရွယ်လောက်ရှိ၏။ သို့သော်
များပြားလှသည်။ အားလုံးပေါင်း ၁၀၀
ကျော်လေသည်။

ထိုမီးလုံးလေးများကို မြင်လိုက်သည်နှင့်
ကောင်းကင်မီးတောက်ငယ်၏
မျက်လုံးသေးသေးလေးထဲ၌
အရောင်တောက်ပလာသည်။ ထို့နောက်
ရှေ့သို့ ချက်ချင်းပြေးသွားကာ

တစ်လုံးကို ဖမ်းယူပြီး ပါးစပ်ထဲကို ပစ်သွင်းလိုက်လေသည်။

သို့သော် အခြားသော မီးလုံးများက မတိုက်ခိုက်ခဲ့ပေ။ ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့် အတော်လေး ပဟေဠိဖြစ်သွားလေသည်။

ခဏအကြာမှာတော့ နတ်ယင်မီးတောက်က သူ့မား

ဤနေရာသို့ ဆင်းသက်စေလိုသည့်

အကြောင်းရင်းကို နားလည်လိုက်သည်။

နတ်ယဉ်မီးတောက်က

ကောင်းကင်မီးတောက်ငယ်ကို

သွားစေလိုခြင်းပါ။

ထိုအချိန်တွင် ကောင်းကင်ငယ်က

ယန်ယွဲ့၏ရှေ့မှ ရုတ်တရက်

ပေါ်လာသည်။

ယန်ယဲ့က အံ့အားသင့်သွားပြီး
"မင်းဒီမှာဘာထွက်လုပ်တာလဲ"
ဟူ၍မေးလိုက်သည်။

ကောင်းကင်ငယ်က စကားမပြောဘဲ
ကောင်းကင်မီးတောက်ငယ်ကို
လက်ယမ်းပြလိုက်သည်။
ကောင်းကင်မီးတောက်ငယ်က နောက်မှ
မီးလုံးလေးများကို တွန့်ဆုတ်စွာ

ကြည့်နေပြီးနောက်မှ ကောင်းကင်ငယ်

ဆီသို့ ပျံသန်းလာခဲ့သည်။

ကောင်းကင်ငယ်က သူမ၏လက်ကို

ဆန့်ထုတ်ကာ

မီးတောက်ကလေးမလေး၏ ခေါင်းကို

ပွတ်သပ်လိုက်ပြီး "ဒါတွေကို မစားပါနဲ့

ဟုတ်ပြီလား" ဟုပြောလိုက်လေသည်။

ကောင်းကင်မီးတောက်ငယ်လေး၏
မျက်လုံးထဲမှ
နားမလည်သောအမူအရာများ
ပေါ်လာသည်။ ထို့နောက် သူမ၏
လက်ညှိုးကို ကိုက်လိုက်သည်။

"ဘာဖြစ်လို့လဲ" ဘေးနားတွင်
ရပ်နေသည့် ယန်ယဲ့ က
ရုတ်တရက်မေးလိုက်၏။

ကောင်းကင်ငယ်၏ မျက်လုံးထဲမှ

ဒေါသအရိပ်အယောင်များ ပေါ်လာပြီး

"သူတို့က မွေးကင်းစ

မီးတောက်တွေပဲ"ဟုပြန်ပြောလေသည်။

ယန်ယဲ့က အံ့သြသွားပြီး

"မင်းဘာကိုဆိုလိုတာလဲ"

ကောင်းကင်ငယ်က

“မီးတောက်လေးတွေက

မီးဒြပ်စင်ဝိညာဉ်ဘုရင် အဖြစ်ကို

ဆင့်ကဲပြောင်းလဲနိုင်တဲ့

မွေးကင်းစမီးတောက်လေးတွေ။

သူတို့လေးတွေက အနာဂတ်မှာ

မီးဒြပ်စင်ဝိညာဉ်ဘုရင်တွေ

ဖြစ်လာနိုင်တယ်”ဟု ထပ်ပြောပါသည်။

ယန်ယဲ့က အံ့သြသွားမိသည်။

နောက်ဆုံးတွင် မီးလုံးငယ်လေး

အရေအတွက်က ၁၀၀ ကျော်ပင်ရှိနေ၏။

ထိုသို့ဆိုလျှင် မီးဒြပ်စင်ဝိညာဉ်ဘုရင် ၁၀၀ ကျော်ဟူ၍ ဆိုလိုပါသည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က ရုတ်တရက် အေးစက်စွာပြောလာသည် "ဘာလို့ သူတို့က ပြန်မတိုက်ခိုက်တာလဲ သိလား။ ဘာလို့လဲဆိုတော့ သူတို့ကို ချုပ်နှောင်ထားလို့ပဲ။ ငါထင်တာမမှားရင် နတ်ဘုရားဖိုးနစ်ကလန် က သန့်စင်တဲ့မီးဒြပ်စင်စွမ်းအင်တွေ

ထုတ်ပေးအောင် သူတို့ကို ဒီမှာ
ချုပ်နှောင်ထားတာပဲဖြစ်ရမယ်။ သူတို့က
အတိုင်းအတာတစ်ခုထိ ကြီးထွားလာရင်
နတ်ဘုရားဖီးနစ်ကလန် ရဲ့
ဝါးမျိုတာကိုခံရလိမ့်မယ်။
ဘယ်လိုတောင် သတ္တိရှိကြသလဲ”

ကောင်းကင်ငယ်က
ဒေါသထွက်သွားသော ကြောင့် ယန်ယဲ့၏
မျက်ခွံများ လှုပ်ယမ်းသွားသည် ။

ကောင်းကင်ငယ်၏ သာမန်ပုံစက

ချစ်စရာအပြည့်ပါ။ သို့ရာတွင်

ဒေါ်သထွက်လာသောအခါ

အလွန်ကြောက်စရာကောင်းလှသည်။

ထိုနေ့တွင် သူမ

ဒေါ်သထွက်လာသောအခါ

ကောင်းကင်ဘုံတာအိုမျက်လုံး ၁၀၀

ကျော်ကို ချက်ချင်းဆင့်ခေါ်လိုက်၏။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည်

နတ်ဘုရားဖီးနစ်ကလန်၏

လုပ်ရပ်ကြောင့်

ပိုလို့တောင်တုန်လှုပ်သွားမိသည်။

မီးတောက်ငယ်များ၊ တစ်နည်းအားဖြင့်

မီးဒြပ်စင်ဝိညာဉ်ဘုရင် ၁၀၀ ကျော်ကို

ချုပ်နှောင်ထား၏။ အမှန်တိုင်းဆိုရလျှင်

အထက်ကမ္ဘာ၌

အလွန်ကြောက်စရာကောင်းလှသည့်

အင်အားစုတစ်ခုပါ

သီးသန့်ရှိနေခဲ့လေသည်။

ဝိညာဉ်နန်းတော်.... ။

အကယ်၍ ဝိညာဉ်နန်းတော် သာ

နတ်ဘုရားဖီးနစ်ကလန်၏

လုပ်ရပ်များကို သိရှိပါက သေချာပေါက်

ငြိမ်ခံမည်မဟုတ်ပေ။

ယန်ယဲ့ သည်

နှင်းပွင့်လေး၏အကြောင်းကို

ဝိညာဉ်နန်းတော်အား

အသိပေးရန်ပင်စဉ်းစားမိလိုက်သည်။

သို့သော် ခဏအကြာမှာပဲ ထိုအတွေးကို

ငြင်းပယ်လိုက်၏။အကြောင်းမှာ

ဝိညာဉ်နန်းတော်က သူ့အား

လုံးဝမယုံနိုင်သောကြောင့်ပါ။

အတိုချုပ်ဆိုရလျှင် သူ့ကိုယ်သူသာ အားကိုးနိုင်ပါသည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က ကောင်းကင်မီးတောက်ငယ်၏ ခေါင်းကို ပွတ်ကာ "ဝိညာဉ်ဘုရင်တွေဟာ ဒီကမ္ဘာကနေမွေးဖွားလာတာပါ။ ဒီတော့ သူတို့က နင်နဲ့အတူတူပဲ။ ဒါဆို တစ်ယောက်နဲ့တစ်ယောက် မသတ်ကြပါနဲ့လား"ဟုပြောလေသည်။

ကောင်းကင်မီးတောက်ငယ်က

အတော်လေး တွန့်ဆုတ်နေသော်လည်း

အဆုံးတွင် ခေါင်းညိတ်လိုက်သည်။

အမှန်တော့ သူမလေးက

ကောင်းကင်ငယ်၏ဆိုလိုရင်းကို

နားမလည်ခဲ့ပါ။ ကောင်းကင်ငယ်

တားဆီးလိုက်သည့်

အကြောင်းအရင်းကိုနားမလည်ဟုပြောပါ

က ပိုမှန်ပါသည်။ သို့သော်

ကောင်းကင်ငယ်က

မလုပ်စေချင်သောကြောင့်

နာခံမှုရှိရှိနှင့်ခေါင်းညိတ်လိုက်သည်။

ကောင်းကငယ်က မီးလုံးလေးများကို

မော့ကြည့်ရင်း "ငါ အဲဒါတွေကို

ကောင်းကင်ငယ်တိုက်ကြီး ထဲကို

ခေါ်သွားချင်တယ်" ဟုပြောလိုက်သည်။

ယန်ယဲ့က အနည်းငယ်
အံ့အားသင့်သွားသည်။ "မင်း သူတို့ကို
ကယ်ချင်လား"ဟုမေးလိုက်၏။

ကောင်းကင်ငယ်က ခေါင်းညိတ်ပြီး
“တိုက်ကြီးက အရမ်းထူးခြားတယ်။
သန့်စင်တဲ့ မီးဒြပ်စင်စွမ်းအင်
မရှိပေမယ်လို့
ဒီနေရာထက်ပိုကောင်းတဲ့စွမ်းအင်တွေရှိ
တယ်။ ဒါကြောင့်

သူတို့အဲဒီကိုဝင်လိုက်တာနဲ့

မီးဒြပ်စင်ဘုရင်တွေ

မြန်မြန်ဖြစ်လာနိုင်တယ်"ဟူ၍

ပြန်ဖြေသည်။

ထိုစကားကိုကြားသောအခါ ယန်ယွဲ့ဟာ

မျက်လုံးထဲ အရောင်တောက်လာသည်။

နောက်ဆုံးတွင် ထိုအရာက
မီးဒြပ်စင်ဝိညာဉ်ဘုရင် ၁၀၀
ကျော်ရှိသည်ကိုဆိုလိုပါသည်။

ယန်ယဲ့က တွန့်ဆုတ်မနေဘဲ
ခေါင်းညိတ်ပြလိုက်သည်။ "ကောင်းပြီ၊
သူတို့ကို အဲဒီအထဲကို ခေါ်သွားပါ"
ထို့နောက် သူက
တစ်ခုခုကိုတွေးမိသည့်အလား "ကဲ
ငါတို့က နည်းနည်းလောက်ပဲယူရအောင်။

လက်ရှိမှာ ငါတို့က

နတ်ဘုရားဖီးနစ်ကလန်

ရဲ့ပိုင်နက်ထဲမှာရှိနေတယ်။ ဒီတော့

အကုန်လုံးကယ်လိုက်ရင်

နတ်ဘုရားဖီးနစ်ကလန်ရဲ့

အဆင့်မြင့်အာဏာပိုင်တွေ

သတိပြုမိသွားနိုင်တယ်"

ဟုပြောလိုက်သည်။

သူကိုယ်တိုင် ဓားနယ်မြေဖြင့်

ဖုံးကွယ်ထားသောကြောင့်သာ

ဤနေရာအထိရောက်လာနိုင်ခဲ့သည်။

ထို့ကြောင့် ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူဟာ ရည်ရွယ်ချက်ရှိရှိ

အာရုံစိုက်ပြီးရှာဖွေခြင်းမပြုပါက သူ့အား

သတိပြုမိနိုင်မည်မဟုတ်ပေ။ သို့သော်

ကောင်းကင်ငယ်သာ

ထိုမီးလုံးများအားလုံးကို

ယူဆောင်သွားခဲ့လျှင်

နတ်ဘုရားဖီးနစ်ကလန်၏

အဆင့်မြင့်အာဏာပိုင်များ

သတိထားမိသွားပေမည်။

"စိတ်မပူပါနဲ့" ကောင်းကင်ငယ်က

ခေါင်းခါလိုက်ပြီး "ဘာမှ

သတိမထားမိနိုင်ဘူး"

စကားပြောနေစဉ်တွင် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။ ထိုအခါ

ယန်ယဲ့က ပတ်ဝန်းကျင်တွင် တစ်စုံတစ်ခု
ပြောင်းလဲသွားပုံပေါ်ကြောင်း
သတိပြုမိလိုက်သည်။သို့သော်
မည်သည့်အရာမှ မမြင်လိုက်ပါ။

ထိုအချိန်တွင် ကောင်းကင်ငယ်က
သူမ၏လက်ကို ဆွဲယမ်းလိုက်သည်။
ခဏအကြာမှာပဲ
မီးတောက်လုံးလေးများက
ယန်ယဲ့၏ခန္ဓာကိုယ်ထဲကို

အဆက်မပြတ်ဝင်ရောက်လာပါတော့သည်။ ၁၀ မိနစ်ခန့်ကြာပြီးနောက်တော့ မီးတောက်လုံးလေးများ အားလုံး အကုန်ဝင်သွားကြတော့သည်။

ကောင်းကင်ငယ်က မူလစေတီ ထဲကို ပြန်ဝင်ဖို့ပြင်လေသည်။ ယန်ယဲ့က သူမကို ချက်ချင်းတားလိုက်၏။

ထို့နောက် လေးနက်သောလေသံဖြင့်

ပြောလိုက်သည် " ကောင်းကင်ငယ်၊

လူနှစ်ယောက်ကို ရှာပေးပါဦး။

မဟုတ်ဘူး၊ သူတို့ထဲက တစ်ယောက်က

နတ်မိစ္ဆာ။ နောက်တစ်ယောက်က

ဝိညာဉ်အင်ပါယာ ပါ"

သူ့အတွက်ကား ဇီအာ နှင့် နှင်းပွင့်လေးကို

ရှာတွေ့ဖို့ အတော်လေးခဲယဉ်းပေသည်။

ထို့ကြောင့် ယန်ယဲ့က ကောင်းကင်ငယ်ကို အကူအညီတောင်းဖို့သာ ရွေးချယ်လိုက်ရသည်။

"ဝိညာဉ်အင်ပါယာ လား"

ကောင်းကင်ငယ်၏ မျက်လုံးများက ပြူးကျယ်သွားသည် "နင်က ဝိညာဉ်အင်ပါယာ ကို သိနေတာလား"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး “သူတို့ကို ဖီးနစ်မျိုးနွယ်က ဖမ်းသွားခဲ့တာ။ အခု သူတို့ဘယ်မှာရှိလဲမသိဘူး၊ ဒါကြောင့် သူတို့ကိုရှာပေးပါဦး”ဟုပြောခဲ့သည်။

"ဝိညာဉ်အင်ပါယာ... "

ကောင်းကင်ငယ်က အနည်းငယ် ခေါင်းညိတ်ပြီး "ဖီးနစ်ကမ္ဘာမှာ ရှိနေရင် ငါသေချာပေါက် ရှာတွေ့နိုင်မှာပါ"ဟုပြန်ပြောသည်။

ယန်ယဲ့က အံ့သြသွားပြီး

"ဘာလို့လဲ"ဟုမေးလိုက်သည်။

ကောင်းကင်ငယ်က ရယ်မောလိုက်ပြီး

“ပထမအချက်က သူမရဲ့

အထောက်အထားက ထူးခြားပါတယ်။

ဒုတိယအချက်....၊ ငါနင့်ကို မပြောပါဘူး။

ဟီးဟီး...”

ထို့နောက် သူမ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်
ဘာဆက်ပြောရမှန်းမသိပေ။

အချိန်အတော်ကြာမှ ကောင်းကင်ငယ်က
မျက်လုံးကို ဖြည်းညှင်းစွာဖွင့်လာရင်း
မျက်မှောင်ကြုတ်လိုက်သည်။ သူမက

"နင်ပြောခဲ့တဲ့ ဝိညာဉ်အင်ပါယာ ကို

ငါတွေ့ခဲ့တယ်"

"ဘယ်မှာလဲ" ယန်ယဲ့က အလျင်စလို

မေးလိုက်၏။

ကောင်းကင်ငယ်က အောက်ကို ညွှန်ပြပြီး

“အောက်ထပ်မှာ”

"သွားကြရအောင်" ယန်ယဲ့က

ချက်ချင်းဆင်းသွားရန်ပြင်လိုက်သည်။

သို့သော် ကောင်းကင်ငယ်က

သူ့လက်ကိုဖမ်းဆွဲလိုက်ပြီး

"နင်မြင်တဲ့အတိုင်း

စိတ်မဆိုးပါနဲ့လို့ကြိုပြောပါရစေ"ဟူ၍

ပြောခဲ့သည်။

ယန်ယဲ့က

အနည်းငယ်ရင်ထိတ်သွားသည်။

ထို့နောက် ကောင်းကင်ငယ်ကို
လှည့်ကြည့်လိုက်ပြီး "မင်းဘာပြောဖို့
ကြိုးစားနေတာလဲ"ဟု
အေးစက်စက်လေသံဖြင့် မေးလိုက်၏။

ကောင်းကင်ငယ်က
ပြန်ပြောရန်ပြင်လိုက်စဉ် ယန်ယဲ့က
မြေအောက်ထဲကိုတိုးဝင်သွားတော့သည်။

ကောင်းကင်ငယ်က သက်ပြင်းကို

တိုးတိုးလေးချလိုက်တော့သည် "ဟူး....၊

နတ်ဘုရားဖီးနစ်ကလန်၊ နင်တို့က

ကပ်ဘေးကိုဖိတ်ခေါ်လိုက်တာပဲ"

ထို့နောက် ယန်ယွဲ့၏နောက်ကို

အမြန်လိုက်သွားခဲ့သည်။

၁၅ မိနစ်အကြာတွင် ယန်ယွဲ့က

ရပ်သွားလေသည်။

အချိန်အတော်ကြာပြီးနောက် သူက

နှင်းပွင့်လေးကို ပြန်တွေ့လိုက်ပါသည်။

နှင်းပွင့်လေးက သူနှင့် သိပ်မဝေးသော

နေရာမှ

ရွှေရောင်လှောင်အိမ်ငယ်တစ်ခုထဲမှာ

ရှိနေ၏။

သို့သော် သူမလေးက

တိတ်တိတ်ဆိတ်ဆိတ်

လဲလျောင်းနေပါသည်။
မျက်လုံးသေးသေးလေးများက
မှိတ်ထားကာ အိပ်စက်နေပုံရသည်။

ပတ်ဝန်းကျင်ရှိ ဝိညာဉ်စွမ်းအင်သည်
အလွန်သိပ်သည်းခဲ့သည်။ ၎င်းသည်
ယခင်က ယန်ယဲ့ ကျင့်ကြံခဲ့သော
အခန်းထက်ပင် အနည်းဆုံး ဆယ်ဆ
ပိုထူပါသည်။အကြောင်းကတော့
နှင်းပွင့်လေး ထံမှာ များပြားလှသော

ဝိညာဉ်စွမ်းအင်များ အဆက်မပြတ်

စိမ့်ထွက်နေသောကြောင့်ပါ။

နှင်းပွင့်လေးကို မြင်သောအခါ

ကောင်းကင်ငယ်က

မျက်မှောင်ကြုတ်ကာ “ဝိညာဉ်အင်ပါယာ

ကို အကျဉ်းချပြီး သူ့ခန္ဓာကိုယ်က

ဂိညာဉ်စွမ်းအင်တွေ

အဆက်မပြတ်ထုတ်ပေးအောင်

လုပ်ထားတယ်။ ဒါက ရှေးဥဥတဲ့ ငန်းကို

သတ်တာနဲ့ မတူဘူးပဲ”ဟူ၍

ပြောလေသည်။

ယန်ယဲ့က ကောင်းကင်ငယ်ကို

ဂရုမစိုက်ဘဲ နှင်းပွင့်လေး ဆီကိုသာ

လျှောက်သွားလိုက်သည်။

အနားရောက်သည့်အခါ နှင်းပွင့်လေး၏

အခြေအနေကို ငေးကြည့်ရင်း

သူ့လက်များ တုန်ရီလာသည် “နှင်း....

နှင်းပွင့်လေး...”

သို့သော် တုံ့ပြန်မှု မရှိခဲ့ပါ။

ယန်ယဲ့က ကောင်းကင်ငယ်ကို

လှည့်ကြည့်လိုက်သည်။

ကောင်းကင်ငယ်က ခဏကြာ

နှုတ်ဆိတ်နေပြီးမှ "သူမ

ပြန်မထနိုင်တော့ဘူး"ဟုပြောလေသည်။

ယန်ယဲ့၏မျက်လုံးများက

ကျဉ်းမြောင်းသွားကာ "ဘာလို့လဲ"

အေးစက်စက် လေသံဖြင့်

မေးလိုက်သည်။

ကောင်းကင်ငယ်က

လေးနက်စွာပြောခဲ့သည်

"ဘာလို့လဲဆိုတော့ သူမရဲ့အသိစိတ်ကို

ထုတ်ယူထားပြီ။ လူသားတစ်ယောက်ရဲ့

ဝိညာဉ်ကို ထုတ်ယူလိုက်သလိုပါပဲ။

အခုအချိန်မှာ

သူမရဲ့ဝိညာဉ်ကမရှိတော့ဘူး၊ဝိညာဉ်စွမ်း

အင်တွေပဲကျန်တော့တယ်။ဒါ့အပြင်

နတ်ဘုရားဖီးနစ်ကလန်က

သူမရဲ့ခန္ဓာကိုယ်ထဲက

ဝိညာဉ်စွမ်းအင်တွေကို

ဆက်တိုက်ထုတ်ယူနေတယ်။

အကုန်လုံးသာ ထုတ်ယူပြီးသွားရင်တော့

ဖီးနစ်ကမ္ဘာတစ်ခုလုံးက

ကျင့်ကြံခြင်းနတ်ဘုရားနယ်မြေကြီးဖြစ်လာလိမ့်မယ်"

ကောင်းကင်ငယ် က ခဏရပ်ပြီး "ဒီမှာကျင့်ကြံတာက ပြင်ပကမ္ဘာမှာထက်အဆဒါဇင်အနည်းငယ်လောက်ပိုမြန်လာမယ်။ ဒါ့အပြင်နတ်ဘုရားမျိုးနစ်ကလန် ရဲ့စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်မျိုးနစ်တွေက

ပြန်လည်မွေးဖွားခြင်းအဆင့်ကို

တက်လှမ်းဖို့ ပိုပြီးတော့လွယ်ကူသွားပြီ။

တကယ်လို့ သူတို့က

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ

တွေ မရရင်တောင် မရေမတွက်နိုင်တဲ့

နတ်ဘုရားအဆင့်နဲ့

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူတွေ ရမှာပါ။ တိုတိုပြောရရင်

နတ်ဘုရားဖိုးနစ်ကလန်ရဲ့ အင်အားက

လုံးဝကိုကြောက်စရာကောင်းတဲ့

အမြန်နှုန်းနဲ့တိုးလာလိမ့်မယ်”ဟုဆက်

ပြောခဲ့သည်။

ယန်ယဲ့က စကားထပ်မပြောတော့ဘဲ

သူ၏

မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပါသည်။

အချိန်တော်တော်ကြာမှ နှင်းပွင့်လေးကို

လှည့်ကြည့်လိုက်၏။ လှောင်အိမ်ပေါ်

တင်ထားသည့် သူ၏လက်နှစ်ဖက်လုံးက

တုန်ရီနေကာ မျက်လုံးထဲမှ

နာကြင်ဟန်များ အပြည့်ပေါ်လာခဲ့သည်

“ငါ... ငါ...”

ထိုအချိန်တွင် ကောင်းကင်ငယ်က

မျက်မှောင်ကြုတ်ကာ “ငါတို့ကို

သတိထားမိသွားပြီ”ဟူ၍

ရုတ်တရက်ပြောခဲ့သည်။

"နတ်ဘုရား...ဖီးနစ်...ကလန်..."

တစ်ချိန်တည်းတွင် မြေအောက်ထဲမှ ဒေါသတကြီးအော်သံ ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

အသံလှိုင်းသည် ချက်ချင်းဆိုသလိုပင် မြေအောက်မှ ပွဲ့တင်ထပ်လာခဲ့ပြီးနောက် မိုးချိန်းသံကြီးကဲ့သို့

ပတ်ဝန်းကျင်တစ်ခုလုံး
မြည်ဟီးသွားခဲ့သည်။

ထိုအချိန်တွင် အဆုံးအစမဲ့သော
သတ်ဖြတ်ချင်စိတ်များဖြင့်
ပြည့်နှက်နေသည့်
ဒေါသတကြီးအသံကြောင့်
နတ်ဘုရားဖိုးနစ်ကလန်တစ်ခုလုံး
ထိတ်လန့်တုန်လှုပ်သွားခဲ့လေသည်။

May Be:

၁၈၈၈

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၈၈ - နတ်ဘုရားဖိုးနစ်ကလန်

နှင့်တိုက်ပွဲ (၁)

ကောင်းကင်ငယ်က

ခေါင်းကိုအကြိမ်ကြိမ်ခါယမ်းလိုက်သည်

။ လက်ရှိပုံစံအရတော့ အခြေအနေဟာ

ငြိမ်းချမ်းစွာ အဆုံးသတ်ဖို့
မဖြစ်နိုင်တော့မှန်း သိသာနေပါပြီ။

ယန်ယဲ့က
သူ၏တုန်ရီနေသောလက်များကို
လှောင်အိမ်ပေါ်တင်ကာ နှင်းပွင့်လေးကို
အချိန်အတော်ကြာ စိုက်ကြည့်ရင်း
"နှင်းပွင့်ငယ်လေး၊ မင်းဟာ
လှောင်အိမ်ထဲမှာ နေရတာကို
မုန်းတယ်ဆိုတာ ငါသိပါတယ်။

တောင်းပန်ပါတယ်။ ငါ မင်းကို

ကောင်းကောင်းမကာကွယ်နိုင်ခဲ့လို့

စိတ်မကောင်းပါဘူး။ တကယ်

စိတ်မကောင်းပါဘူး။ ဒီနေ့ကစပြီး

ငါတို့ကို ဘယ်သူမှထပ်ခွဲခွာခွင့်မပြု

တော့ဘူး"ဟူ၍ ပြောလိုက်သည်။

ထိုစကားပြောပြီးနောက်

သူ၏နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခုကို

ထုတ်လွှတ်ပြီး နှင်းပွင့်လေးအား မူလစေတီထဲကို စုပ်ယူလိုက်တော့သည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" ထိုအချိန်တွင် ဒေါသတကြီးအော်သံ ရုတ်တရက်ထွက်ပေါ်လာပြီးနောက် အနီရောင်ဝတ်ရုံဝတ်အဘိုးအိုတစ်ယောက်က သူတို့နှင့် မလှမ်းမကမ်းကနေ ပေါ်လာသည်။

အဘိုးအိုက ယန်ယဲ့ နှင့်
ကောင်းကင်ငယ်ကို စူးစူးရဲရဲ
စိုက်ကြည့်နေ၏။ တစ်စုံတစ်ယောက်က
ဤနေရာအထိ ခိုးဝင်လာနိုင်လိမ့်မည်ဟု
သူ မမျှော်လင့်ထားပေ။

ယန်ယဲ့ က အနီရောင်ဝတ်ရုံအဘိုးအိုကို
လှည့်ကြည့်လိုက်သည်။ ဒီအချိန်မှာ
သူ၏မျက်လုံးများက
သွေးရောင်အတိပြောင်းသွားခဲ့လေပြီ။

သူ၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ
ပေါက်ကွဲထွက်လုနီးနီးဖြစ်နေကာ
ဓားစိတ်ဆန္ဒပင်လျှင်ဖိနှိပ်ခံလိုက်ရလေ
သည်။

ကောင်းကင်ငယ်က ယန်ယွဲ့ကို
စိုက်ကြည့်ကာ တိတ်ဆိတ်နေ၏။

ယန်ယွဲ့ ကိုမြင်သောအခါ
အနီရောင်ဝတ်ရုံအဘိုးအိုက ချက်ချင်း

မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သူ၏မျက်လုံးထဲမှ သတ်ဖြတ်လိုစိတ်များ တဟုန်ထိုးပေါက်ကွဲလာပြီး “မင်းဟာ ဆိတ်မျိုးနွယ်က မဟုတ်ဘူးယ မင်းက လူသားပဲ"ဟူ၍ အေးစက်စက်ပြောလိုက်တော့သည်။

ယန်ယဲ့က ဂရုမစိုက်ဘဲ အဘိုးအို ထံ ဖြည်းညှင်းစွာ လျှောက်သွားကာ

"နှင်းပွင့်ရဲ့ အသိစိတ်က ဘယ်မှာလဲ"ဟု မေးလိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က ရုတ်တရက်ပြောလေသည် "ဝိညာဉ်အင်ပါယာ ရဲ့ အသိစိတ်ကို လွှဲပြောင်းပေးလိုက်။ ဒါဆို ငါတို့ ထွက်သွားမှာပါ"

အနီရောင်ဝတ်ရုံအဘိုးအို၏

မျက်လုံးများက အနည်းငယ်

မှေးကျဉ်းသွားသည်။ "မင်းတို့ ဒါကို

ဘယ်လိုသိတာလဲ" သူက

အေးစက်စက်လေသံဖြင့်

မေးလိုက်သည်။

ယန်ယဲ့က စကားမပြောတော့ဘဲ

သူ့လက်ကိုတစ်ချက်လှုပ်ပြီး နတ်ဓားကို

အသင့်ဆုပ်ကိုင်ထားလိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က

ယန်ယွဲ့၏လက်ကို

အလျင်အမြန်ဆွဲကိုင်လိုက်ပြီး

အနီရောင်ဝတ်ရုံအဘိုးအိုအား

စူးစိုက်ကြည့်ကာ

"နတ်ဘုရားဖီးနစ်မျိုးနွယ်က ဒီကမ္ဘာရဲ့

ဝိညာဉ်အင်ပါယာကို

တကယ်ပဲချုပ်နှောင်ထားရဲတယ်လား။

ဒီလုပ်ရပ်က

ကမ္ဘာကြီးရဲ့ဟန်ချက်ညီတာကို

ထိခိုက်စေတယ်။သူမရဲ့အသိစိတ်ကို

အမြန်လွှဲပြောင်းပေးပါလို့

ထပ်ပြောပါရစေ။ ဒါမှဟုတ်ရင်

နတ်ဘုရားဖီးနစ်ကလန် ဟာ

ကပ်ဘေးနဲ့ရင်ဆိုင်ရလိမ့်မယ်"ဟုပြောခဲ့

သည်။

"အန္တရာယ်၊ ကပ်ဘေးကျမှာလား"

အဘိုးအိုက အေးစက်စွာ ရယ်မောရင်း

“မင်းရဲ့ ခွန်အားနဲ့လား။
ဘယ်လောက်ရယ်စရာကောင်းလိုက်သ
လဲ" ထိုစကားပြောနေစဉ် သူက ယန်ယွဲ့ကို
စူးစိုက်ကြည့်ကာ "မင်းဒီကို
ဘယ်လိုရောက်လာသလဲဆိုတာ
ငါဂရုမစိုက်ဘူး။ ဒါပေမဲ့
မသိသင့်တဲ့အရာတွေကို သိနေတော့
သေလိုက်တော့"

စကားပြောပြီးသည်နှင့်

သူ၏ညာဖက်လက်ဝါးကို ဆန့်ပြီး

ယန်ယဲ့ဆီကို ပုတ်လိုက်သည်။

ဝိညာဉ်အင်ပါယာ ။

၎င်းသည်

နတ်ဘုရားဖိုးနစ်ကလန်၏အကြီးမားဆုံး

လျှို့ဝှက်ချက်ပင်။ အပြင်လူများ

သိသွားလို့မရပေ။

ကောင်းကင်ငယ်က အဘိုးအို

တိုက်ခိုက်လာကြောင်း မြင်သောအခါ

ဒေါသတကြီးခြေဆောင့်ရင်း

“အရူးတွေပဲ၊ ငါ

ဝင်မစွက်ဖက်တော့ဘူး”ဟု ပြောရင်း

ယန်ယွဲ့၏နောက်ကျောဖက်ကို

ပြန်ဆုတ်သွားသည်။

အောင်း…

ဓားအူသံကြီး ရုတ်တရက် မြည်ဟီးလာ

ပြီးနောက် စူးရှသောဓားစွမ်းအင်

အလင်းတန်းတစ်ခု တောက်ပလာသည်။

အရှိန်က အလွန်လျင်မြန်ပြီး

အနီရောင်ဝတ်ရုံအဘိုးအို၏ရှေ့ကို

ချက်ချင်းရောက်သွားသည်။

အုန်း...

ကျယ်လောင်သောပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် ဓားစွမ်းအင်က ပျောက်ကွယ်သွားသည်။ အဘိုးအို ကလည်း မီတာ ၅၀ ကျော်အကွာထိ လွင့်ထွက်သွားသည်။

အဘိုးအိုက အံ့သြသွားသည်။ သူက စကားပြောရန် ပြင်လိုက်စဉ် ယန်ယဲ့ ထံမှ ကြောက်မက်ဖွယ်ကောင်းသော ဓားလှိုင်းတစ်ခု ရုတ်တရက်

ထွက်ပေါ်လာသည်။ ဓားစိတ်ဆန္ဒ

ပေါ်လာသည်နှင့် တပြိုင်နက်

ပတ်ဝန်းကျင်ရှိ ချော်ရည်ပူများဟာ

ချေမှုန်းခံလိုက်ရလေသည်။

အဘိုးအို၏ မျက်လုံးများက

ကျဥ်းမြောင်းသွားသည်

“ဓားဆန္ဒပြန်လာအဆင့်(ထာဝရရှင်သန်

ခြင်းအဆင့် ဓားစိတ်ဆန္ဒ)၊ မင်းက

ဘယ်သူလဲ"

ယန်ယဲ့က စကားပြန်မပြောပေ။

နတ်ဓားက

သူ့လက်ထဲမှ ဖျတ်ခနဲ ပျောက်သွားသည်။

ယန်ယဲ့၏လက်ထဲမှ ဓား

ပျောက်သွားသည်ကို မြင်သောအခါ

အဘိုးအို၏အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။

ထို့နောက်တွင် သူ့ခန္ဓာကိုယ်ထဲမှ
မီးလှိုင်းတစ်ခုထွက်လာသည်။

ဘုန်း....

ကျယ်လောင်သော ပေါက်ကွဲသံ
ထွက်ပေါ်လာပြီး အဘိုးအိုဟာ
အကြိမ်ကြိမ်နောက်ပြန်ဆုတ်သွားရသည်
။ တစ်ချိန်တည်းမှာပင်
တိုက်မိသည့်နေရာမှ

အလွန်ကြောက်စရာကောင်းသော
စွမ်းအင်လှိုင်းလုံးကြီး
ထွက်ပေါ်လာသည်။ ထို့နောက်တွင်တော့
ပတ်ပတ်လည်ရှိ ချော်ရည်ပူများက
တဟုန်ထိုးမြင့်တက်လာပါတော့သည်။

ဘောင်း....

ခဏအကြာတွင် ချော်ရည်ပင်လယ်ကြီး

ရုတ်ချည်း ပေါက်ကွဲထွက်ကာ
မြေအောက်ကမ္ဘာတစ်ခုလုံး
ပြိုကျသွားခဲ့လေသည်။

"ငါတို့ တိုက်ခိုက်ခံနေရသလား"
ထိုအဖြစ်အပျက်ကြောင့်
နတ်ဘုရားဖိုးနစ်ကလန် တစ်ခုလုံး
ထိတ်လန့်သွားကြသည်။

အသက်ရှူ ၁၀ ရှိုက်စာအတွင်းမှာပဲ

အဖက်ဖက်မှ မရေမတွက်နိုင်သော

ဖိုးနစ်များ အပြေးရောက်လာခဲ့ကြသည်။

သို့သော်လည်း ယန်ယဲ့ သည် အားလုံးကို

လစ်လျူရှုထားကာ နတ်ဓားကိုကိုင်လျက်

နေရာတွင် ရပ်နေခဲ့သည်။

ဤအခိုက်အတန့်တွင်

သူ့တစ်ကိုယ်လုံးက

သွေးရောင်အတိပြောင်းသွားခဲ့ပြီဖြစ်သ

ည်။ သူ့နောက်မှာ ရပ်နေသည့်
ကောင်းကင်ငယ် ကတော့
ထူးထူးခြားခြားကို တိတ်ဆိတ်နေခဲ့၏။
အတိတ်ကဖြစ်ခဲ့လျှင် လက်ရှိတွင်
အပြင်မှာမဟုတ်တော့ဘဲ
မူလစေတီထဲကိုသာပြန်ရောက်နေပြီးဖြစ်
သည်။ သို့သော်
မသိနိုင်သောအကြောင်းတစ်ခုနှင့်အတူ
အထဲကို ပြန်မဝင်တော့ပေ။ သို့ရာတွင်

ယန်ယဲ့က ထိုကိစ္စကို

စိတ်မဝင်စားနိုင်ပေ။

ထိုအချိန်မှာပဲ နတ်ဘုရားဖီးနစ်ကလန် မှ

အဆင့်မြင့်ကျင့်ကြံသူများ၊

အာဏာပိုင်များ

အသီးသီးရောက်လာခဲ့ကြလေပြီ။

သူတို့တင်မဟုတ်ပဲ၊ အဘိုးကြီးဂူမို

နှင့်အခြားနှစ်ယောက်ပါ

အပြေးရောက်လာခဲ့လေသည်။

ယန်ယဲ့ကို တွေ့လိုက်သည်နှင့်
သူတို့သုံးယောက်လုံး
အံ့ဩသွားကြသည်။

ကျူယွမ် က အံ့ဩသွားပြီး “အဲဒါက
ရှောင်ယန် လား”ဟုပြောလိုက်လေသည်။

ဤအခိုက်အတန့်တွင်
ယန်ယဲ့၏မျက်နှာက

နဂိုအတိုင်း

အတူတူပင်ဖြစ်သည်။သို့သော်လည်း

သူ့ခန္ဓာကိုယ်က

သွေးခန္ဓာကိုယ်ဖြစ်နေသည့်အပြင်

သူ့ထံမှ ကြောက်မက်ဖွယ်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပါ

ဖြာထွက်နေခဲ့သည်။ ထိုမြင်ကွင်းက

ယခင် သူတို့သိကျွမ်းခဲ့သည့်

ရှောင်ယန်မဟုတ်ပေ။

ယန်လင်းရှူက ယန်ယဲ့ကို

အချိန်အကြာကြီး စိုက်ကြည့်ပြီး "နင်က

တကယ်ကို လူသားဖြစ်နေတာကိုး"

ဟုပြောလိုက်သည်။ အမှန်တော့ ယန်ယဲ့

နှင့် တိုက်ခိုက်စဉ်ကတည်းက

လူသားတစ်ယောက်ဖြစ်ကြောင်း

သံသယဝင်နေခဲ့ခြင်းပင်။ သို့သော်

လက်ဆုပ်လက်ကိုင်ပြစရာမရှိသဖြင့်

သိပ်တော့မသေချာခဲ့ပေ။ လက်ရှိတွင်

သူမ ရှေ့က

မြင်နေရသည့်အဖြစ်အပျက်များက

အမှန်ဖြစ်ကြောင်း

သက်သေပြနေခဲ့သည်။

ထိုရှောင်ယန် က အမှန်ပင်

လူသားတစ်ယောက် ဖြစ်နေ၏။

ကူယွမ် ကလည်း ခဏကြာ
အံ့သြသွားပြီးမှ တုန်လှုပ်သွားသလို
ခံစားလိုက်ရသည်။

လူသားတစ်ယောက်...

သူ၏မျက်လုံးထဲ၌
မယုံကြည်နိုင်စရာများဖြင့်
ပြည့်နှက်နေသည်။ ယန်ယဲ့အား
လူသားတစ်ယောက် ဖြစ်နေမည်ဟု

မမျှော်လင့်ထားခဲ့ပါ။ အမှန်တော့

လူသားတစ်ယောက်ဟာ

ထိုမျှကြောက်စရာကောင်းသော

ရုပ်ခန္ဓာခွန်အားကို မည်သို့

ပိုင်ဆိုင်သနည်း။

ထိုအချိန်တွင် ဆံပင်နီရောင်နှင့်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရောက်လာသည်။သက်လတ်ပိုင်းအမျိုး

သား၏ မျက်နှာက မိုရှောင်းလန် နှင့်

အတော်လေး ဆင်တူပါသည်။ ထိုလူက
အခြားမဟုတ်ပေ၊
နတ်ဘုရားဖီးနစ်ကလန်၏ ဘိုးဘေး
မိုကျန်း ပင်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ နှင့်
ကောင်းကင်ငယ်ကို လစ်လျူရှုကာ
အဘိုးကြီးဂူမို ကို စိုက်ကြည့်ပြီးနောက်
"ဂူမို၊ မျိုးနွယ်စုများစုဝေးပွဲရဲ့

ပထမဆုံရှင်က တကယ့်ကို

လူသားတစ်ယောက်ဖြစ်နေတယ်။

ဒါပေမဲ့ မင်းဟာ လူသားတစ်ယောက်ကို

ငါ့ဖိုးနှစ်ကမ္ဘာရဲ့

နတ်ဘုရားမီးတောက်နယ်မြေထဲတောင်

ခေါ်လာလိုက်သေးတယ်။ အကြီးအကဲဂူ၊

မင်း ငါ့ကို ရှင်းပြသင့်တယ်လို့

မထင်ဘူးလား"ဟုပြောလေသည်။

အဘိုးကြီးဂူမို က

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ “မဟုတ်ဘူး၊ ငါလည်း

သူက လူသားတစ်ယောက် ဖြစ်မယ်လို့

မမျှော်လင့်ထားဘူး”

ဟုသာပြန်ပြောပါသည်။

ဤကိစ္စအတွက် သူ့ပခုံးအပေါ်

ထမ်းတင်မထားနိုင်ပေ။ လက်ရှောင်ဖို့သာ

ဆုံးဖြတ်ထား၏။

ဤအခိုက်အတန့်တွင် သူက
ဖြစ်သင့်သောအခြေအနေကိုသာ
လုပ်ရပေမည်။ ယန်ယဲ့ဟာ
လူသားဖြစ်ကြောင်း ဝန်ခံလိုက်လျှင်
နတ်ဆိုးဘုရားနန်းတော်က သေချာပေါက်
ပြဿနာတက်ပြီဖြစ်သည်။

မိုကျန်း က အဘိုးကြီးဂူမို ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်

ယန်ယဲ့အား လှည့်ကြည့်လိုက်သည်။

သူက "မင်းလို နတ်ဘုရားအဆင့်

တစ်ယောက်က ငါ့ဖီးနစ်မျိုးနွယ်စုရဲ့

ကန့်သတ်နယ်မြေထဲအထိ

ဝင်လာရဲတယ်လား။

ပြောစရာမလိုအောင်ပဲ သတ္တိရှိလိုက်တာ။

မင်း…”

ယန်ယဲ့က ဂရုမစိုက်ဘဲ မိုကျန်း၏

စကားကိုဖြတ်ပြောလိုက်သည်။ သူက

"နှင်းပွင့် ရဲ့ အသိစိတ်က ဘယ်မှာလဲ"

ဟုတည့်တိုးသာမေးလိုက်ပါသည်။

မိုကျန်း က မျက်မှောင်ကြုတ်လိုက်သည်။

သို့သော် မကြာခင်မှာပဲ သူက

ယန်ယဲ့ပြောသည့်အကြောင်းကို

နားလည်လိုက်၏။

ခဏကြာကြိမ်သက်နေပြီးမှ

အဘိုးကြီးဂူမိုကို စိုက်ကြည့်ရင်း

"အစ်ကိုကြီးဂူ၊ ငါ့နတ်ဘုရားဖိုးနစ်ကလန်

က သူ့ကို သိတယ်။ ငါတို့ကြားမှာ

ရန်ငြိုးတွေ ရှိတယ်။ ဒါကြောင့် ငါတို့က

သူ့ကို ကိုယ်တိုင် ရင်ဆိုင်လိုက်မယ်။

ဒါကြောင့် ကျေးဇူးပြုပြီး အခုပဲ

ထားခဲ့လိုက်ပါ။ သူ့ကိုကိုင်တွယ်ပြီးတာနဲ့

မင်းတို့တွေအတွက်

နတ်ဘုရားမီးတောက်နယ်မြေ ကို

ထပ်ပြီးဖွင့်ပေးမှာပါ"ဟုပြောလိုက်သည်။

သဘာဝအားဖြင့် သူသည်

ဝိညာဉ်အင်ပါယာ အကြောင်း

အခြားသူများကို သိခွင့်မပြုနိုင်ပေ။

မဟုတ်လျှင် နတ်ဘုရားဖီးနစ်ကလန် က

အဆုံးမရှိသော အနာဂတ်ပြဿနာများကို

ရင်ဆိုင်ရပေမည်။

အဘိုးကြီးဂူမို က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးမှ ယန်ယဲ့ဆီကို

လျှောက်လာပြီး "ဘာလို့လဲ" ဟု မေးလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “အကြီးအကဲဂူ၊ သူပြောတာ မမှားပါဘူး။ ငါတို့ကြားမှာ ရန်ငြိုးတွေရှိတယ်။ ဒါကြောင့် ငါတို့ကိုယ်တိုင်ပဲ ဖြေရှင်းလိုက်တော့မယ်”ဟုသာ ပြန်ပြောလိုက်သည်။

အဘိုးကြီးဂူမို က

သက်ပြင်းချလိုက်သည်။ သူက

ယန်ယဲ့အား အတော်ကြာသည်ထိ

စိုက်ကြည့်နေရင်း ခေါင်းခါပြီး

"မင်းနာမည်ဘယ်လိုခေါ်လဲ" ဟု

ထပ်မေးခဲ့သည်။

"ယန်ယဲ့..." ယန်ယဲ့သည်

မထူးခြားတော့သောကြောင့်

ဖုံးကွယ်ထားခြင်းမရှိပေ။

ယန်ယဲ့ တဲ့လား...

ထိုနာမည်ကိုကြားသောအခါ ဤနေရာမှ လူတိုင်း အံ့အားသင့်သွားကြသည်။

" ယန်ယဲ့...."

ထိုအမည်ကို ကောင်းကင်တိုက်ကြီး (အထက်ကမ္ဘာ)၌ မသိသူမရှိပေ။

ထိုလူဟာ အောက်ဘုံမှ

အထက်ကမ္ဘာသို့တက်ရာလမ်းတွင်

ကောင်းကင်လမ်း၏

အစောင့်အကြပ်များကို

သတ်ဖြတ်ခဲ့သည်။

အရေးကြီးဆုံးကတော့

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ယောက်ကို သတ်ပစ်ခဲ့ခြင်းပင်။

မှန်သည်၊ နောက်ထပ်

အကြောင်းပြချက်တစ်ခုပါ ရှိခဲ့သည်။

ထိုအရာမှာ မိုရှောင်းလန် က

ကျင့်ကြံသူများစွာကို ဆင့်ခေါ်ပြီးနောက်

ယန်ယွဲ့အားသတ်ပစ်ရန်ကြံစည်ခဲ့ခြင်းပါ။

ထိုသတင်းကို နတ်ဆိုးမျိုးနွယ်တစ်ခုလုံး

သတိပြုမိထားသည်။

"ဒါကို ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ ဒါကို

ငါတကယ်မမျှော်လင့်ထားဘူး"

အဘိုးကြီးဂူမို က ခေါင်းယမ်းလိုက်ပြီး

ယန်လင်းရှု နှင့် ကူယွမ် ကို

လှည့်ကြည့်ရင်း "သွားရအောင်"

ဟုပြောပြီးသည်နှင့် လက်ကိုဝှေ့ယမ်းကာ

သူတို့နှင့်အတူ နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။

"ငါလည်း မမျှော်လင့်ထားဘူး"

ထိုအချိန်တွင် မိုကျန်း က "မင်းဟာ ငါ့ရဲ့

နတ်ဘုရားဖီးနစ်ကလန် ကို
တကယ်ရောက်လာဖို့ ငါဘယ်တုန်းကမှ
မမျှော်လင့်ခဲ့ဘူး"ဟုပြောလေသည်။

ယန်ယဲ့က သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"နှင်းပွင့်လေးရဲ့ အသိစိတ်နဲ့ဇီအာ ။
ငါသူတို့ကိုတွေ့ချင်တယ်"
ထိုစကားလုံးက ယခုတိုင် သူ

မတိုက်ခိုက်သေးသော

အကြောင်းရင်းပါ။

ထိုအတောအတွင်း ကောင်းကင်ငယ်က

ရုတ်တရက် ဝင်ပြောလိုက်သည်

"နတ်ဘုရားဖီးနစ်ကလန် ရဲ့ ဘိုးဘေး၊

ဝိညာဉ်အင်ပါယာ ရဲ့အသိစိတ်ကို

ပြန်လွှဲပေးပါ။

နှင့်ရဲ့ နတ်ဘုရားဖီးနစ်ကလန် က

ဒီလောက်အတိုင်းအတာအထိ

ဖွံ့ဖြိုးတိုးတက်ဖို့ မလိုသေးပါဘူး။

ဘာဖြစ်လို့လဲ...”

မိုကျန်း က ကောင်းကင်ငယ်ကို

ရုတ်တရက်ကြည့်ကာ "မင်းက

ဘယ်သူလဲ"

ကောင်းကင်ငယ်က “ကောင်းကင်ငယ်။

ကောင်းကင်ငယ်ပေါ်မှာ

စိတ်ကြိုက်ကစားလို့ရတယ်

ကောင်းကင်ငယ်”ဟုပြန်ပြောလေသည်။

မိုကျန်း၏ မျက်လုံးများက

ကျဉ်းမြောင်းသွားကာ "မင်း ငါ့ကို

လာပြီးနောက်နေသလား"ဟုအေးစက်

သောလေသံဖြင့်ပြောလိုက်သည်။

ကောင်းကင်ငယ်က

စကားထပ်ပြောဖို့ပြင်လိုက်စဉ်မှာ

ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းကာ

တားလိုက်၏။ ထို့နောက် မိုကျန်း ကို

စိုက်ကြည့်ရင်း “ငါ

အပိုအချိန်မဖြုန်းချင်တော့ဘူး။ နှင်းပွင့်

နဲ့ ဇီအာ ဘယ်မှာလဲ။

ငါသူတို့ကိုတွေ့ချင်တယ်"ဟုပြောခဲ့သည်

။

"ငါမလုပ်နိုင်ဘူး" မိုကျန်း က ယန်ယဲ့ကို ကြည့်ပြီး "သူတို့ ဒီကမ္ဘာမှာ မရှိတော့ဘူး"ဟူ၍ ပြန်ဖြေသည်။

ယန်ယဲ့က သူ၏ညာဖက်လက်ကို ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။ အကြာကြီး တိတ်တိတ်ဆိတ်ဆိတ်နေပြီးမှ မိုကျန်း ကို ရုတ်တရက် စိုက်ကြည့်လိုက်ပြီး "ဒါဆို မင်းရဲ့ မျိုးနွယ်စု တစ်ခုလုံးကို

သူတို့နဲ့အတူ

မြုပ်နှံလိုက်မယ်"ဟုပြောလိုက်တော့သည်

။

မိုကျန်း က အေးစက်စွာ

ရယ်မောလိုက်သည် "မင်းလား...."

ယန်ယဲ့က စကားထပ်မပြောတော့ဘဲ

အသက်ပြင်းပြင်းရှူပြီး သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။

ကြယ်တာယာစွမ်းအင်ဓားနယ်မြေက

သူ့ရှေ့မှာ ချက်ချင်းပေါ်လာပြီးနောက်

ပတ်ဝန်းကျင်မြင်ကွင်းဟာ ရုတ်တရက်

ပြောင်းလဲသွားသည်။ ထိုခဏလေးမှာပဲ

ပတ်ဝန်းကျင်မြင်ကွင်းဟာ

မီးတောက်ကမ္ဘာအစား အဆုံးမဲ့

ကြယ်တာယာကောင်းကင်ပြင်အဖြစ်

ပြောင်းလဲသွားပါတော့သည်။

အဆုံးမဲ့

ကြယ်တာယာကောင်းကင်ပြင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ယန်ယဲ့က

သူ၏ညာလက်ကိုထပ်ပြီး ဝှေ့ယမ်းကာ

ဓားနယ်မြေဖြင့် လွှမ်းခြုံလိုက်လေသည်။

တစ်ချိန်တည်းတွင် နတ်ဓားမှ

ဓားစွမ်းအင်များဖြာထွက်လာပြီး

အဆုံးမဲ့ကြယ်တာယာစွမ်းအင်များနှင့်

ပေါင်းစပ်သွားလေသည်။ ထို့နောက်တွင် ကောင်းကင်ယံအထက်ဆီမှ အဆုံးအစမဲ့သော ကြယ်ဓားစွမ်းအင်များ ဖီးနစ်ကမ္ဘာ ဆီသို့ အဆက်မပြတ် ဆင်းသက်လာကြသည်။

ထိုအချိန်တွင် နတ်ဆိုးနယ်မြေတစ်ခုလုံး တုန်လှုပ်သွားခဲ့သည်။

သို့မဟုတ် နတ်ဆိုးနယ်မြေ သာမကဘဲ ကောင်းကင်တိုက်ကြီးတစ်ခုလုံးပင် ထိတ်လန့်သွားခဲ့လေသည်။

May Be:

၁၈၈၉

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၈၉ - နတ်ဘုရားဖီးနစ်ကလန် နှင့်တိုက်ပွဲ (၂)

မိုကျန်း၏ မျက်နှာက

အလွန်ဆိုးရွားသွားခဲ့လေပြီ။

ယခင်က ယန်ယဲ့၏အကြောင်းစုံကို

ကြားထားခဲ့ဖူးသည်။ သို့သော်

သူ့စိတ်ထဲ၌

သိပ်ပြီးအလေးအနက်မထားခဲ့ပေ။

ထို့အပြင် နတ်ဘုရားဖီးနစ်ကလန်၏

အင်အားက ကောင်းကင်တိုက်ကြီးမှ

အင်အားစုအနည်းငယ် ကလွဲ၍

မည်သူ့ကိုမျှ မကြောက်ရှံ့ခဲ့ပေ။

ထိုသို့ဆိုလျှင် ယန်ယွဲ့ ကဲ့သို့

သေးငယ်သော

ပုရွက်ဆိတ်တစ်ကောင်အား

ဂရုစိုက်စရာလိုမည်လော။

နတ်ဘုရားအဆင့်ကျင့်ကြံသူ ။

နတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်ဟာ

နတ်ဘုရားဖီးနစ်ကလန် အတွက်
ပုရွက်ဆိတ်တစ်ကောင်ပင်မဟုတ်ပါ။

သို့သော်လည်း ယန်ယဲ့က
ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို
အသက်သွင်းလိုက်သည်နှင့် သူ့ရှေ့မှ
ပုရွက်ဆိတ်ဟာ နတ်ဘုရားဖီးနစ်ကလန်
ကို အပြင်းအထန်ဖျက်ဆီးပစ်နိုင်မှန်း
သဘောပေါက်သွားခဲ့သည်။

ဤအခိုက်အတန့်တွင်

မည်သည့်စကားများ ပြောနေပါစေ

အဓိပ္ပါယ်မဲ့သွားခဲ့လေပြီ။

မိုကျန်း က သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး

"ဖီးနစ်ကမ္ဘာရဲ့

မီးလျှံတစ်ထောင်အကာအကွယ်ကို

အသက်သွင်းလိုက်ကြ"ဟု

အလျင်စလိုအော်ဟစ်လိုက်သည်။

ဘမ်း...

မိုကျန်း၏ အမိန့်ပေးသံအဆုံး၌
ပတ်ဝန်းကျင်ရှိ အပူရှိန်ဟာ
ငရဲကမ္ဘာကဲ့သို့ပြောင်းသွားပြီး
ဖီးနစ်ကမ္ဘာတစ်ခုလုံးအား
လွှမ်းခြုံထားသော
မီးလျှံအကာအကွယ်အလွှာကြီးပေါ်လာခဲ့
သည်။ ထို့နောက် အောက်မြေပြင်ရှိ
ချော်ရည်ပင်လယ်ထဲမှ

မရေမတွက်နိုင်သော

မီးလျှံချော်ရည်တိုင်လုံးများ

ထိုးထွက်လာပြီး မီးလျှံအလွှာကြီးထဲသို့

စီးဝင်သွားသည်။

ခဏအကြာမှာပဲ ဖီးနစ်ကမ္ဘာ

အထက်ကောင်းကင်ပြင်ဟာ

မီးလျှံတိုင်လုံးများနှင့် အဆုံးအစမဲ့သော

ကြယ်ဓားစွမ်းအင်များဖြင့်

ဖုံးလွှမ်းသွားခဲ့သည်။

မီးလျှံတိုင်လုံးများက

ကြယ်ဓားစွမ်းအင်ကို

ရိုက်ချလိုက်သည်နှင့်

ကောင်းကင်တစ်ခုလုံး သာမကဘဲ

အထက်အာကာသပြင်ဟာ ပြင်းထန်စွာ

တုန်လှုပ်စပြုလာပါသည်။

သို့သော် ကြယ်ဓားစွမ်းအင်များက

အဆုံးအစမဲ့ ကျဆင်းနေလေရာ

မီးလျှံတိုင်လုံးများ တဖြည်းဖြည်း

လျော့ကျလာပါတော့သည်။

ကြယ်ဓားစွမ်းအင်များက

အကန့်အသတ်မဲ့သောပုံစံဖြင့်

ဆင်းသက်နေခဲ့သည်။

ဤအခိုက်အတန့်တွင် ဖီးနစ်ကမ္ဘာ မှ

မတ်တပ်ရပ်ပြီး အပေါ်ကို

မျှော်ကြည့်ပါက

ကောင်းကင်တစ်ခုလုံးအား

အဆုံးအစမဲ့ကြယ်ဓားစွမ်းအင်များဖြင့်

ဖုံးအုပ်ထားကြောင်း

သတိပြုမိပါလိမ့်မည်။

အကန့်အသတ်မဲ့သော

ကမ္ဘာဖျက်မုန်တိုင်းကြီးတစ်ခုလိုပါ။

ကြယ်ဓားစွမ်းအင်များမှ

ဖြာထွက်လာသည့် ဓားစိတ်ဆန္ဒဟာ

ဖီးနစ်ကမ္ဘာမှ မရေမတွက်နိုင်သော

ဖြီးနစ်များကို

ထိတ်လန့်တုန်လှုပ်သွားစေသည်။

ကြယ်ဓားစွမ်းအင်က

သာမန်ဓားစိတ်ဆန္ဒမဟုတ်ပါ၊

ထာဝရရှင်သန်ခြင်းအဆင့်ဓားစိတ်ဆန္ဒ

ကို သယ်ဆောင်လာသည်။

ဖီးနစ်ကမ္ဘာကို လွှမ်းခြုံထားသည့်

မီးလျှံတစ်ထောင်

အကာအကွယ်အစီအရင်က

ပျက်စီးလုနီးပါးဖြစ်နေပြီဖြစ်သည်။

ထိုအချိန်တွင်

မီးလျှံဖီးနစ်အများအပြားက

ကောင်းကင်ယံအထက်သို့ ရုတ်တရက်

ပျံတက်သွားကြသည်။

သိပ်တော့အများကြီးမဟုတ်ပေ။

အားလုံးပေါင်း မီးလျှံဖီးနစ် အကောင်

၁၀၀ အောက်သာရှိ၏။ သို့သော်

၎င်းတို့အနက်မှ အားအနည်းဆုံးဟာ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ဖြစ်လေသည်။ ထို့အပြင်

ပြန်လည်မွေးဖွားခြင်းအဆင့် မီးလျှံဖီးနစ်

၂၇ ကောင်ပါ ပါဝင်နေခဲ့သည်။

ထို အစွမ်းထက်အုပ်စု၏

ပူးပေါင်းတိုက်ခိုက်မှုက

ကြယ်စားစွမ်းအင်ကို အမှန်တကယ်

တားဆီးထားနိုင်ခဲ့သည်။

သူတို့က ကြယ်စင်စားစွမ်းအင်ကို

အောင်အောင်မြင်မြင်နှင့်

တားဆီးနိုင်ခဲ့သော်လည်း

တန်ကြေးကတော့ ကြီးကြီးမားမား

ပေးဆပ်ခဲ့ရသည်။ ကြယ်စားစွမ်းအင်ကို

တားဆီးနေစဉ်အတွင်း ဖိနှစ်များ

အများအပြား သတ်ဖြတ်ခံခဲ့ရလေသည်။

ကောင်းကင်ယံအထက်မှ ဖီးနစ်များ

အများအပြား ပြုတ်လာသည်ကို

မြင်လိုက်လေရာဖီးနစ်ကမ္ဘာမှ

ရှိနေသူတိုင်း မျက်နှာထက်

လေးနက်သောအမူအရာများအပြည့်ဖြစ်

နေခဲ့ကြသည်။

သို့သော် ကြယ်ဓားစွမ်းအင်သည်

အဆုံးမရှိတော့သည့်အလား

ဖီးနစ်ကမ္ဘာဆီသို့

အဆက်မပြတ်ကျဆင်းနေဆဲဖြစ်သည်။

ဖီးနစ်မျိုးနွယ်၏ အာဏာပိုင်များ

ပူးပေါင်းကာ ကြယ်ဓားစွမ်းအင်ကို

တားဆီးနိုင်လိုက်သည်နှင့် မိုကျန်း က

ယန်ယွဲ့ ကို

ချက်ချင်းလှည့်ကြည့်လိုက်သည်။

ထို့နောက် တွန့်ဆုတ်မနေဘဲ ယန်ယွဲ့ ထံ

ခုန်ဝင်လိုက်သည်။

ယန်ယဲ့ လည်း တုံ့ဆိုင်းမနေဘဲ
ရေခဲခေါင်းတလားအဖုံးကို ထုတ်ယူ၍
မိုကျန်း ဆီကိုပြေးဝင်လာသည်။

ဓားဝိညာဉ်က ကြယ်ဓားစွမ်းအင်ကို
ထိန်းချုပ်နေသောကြောင့် သူ့အတွက်က
အာရုံများစရာမလိုဘဲ
လွတ်လွတ်လပ်လပ်
တိုက်ခိုက်နိုင်ပါသည်။

သူ၏ရည်ရွယ်ချက် ကလည်း

အချိန်ဆွဲဖို့သာ။ တတ်နိုင်သမျှ

အချိန်ဆွဲထားဖို့ပါ။

အချိန်ကြာကြာဆွဲထားလေလေ

ဖိနှစ်များ ဆက်တိုက်

အသတ်ခံရလေလေပင်မဟုတ်ပါလား။

မိုကျန်း၏ အရှိန်က ယန်ယွဲ့ပင်

မမြင်နိုင်လောက်အောင်

အလွန်လျင်မြန်လှသည်။ကံကောင်းထော က်မစွာ၊ ယန်ယဲ့က မမြင်နိုင်သော်လည်း ရေခဲခေါင်းတလားအဖုံး ကို မြှောက်၍ ရှေ့တည့်တည့်ကာထားလိုက်၏။

အုန်း ....

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ ဟာ ရေခဲခေါင်းတလားအဖုံး နှင့်အတူ

လွင့်ထွက်သွားသည်။ သို့သော်

သိပ်မကြာဘဲ ရပ်လိုက်ပြီးနောက် မိုကျန်း

ထံနောက်တစ်ကြိမ်ပြေးဝင်လာသည်။

သူက နတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်သာ။ သို့သော်

တစ်ဖက်လူကတော့

နတ်ဘုရားဖိုးနစ်မျိုးနွယ်စု၏

ဘိုးဘေးဖြစ်နေခဲ့သည်။ မိုကျန်း က

ကောင်းကင်တိုက်ကြီးတစ်ခုလုံးမှာပင်

ထိပ်တန်းအဆင့် ဖြစ်လေရာ သူ

မယှဉ်နိုင်သည်က သဘာဝကျပါသည်။

သို့သော် မိုကျန်း အတွက်လည်း

ယန်ယဲ့၏ ရေခဲခေါင်းတလားအဖုံး ကို

မချိုးဖျက်နိုင်သဖြင့်

ဘာမှမလုပ်နိုင်ခဲ့ပေ။

ယန်ယဲ့က အကြိမ်ကြိမ်

လွင့်ထွက်လာသော်လည်း

မည်သည့်ထိခိုက်ဒဏ်ရာမှ မရခဲ့ပါ။

ထိုအချိန်တွင် ကောင်းကင်ယံအထက်မှ

ဖီးနစ်များ

တစ်ကောင်ပြီးတစ်ကောင်ပြုတ်ကျကာ

အဆက်မပြတ်အသတ်ခံနေရလေသည်။

တစ်ချိန်တည်းတွင်

အကာအကွယ်အစီအရင် ကလည်း

အားနည်းချက်များ တဖြည်းဖြည်း

ပေါ်လာခဲ့လေသည်။

ထိုအခြေအနေကြောင့်

ကြယ်စားစွမ်းအင်များ ဖီးနစ်ကမ္ဘာ သို့

ဆက်တိုက်ဆင်းသက်လာပါတော့သည်။

ကြယ်စားစွမ်းအင်များ မြေပြင်ပေါ်သို့

ကျဆင်းလာသည်နှင့်အမျှ

ဖီးနစ်ကမ္ဘာတစ်ခုလုံးမှ

ဝမ်းနည်းပူဆွေးသံများ

ကျယ်လောင်လာစွာ

ထွက်ပေါ်လာခဲ့ကြလေသည်။

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ

ဖြင့် အဆင့်မြှင့်တင်ထားသည့်

ကြယ်ဓားစွမ်းအင်များက

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများကိုပင် သတ်ပစ်နိုင်၏။

ထို့ကြောင့် သာမန် အဆင့်နိမ့်ဖီးနစ်များက

ခုခံနိုင်စွမ်းမရှိကြပေ။

ကောင်းကင်ငယ်က သူမ ရှေ့က

မြင်ကွင်းကို ကြည့်ပြီး

မတတ်သာတော့ဘဲ

ခေါင်းသာခါယမ်းလိုက်တော့သည်။

နတ်ဘုရားဖီးနစ်ကလန်ဟာ

ဝိညာဉ်အင်ပါယာ ကို

ဖမ်းဆီးပြီးအကျဉ်းကျခဲ့သဖြင့်

မှတ်လောက်အောင်

သင်ခန်းစာပေးသင့်၏။

သို့သော်လည်း အသတ်ခံနေရသည့်

သာမန်ဖီးနစ်များက သဘာဝအတိုင်း

အပြစ်ကင်းကြသည်။ သူမက

ယန်ယွဲ့အား

တားဆီးရန်ရည်ရွယ်လိုက်သော်လည်း

အသုံးမဝင်နိုင်တော့မှန်း သိလိုက်၏။

အကြောင်းကတော့

နတ်ဘုရားဖီးနစ်ကလန် ဖက်မှလည်း

အပေးအယူလုပ်မည်မဟုတ်သောကြောင့်

ပါ။ ထိုအတူ ယန်ယဲ့ ကလည်း
လက်ခံမည်မဟုတ်ပေ။

တစ်နည်းဆိုရသော် ဤပြဿနာကို
ဖြေရှင်းဖို့ရာ မဖြစ်နိုင်တော့ပါ။

လက်ရှိအခြေအနေအရ
တစ်စုံတစ်ယောက် သေဆုံးမှသာ
ပြဿနာက အဆုံးသတ်နိုင်ပါတော့မည်။

ထိုအချိန်တွင် မိုကျန်းက ယန်ယွဲ့ကို
တိုက်ခိုက်နေရင်း ဒေါသထွက်လာသည်။
သူသာ ယန်ယွဲ့အား သတ်နိုင်လျှင်
ကြယ်ဓားစွမ်းအင်များ
ပျောက်ကွယ်သွားမည်ဖြစ်ရာ
အမြန်အဆုံးသတ်ရန် စီစဉ်ခဲ့သည်။
သို့သော်လည်း ယန်ယွဲ့ သည်
သူထင်ထင်ထားသည်ထက်ပင်
ပို၍သန်မာနေမည်ဟု

မမျှော်လင့်ထားပေ။ လက်ရှိတွင်

သူ၏တိုက်ခိုက်မှုများက ယန်ယွဲ့အား

ဘာမှ မလုပ်နိုင်ခဲ့ပေ။ အနည်းဆုံးတော့

ယန်ယွဲ့ကို အချိန်တိုအတွင်း

မသတ်နိုင်ပေ။

သို့သော် ထိုအတိုင်းသာ

ဆက်သွားနေလျှင် သူ၏ဖီးနစ်မျိုးနွယ်မှ

ဖီးနစ်များ ဆက်ပြီးအသတ်ခံနေရမည်ကို

ကောင်းကောင်းသိနေခဲ့သည်။

အမှန်တော့ လက်ရှိအချိန်တွင်ပင်

မရရေမတွက်နိုင်သော ဖီးနစ်များ

အသတ်ခံလိုက်ရပေပြီ။

ထိုအချက်ကို တွေးလိုက်မိသောအခါ

မိုကျန်းက ယန်ယဲ့ကို

နောက်ပြန်ရိုက်ထုတ်လိုက်ပြီး

သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပါသည်။

ခဏအကြာတွင် သူ၏ညာလက်ဝါးကို
လှန်လိုက်သည်။ ထိုအခါ မိုကျန်း၏
လက်ဝါးပေါ်မှ
အနက်ရောင်မီးတောက်တစ်ခု ပေါ်လာပြီး
သူ့ပတ်ဝန်းကျင်မှ အာကာသပြင်ကဲ့သို့
အသွင်ပြောင်းသွားပါတော့သည်။
အနက်ရောင်မီးတောက်မှ ထွက်နေသည့်
အပူရှိန်ဟာ လုံးဝကို ကြောက်စရာတိပင်။

" ဒါက သေဆုံးခြင်းငရဲမီးတောက်

(Nether Death Flame)ပဲ။ ဒီမီးတောက်က

နတ်မီးတောက်တွေကြားမှာ အဆင့် (၃)

မှာရှိတယ်။ သတိထားပါ"

ယန်ယွဲ့၏နောက်ကွယ်မှ

အသံထွက်လာသည်။

ကောင်းကင်ငယ်က

လေးနက်မှုအပြည့်အသံဖြင့်

သတိပေးလိုက်ခြင်းပါ။

မိုကျတ်းက ကောင်းကင်ငယ်ကို

စိုက်ကြည့်လိုက်သည်။

ထိုမိန်းမငယ်လေးက

သူ၏သေခြင်းရေမီးတောက်ကို

သိနေမည်ဟု မမျှော်လင့်ထားပေ။

သို့သော် သူက မေးမြန်းရန်

စိတ်မဝင်စားဘဲ ယန်ယွဲ့ကို

လှည့်ကြည့်ကာ "ပြီးသွားပြီ"ဟု

အေးစက်စက်ပြောလိုက်လေသည်။

ထို့နောက် မိုကျန်း၏ ပုံရိပ်က

ပျောက်ကွယ်သွားပြီး သိပ်မကြာလိုက်ဘဲ

အနက်ရောင်မီးလျှံဖိုးနစ်တစ်ကောင်

ပေါ်လာသည်။

ထိုမီးလျှံဖိုးနစ်က

သိပ်ပြီးမကြီးမားသော်လည်း ၎င်းမှ

ထွက်လာသည့်ဖိအားသည်

အလွန်ကြောက်စရာကောင်းသည်။ထို့အ

ပြင် ၎င်း၏ခန္ဓာကိုယ်သည် အနက်ရောင်
မီးတောက်များဖြင့် ပြည့်နှက်နေသည်။

အနက်ရောင်မီးလျှံဖိုးနစ်က
အတောင်များကို တစ်ချက်ခတ်ကာ
ယန်ယဲ့ဆီကို
တဟုန်ထိုးပျံသန်းလာသည်။ ၎င်းက
သာမန်ရိုးရှင်းသော
တိုက်ခိုက်မှုတစ်ခုသာ။

ယန်ယဲ့က ရေခဲခေါင်းတလားအဖုံးကို

တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး

အပေါ်မြှောက်၍

ရိုက်ချဖို့ပြင်လိုက်သည်။ သို့သော်

ကောင်းကင်မီးတောက်ငယ်က

သူ့ခန္ဓာကိုယ်ထဲမှ ရုတ်တရက်

ထွက်ပေါ်လာသည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က ထိတ်လန့်သွားပြီး “ကလေး၊ အခုချက်ချင်း အဲဒီနေရာကို ပြန်သွားပါ။ ဒီမီးလျှံဖိုးနစ်က နင်နဲ့မယှဉ်နိုင်ဘူး"ဟူ၍ အလျင်အမြန်အော်ဟစ်လေသည်။

ကောင်းကင်မီးတောက်ငယ်က ချစ်စဖွယ် အပြုံးတစ်ခုနှင့် သူမ၏လက်သေးသေးလေးနှစ်ဖက်ကို ဖြန့်လိုက်ရာ လက်ဝါးပေါ်မှ မီးလုံးနှစ်လုံး

ပေါ်လာသည်။ ထို့နောက် မီးလုံးနှစ်လုံးကို

ကိုင်လျက် ရှေ့သို့ လွှင့်ပစ်လိုက်သည်။

မီးလုံးနှလုံးက ရှေ့ကိုပြေးထွက်လာပြီး

အနက်ရောင်မီးလျှံဖီးနစ်ကို

တိုက်ရိုက် ထိမှန်သွားသည်။

ကောင်းကင်မီးတောက်ငယ်က

ဂရုမစိုက်တော့ဘဲ နောက်ပြန်လှည့်ကာ

မူလစေတီထဲ ကို ပြန်ဝင်သွားလေသည်။

ထိုအချိန်တွင် မီးလုံးနှစ်လုံးက

အနက်ရောင်မီးလျှံဖိုးနစ်ကို ထိမှန်ပြီး

ချက်ချင်းပင် ပေါက်ကွဲသွားလေသည်။

ထို့နောက်တွင် ၎င်း၏ ပတ်ပတ်လည်က

ရောမမီးတောက်ပင်လယ်ကြီး

ဖြစ်ပေါ်လာတော့သည်။

မီးတောက်ပင်လယ်က

အနက်ရောင်မီးလျှံဖိုးနစ်ကို

ဖုံးလွှမ်းသွားပြီးနောက် ၎င်း၏ကိုယ်ပေါ်မှ

အနက်ရောင်မီးလျှံများဟာ ချက်ချင်း မှိန်ဖျော့သွားသည်။ ယန်ယဲ့ သည် ထိုမြင်ကွင်းကို အံ့အားသင့်စွာ ကြည့်နေခဲ့သည်။

"ဒါက ဘာမီးတောက်လဲ" ထိုအချိန်တွင် မီးပင်လယ်ထဲမှ မိုကျန်း၏ ထိတ်လန့်တုန်လှုပ်သော အသံ ပဲ့တင်ထပ်လာသည်။ တစ်ဆက်တည်း သူက လူသားပုံစံပြန်ပြောင်းလိုက်ရင်း

၁၀ ကီလိုမီတာနီးပါးထိ

ဆက်တိုက်ပြန်ဆုတ်သွားခဲ့သည်။

ထိုအချိန်မှာ သူ၏မျက်လုံးများက

ထိတ်လန့်မှုအပြည့်နှင့်ပါ။

ယန်ယဲ့ လည်း

ထိတ်လန့်သွား၏။ကောင်းကင်မီးတော

က်ငယ်က ထိုမျှ သန်မာနေသည်ဟု

သူ့စိတ်ထဲ မမျှော်လင့်ထားခဲ့ပေ။

သို့သော် သိပ်မကြာလိုက်ဘဲ

အကြောင်းအရင်းကို နားလည်လိုက်၏။

၎င်းက ကောင်းကင်မီးတောက်ငယ်

မဟုတ်ဘဲ နတ်ယင်မီးတောက်

သာဖြစ်နိုင်လေသည်။

ကောင်းကင်မီးတောက်ငယ်က

အားကောင်းပါသည်။သို့သော် မိုကျန်း၏

သေဆုံးခြင်းငရဲမီးတောက် နှင့်

နှိုင်းယှဉ်ပါက

အတော်လေးအားနည်းခဲ့သည်။
ထို့ကြောင့် ထိုမီးလုံးနှစ်လုံးက
နတ်ယင်မီးတောက်၏
စွမ်းအင်အမျှင်တစ်ခုသာဖြစ်နိုင်ပါသည်။

ထို့နောက် ယန်ယဲ့ က
အပေါ်မော့ကြည့်လိုက်၏။ ထိုအချိန်တွင်
ကြယ်ဓားစွမ်းအင်များက အဆက်မပြတ်
ကျဆင်းနေသလို ဖီးနစ်များ

တစ်ကောင်ပြီးတစ်ကောင်ပြုတ်ကျနေခဲ့
သည်။

အကယ်၍ နတ်ဘုရားဖီးနစ်ကလန်က
တိုက်ပွဲကို အနိုင်ရခဲ့သည့်တိုင်
အင်အားချိနဲ့သွားမည်မှာသေချာပါသည်
။ တစ်နည်းအားဖြင့်
နတ်ဘုရားဖီးနစ်ကလန်ဟာ
နတ်ဆိုးမျိုးနွယ်၏

ထိပ်တန်းမျိုးနွယ်စုကြီးအဖြစ်

ဆက်ပြီးရှိနေနိုင်တော့မည်မဟုတ်ပါ။

မိုကျန်း က အသံတိုးတိုးဖြင့် ရုတ်တရက်

ပြောလာခဲ့သည်။ သူက “ယန်ယဲ့၊

ငါတို့နှစ်ဖက်လုံး အပြန်အလှန် ပျက်ဆီး

အောင် လုပ်ဖို့ မင်း တကယ်ပဲ

ကြံနေတာလား"ဟုအေးစက်စက်ပြော

လေသည်။

"အပြန်အလှန် ဖျက်ဆီးနေတာလား။

ဟားဟား" ယန်ယွဲ့က

အရှူးတစ်ယောက်လို ရယ်မောရင်း

“ဟုတ်တယ်၊ မင်းမှန်ပါတယ်။ ဒါက

ငါလုပ်ချင်တာ အတိအကျပဲ။

နတ်ဘုရားဖီးနစ်ကလန် ကို

ဒီတိုက်ကြီးကနေ

အပြီးပျောက်ကွယ်သွားစေချင်တာပါ။

ငါက နတ်ဘုရားဖီးနစ်ကလန် ကို

မျိုးသုဉ်းသွားစေချင်တယ်”ဟူ၍
ပြန်ပြောခဲ့သည်။

ထိုစကားပြောပြီးသည်နှင့်
စွမ်းအင်ပုလဲတစ်လုံးကို ထုတ်ယူကာ
မျိုချလိုက်သည်။ထို့နောက် သူက
ကောင်းကင်အထက်သို့ ခုန်တက်ကာ
ကြယ်ဓားစွမ်းအင်များကို
တားဆီးနေသည့် ဖီးနစ်အုပ်
ထံပြေးဝင်သွားသည်။

သူက မိုကျန်း ကို မသတ်နိုင်သော်လည်း

အခြားသော ဖီးနစ်များ ကိုတော့

သတ်နိုင်သည်ဟု

အပြည့်ယုံကြည်ထားသည်။

ယန်ယဲ့က ကာကွယ်သူများအား

တိုက်ခိုက်လိုက်ကြောင်း မြင်သောအခါ

မိုကျန်းက မျက်နှာပျက်သွားသည်။ သူက

တုံ့ဆိုင်းမနေဘဲ ယန်ယဲ့ကို
ချက်ချင်းတိုက်ခိုက်လိုက်တော့သည်။

"အား..." ထိုအချိန်တွင်
ကျယ်လောင်သော အော်ဟစ်သံ တစ်သံ
ရုတ်တရက် ထွက်ပေါ်လာသည်။
ထို့နောက် ဖီးနစ်တစ်ကောင်၏ ခေါင်းက
ပြုတ်ထွက်သွားကာ သွေးများ
တလဟောပန်းထွက်လာသည်။

ထိုဖီးနစ်သွေးများက လေထဲသို့
ပြန့်ကျဲမသွားဘဲ
ယန်ယွဲ့၏ခန္ဓာကိုယ်ထဲကိုသာစီးဝင်သွား
သည်။

အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းကား
စတင်လေပြီ။

ယန်ယွဲ့ က မိုကျန်းကို
ထိပ်တိုက်မတိုက်ဆိုင်ဘဲ

သတ်ရလွယ်ကူသော ဖီးနစ်များကိုသာ

အဓိကပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

အချိန် ၁၀ မိကျော်အတွင်းမှာပဲ ယန်ယဲ့၏

ဓားချက်အောက် ဖီးနစ် အကောင်

တစ်ဒါဇင်ကျော်

အသတ်ခံလိုက်ရလေသည်။

ထို့အပြင် ကောင်းကင်ယံအထက်မှ

ဖီးနစ်အုပ်က အရေအတွက်

နည်းပါးလာသည်နှင့်တစ်ပြိုင်နက်

အဆုံးအစမဲ့သောကြယ်ဓားစွမ်းအင်များ

က ဖီးနစ်ကမ္ဘာ ဆီသို့ အတားအဆီးမဲ့စွာ

ဆင်းသက်လာပါတော့သည်။

ကြယ်ဓားစွမ်းအင်များ

ဆင်းသက်လာသည်နှင့်

ဖီးနစ်ကမ္ဘာတစ်ခုလုံးဟာ နေရာအနှံ့

ဆိုးရွားစွာ ပျက်စီးသွားခဲ့သည်။

အချိန်ခဏလေးအတွင်းမှာပဲ

မရေမတွက်နိုင်သော ဖီးနစ်များ

သနားစရာကောင်းလောက်အောင်

သေဆုံးသွားခဲ့ရသည်။

ဤအခိုက်အတန့်မှာ

ကောင်းကင်ယံအထက်ရှိ

ကြယ်စင်စားစွမ်းအင်နှင့် အဆက်မပြတ်

စီးဆင်းနေသော သွေးတိုင်လုံးများဟာ

အလွန်တရာထူးဆန်းသော

မြင်ကွင်းတစ်ခုသဖွယ်
ဖြစ်ပေါ်လာခဲ့သည်။

ထိုအချိန်တွင် မိုကျန်းက
သိသိသာသာမျက်နှာပျက်သွားခဲ့လေ
တော့သည်။

မိုကျန်း တစ်ယောက်တည်းသာမဟုတ်ပါ၊
ဖီးနစ်ကမ္ဘာ တစ်ခုလုံး
ထိတ်လန့်တုန်လှုပ်နေသော

ခံစားချက်များ ပြန်နှံ့လာခဲ့လေသည်။

နောက်ဆုံးအနေနှင့် ယန်ယွဲ့ကိုသာ

ဆက်ပြီးတိုက်ခိုက်ခွင့်ပြုထားမည်ဆိုလျှ

င် နတ်ဘုရားဖီးနစ်ကလန် ဟာ

ကြီးမားသောဆုံးရှုံးမှုသာမကဘဲ

ကလန်တစ်ခုလုံးပါ မျိုးပြုတ်သွားနိုင်၏။

ထိုအချိန်တွင် မိုကျန်း က

ပြင်းထန်သောလေသံဖြင့် ရုတ်တရက်

အော်ပြောလိုက်သည်

"ဓားစွမ်းအင်တွေကို

ချန်ထားလိုက်တော့။ အကုန်လုံး

ပြန်ဆုတ်လာပြီး ယန်ယဲ့ကို

အသေသတ်ကြ"

မိုကျန်း ထံမှ အမိန့်ပေးသံ

ထွက်ပေါ်လာသည်နှင့် ဖီးနစ်ကမ္ဘာကို

ကာကွယ်နေသည့်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူအုပ်စုဟာ ယန်ယဲ့ဆီကို ချက်ချင်းပြေးဝင်လာပါတော့သည်။

ဖီးနစ်မျိုးနွယ်၏ ဘိုးဘေးမိုကျန်း ပါ ထည့်တွက်ပါက လက်ရှိတွင် ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ ၂၅ ယောက်ဟာ ယန်ယဲ့အား ဝိုင်းရံတိုက်ခိုက်နေခဲ့သည်။

ဘမ်း

ထိုအချိန်တွင် ယန်ယဲ့ ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

သွေးတိုင်လုံးကြီး ရုတ်တရက်

လွင့်ပျံလာသည်။ ထိုခဏလေးမှာပဲ

ကောင်းကင်တစ်ခုလုံးဟာ

သွေးရောင်အတိ

ပြောင်းသွားခဲ့လေသည်။

ထာဝရရှင်သန်ခြင်းအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ...

ထာဝရရှင်သန်ခြင်းအဆင့်

စားစိတ်ဆန္ဒ...

May Be:

၁၈၉၀

[အဆုံးမဲ့စားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၈၉၀ - နတ်ဘုရားဖီးနစ်ကလန်နှင့်တိုက်ပွဲ (၃)

ယန်ယဲ့ သည် နှင်းပွင့်လေး၏

အခြေအနေကို

မြင်လိုက်သည့်အခိုက်တွင်

သူ၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်

အထွတ်အထိပ် သို့ပင်

ရောက်ရှိသွားသည်။

သူသည် အရူးတစ်ယောက်လို

သတ်ဖြတ်ခဲ့သည်။ မရေမတွက်နိုင်သော

ဖီးနစ်များ၏ သွေးအဆီအနှစ်များကို

စုပ်ယူပြီးနောက်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

နောက်ဆုံးတွင် ထိုအမှတ်ကို

ဖြတ်ကျော်ကာ အမြင့်အသစ်သို့

ရောက်ရှိသွားခဲ့သည်။

ပြန်လာအဆင့်

(ထာဝရရှင်သန်ခြင်းအဆင့်)။

ထာဝရရှင်သန်ခြင်းအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက်

ပတ်ဝန်းကျင်သည်

သွေးပင်လယ်အဖြစ်သို့

ပြောင်းလဲသွားသည်။အဆုံးမရှိသော

သွေးညှီနံ့များ၊ အတိုင်းအစမဲ့သော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

ပတ်ဝန်းကျင်ဆီသို့ ကီလိုမီတာ

ထောင်ချီအကွာထိတိုင် ရှုးသွပ်စွာ

ပြန့်နှံ့သွားသည်။

ဤအခိုက်အတန့်တွင်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူအများအပြားဟာ

စိတ်ဝိညာဉ်များ ဖိနှိပ်ခံရသည်။

၎င်းအောက် အဆင့်နိမ့်ကျင့်ကြံသူများ

ကတော့

သတ်ခြင်းစက်များအဖြစ် ချက်ချင်း

ပြောင်းသွားခဲ့သည်။

ကြယ်ဓားစွမ်းအင်ကို တားဆီးနေရာမှ

ပြန်ဆုတ်လာသော ဖီးနစ်အုပ်စုဟာ

ရှုံးသွပ်သွားပုံရပြီး အချင်းချင်း

တိုက်ခိုက်သတ်ဖြတ်ခဲ့သည်။

ထိုအချိန်တွင် နတ်ဘုရားဖီးနစ်ကလန်

တစ်ခုလုံးသည် ဝမ်းနည်းပူဆွေးသော

အသံများဖြင့် ပြည့်နှက်နေပါသည်။

တစ်ချိန်တည်းတွင် ကောင်းကင်ယံမှ

တဟုန်ထိုး ပြေးဆင်းလာသည့်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၂၅ ယောက်ဟာ

ထာဝရရှင်သန်ခြင်းအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

မြင်သောအခါ အံ့အားသင့်သွားသည်။

ခဏအကြာတွင် အားလုံး

တညီတညွတ်တည်း

တိုက်ခိုက်လိုကခကြသည်။

သူတို့က ကြယ်ဓားစွမ်းအင်ကို

တားဆီးခြင်းမပြုတော့ဘဲ

မရေမတွက်နိုင်သော

ကြယ်ဓားစွမ်းအင်များဟာ ဖီးနစ်ကမ္ဘာ
သို့ ဆင်းသက်လာပါပြီ။ အကယ်၍
ယန်ယွဲ့ကိုသာ တတ်နိုင်သမျှ
အမြန်ဆုံးမသတ်နိုင်လျှင်
ဖီးနစ်မျိုးနွယ်ဟာ ပျက်စီးလုနီးပါး
ဖြစ်နေပြီဟုဆိုနိုင်ပါသည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူ များပင်လျှင်
ဓားစွမ်းအင်များကို မရပ်တန့်နိုင်ပါ။

ထိုသာမန်အဖွဲ့ဝင်များက

ဘယ်လိုတားဆီးနိုင်မည်နည်း။

သူတို့အတွက် ကြယ်ဓားစွမ်းအင်ကို

ရပ်တန့်ဖို့တစ်ခုတည်းသောနည်းလမ်း

ဟာ ယန်ယဲ့ကို တတ်နိုင်သမျှ အမြန်ဆုံး

သတ်ပစ်ရမည်သာ။

ဤအခိုက်အတန့်တွင်....

ယန်ယဲ့၏ စိတ်ထဲ၌

သတ်ဖြတ်လိုစိတ်များဖြင့်သော

ပြည့်နှက်နေခဲ့သည်။

ကံကောင်းထောက်မစွာပဲ

သူ၏မူလစိတ်ဝိညာဉ်ကို

ကောင်းကောင်းထိန်းချုပ်ထားနိုင်တုန်းပါ

။

သို့သော် သူက

လုံးလုံးသတိရှိနေခြင်းတော့မဟုတ်ပေ။

အနည်းငယ်လောက်သာ

အသစိတ်ကပ်နေသည်ဟုဆိုနိုင်၏။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၂၀ ကျော် တိုက်ခိုက်လာကြောင်း

မြင်လိုက်သည်နှင့်

နတ်ဆိုးဘုရား၏အမြုတေ ကို ချက်ချင်း

အသက်သွင်းခဲ့သည်။ ထိုအခါ

သူ့ခန္ဓာကိုယ်ထဲမှ

အလွန်ကြောက်စရာကောင်းသောစွမ်းအ

င်လှိုင်းလုံးကြီးတစ်ခု
ပေါက်ကွဲထွက်လာခဲ့လေသည်။

နတ်ဆိုးဘုရား၏စွမ်းအင်များ
ထွက်ပေါ်လာပြီးသည်နှင့် ယန်ယဲ့ဟာ
သူ့ခန္ဓာကိုယ်က
ရုတ်ချည်းပြောင်းလဲသွားမှန်း
သတိထားမိလိုက်သည်။ ဒီအချိန်မှာ
သူ၏ရုပ်ခန္ဓာခွန်အား နှင့်
အကာအကွယ်စွမ်းရည်က

အဆင့်တစ်ခုထိတိုင်

ရောက်ရှိသွားပါသည်။

သို့သော် ယန်ယဲ့ သည်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၂၅ ယောက်ကို

ထိပ်တိုက်ရင်ဆိုင်ဖို့ မကြိုးစားပေ။

သူ့ဆီကို အဆက်မပြတ်

ရောက်လာသည့်တိုက်ခိုက်မှုများအား

ရှောင်တိမ်းရင်း မသိမသာ

အချိန်ဆွဲထားနေခဲ့သည်။

သူ၏အစီအစဉ်ကိုက

အချိန်ဆွဲဖို့သာမဟုတ်ပါလား။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများက သူ့အား

အာရုံစိုက်ထားလေလေ

အခြေအနေ

ပိုကောင်းလေလေပင်။အကြောင်းက

တော့ လက်ရှိဖီးနစ်ကမ္ဘာဟာ

သူ၏ကြယ်စားစွမ်းအင်ကို

ရပ်တန့်နိုင်သူမရှိတော့သောကြောင့်ပါ။

ထို့နောက်တွင် အဆုံးအစမဲ့သော

ကြယ်စားစွမ်းအင်များ ဖီးနစ်ကမ္ဘာ ဆီသို့

တိုက်ရိုက်သက်ဆင်းလာပါလိမ့်မည်။

ကြယ်စားစွမ်းအင် သည်

ဖီးနစ်ကမ္ဘာတစ်ခုလုံးအား ဆိုးဆိုးရွားရွား

ပျက်စီးသွားစေမည်မှာသေချာ၏။

အရေးအကြီးဆုံးကတော့ လက်ရှိမှာ

သူရင်ဆိုင်ရနေသည့် အခြေအနေဟာ

ကြယ်စားစွမ်းအင်များ မြေပြင်ပေါ်

လုံးလုံးလျားလျား ကျဆင်းသွားပြီးမှသာ

ဖြေရှင်းနိုင်ပေမည်။

မှန်သည်၊ ခြွင်းချက်အနေနှင့်တော့ သူက ထိုအချိန်အထိ အသက်ရှင်ကျန်ခဲ့ဖို့ပါ။

မိုကျန်း နှင့် ဖီးနစ်ကလန်၏ အာဏာပိုင်များက ကြယ်ဓားစွမ်းအင်ကို တားဆီးမနေတော့ဘဲ သူ့အား သတ်ပစ်ရန်အတွက်သာ စိတ်ပိုင်းဖြတ်ထားကြလေသည်။

ထို့ကြောင့် သူက ကြယ်ဓားစွမ်းအင်များ
အပြီးတိုင်ကျဆင်းမလာမချင်း
ထိန်းထားရပါမည်။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ
။

တစ်ယောက်ပင်လျှင်
ကြောက်စရာကောင်းနေပါပြီ။ အကယ်၍
ပြန်လည်မွေးဖွားခြင်းအဆင့် ၂၅ ယောက်

ဆိုပါက

မည်မျှကြောက်စရာကောင်းသနည်း။

ယန်ယဲ့၏ ခန္ဓာကိုယ်က

အင်မော်တယ်အထွတ်အထိပ်အဆင့်

ရောက်နေသည့်တိုင်

ထိုအစုအဖွဲ့ကိုတော့

ရင်ဆိုင်နိုင်မည်မဟုတ်ပေ။ သို့သော်

သူက ထိပ်တိုက်ရင်ဆိုင်ဖို့မရွေးချယ်ခဲ့ဘဲ

တိုက်ခိုက်မှုများကိုသာ အဆက်မပြတ်

ရှောင်တိမ်းနေခဲ့သည်။

ရေခဲခေါင်းတလားအဖုံး နှင့်

နတ်ဆိုးဘုရား၏အမြုတေစွမ်းအင်များနှ

င့်အတူ ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူ ၂၅ ယောက်ဟာ

အချိန်တိုအတွင်း သူ့အား

ဘာမှမတတ်နိုင်ပေ။

ကြယ်စားစွမ်းအင်များ မြေပြင်နှင့်

နီးကပ်လာသည်နှင့်အမျှ အဆိုပါ

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများဟာ တရကြမ်း

တိုက်ခိုက်လာကြသည်။ ဒီအချိန်မှာ

ယန်ယွဲ၏ပုံစံက

လှိုင်းလေထန်သောပင်လယ်ပြင်မှ

လှေငယ်လေးတစ်စင်းကဲ့သို့ပင်။ သူသည်

အချိန်မရွေး ကြေမွသွားပုံရသည်။

သို့သော်လည်း ယန်ယဲ့ သည်
အခြေအနေကို
ကောင်းကောင်းတွက်ဆထား၏။

လက်ရှိတွင် အဆုံးအစမဲ့သော
ကြယ်ဓားစွမ်းအင်များဟာ ဖီးနစ်ကမ္ဘာ၏
အထက် ကောင်းကင်ယံ၌ ရှိနေခဲ့လေပြီ။
ကြယ်ဓားစွမ်းအင်များ ဖီးနစ်ကမ္ဘာ ဆီသို့
ကျဆင်းဖို့က အများဆုံးမှ အသက်ရှူချိန်
၅ ရှိုက်စာလောက်သာ ကြာပါတော့မည်။

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ၏

ကြောက်စရာအကောင်းဆုံး အပိုင်းမှာ

အလွန်ကြီးမားကျယ်ပြန့်သော ဧရိယာကို

ဖုံးအုပ်ထားနိုင်စွမ်းပင်။

ထို့အပြင်

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ မှ

ဖန်တီးထားသည့် ကြယ်ဓားစွမ်းအင်ကို

ခံနိုင်ရည်ရှိဖို့ အစွမ်းအစမရှိသလို

မည်သူမျှ ခုခံဝံ့ခြင်းမရှိကြပေ။

ထိုအချိန်တွင် ဖီးနစ်မျိုးနွယ်စု၏

ဘိုးဘေးမိုကျန်း က ကောင်းကင်ငယ်ကို

စူးစိုက်ကြည့်ကာ "အဲဒီမိန်းမငယ်လေးကို

ဖမ်းလိုက်ကြ"ဟူ၍ ရုတ်တရက်

အော်လိုက်သည်။

ရှင်းရှင်းပြောရလျှင် သူက ယန်ယဲ့အား ခြိမ်းခြောက်ဖို့အတွက် ကောင်းကင်ငယ်ကို အသုံးချလိုခဲ့သည်။

မိုကျန်း၏ အမိန့်ကို ရသည်နှင့် ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ နှစ်ယောက်ဟာ ကောင်းကင်ငယ် ဆီကို ခုန်ဝင်လိုက်သည်။

ကောင်းကင်ငယ်၏ မျက်နှာက

ကြောက်ရွံ့သွားရမည့်အစား

အနည်းငယ်အံ့ဩသွားပုံပါ။ ထိုလူများက

သူမကို တိုက်ခိုက်လာဖို့

မမျှော်လင့်ထားပေ။ ထိုအချိန်မှာပဲ

ယန်ယဲ့က သူမရှေ့တွင်

ရုတ်တရက်ပေါ်လာပြီး

"မြန်မြန်ဝင်လိုက်"ဟု သတိပေးခဲ့သည်။

ကောင်းကင်ငယ်က

နတ်ဘုရားဖီးနစ်ကလန် ၏

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများအား

တစ်ချက်ကြည့်လိုက်ပြီးနောက်

ဒေါသတကြီးဖြင့် “နင်တို့ ခဏစောင့်။

ဘယ်လိုတိုက်ခိုက်ရမလဲဆိုတာ တွေးပြီး

ငါ့မှတ်ဉာဏ်တွေ ပြန်ရတဲ့အခါ

အားလုံးကို သတ်ပစ်မယ်”ဟူ၍

ပြောလေသည်။

ထိုစကားပြောပြီးသည်နှင့်

ခြေတစ်ချက်ဆောင့်၍ မူလစေတီထဲကို

လှစ်ခနဲပြန်ဝင်သွားတော့သည်။

ကောင်းကင်ငယ်

ပျောက်ကွယ်သွားသည်နှင့်တပြိုင်နက်

ယန်ယွဲ့ သည် မိုကျန်းတို့အဖွဲ့ကို

လှည့်ကြည့်ကာ "မင်း
ရှုံးသွားပြီ"ဟုပြောလိုက်လေသည်။

မိုကျန်း သာမကဘဲ ဖီးနစ်မျိုးနွယ်၏
အာဏာပိုင်အားလုံး ခဏတာ
အံ့အားသင့်သွားပြီးနောက်
မျှော်ကြည့်ကြသည်။ ထိုအခါ
သူတို့မြင်လိုက်ရသည်ကား
ဖီးနစ်ကမ္ဘာတစ်ခုလုံးကို
လွှမ်းခြုံထားသည့် အဆုံးအစမဲ့သော

ကြယ်ဓားစွမ်းအင် များပင်။

ကြယ်ဓားစွမ်းအင်များဟာ

ထူထပ်နေခဲ့ပြီး

ကမ္ဘာဖျက်မုန်တိုင်းကြီးအလားထင်ရလေ

သည်။

"သူတို့ကို တားကြစမ်း..." မိုကျန်းက

ဒေါသတကြီးနှင့် အော်ဟစ်လိုက်သည်။

ထိုအချိန်တွင်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၂၅ ယောက်လုံးဟာ ဖီးနစ်ပုံစံကို

ပြန်ပြောင်းသွားခဲ့သည်။ ထို့နောက်တွင်

မီးလျှံဖီးနစ်အများအပြား ပေါ်လာပြီး

ကောက်းကင်ပြင်တစ်ခုလုံးအား

ဖုံးလွှမ်းထားသော

ကြယ်ဓားစွမ်းအင်များကို

တားဆီးလိုက်ကြသည်။ သို့သော်

အနည်းငယ်နောက်ကျသွားလေပြီ။

မရေမတွက်နိုင်သော

ကြယ်ဓားစွမ်းအင်များဟာ

မိုးသည်းထန်စွာ ရွာချသည့်အလား

ဖီးနစ်ကမ္ဘာ အနှံ့ကို

ကျဆင်းသွားခဲ့လေတော့သည်။

ထိုခဏလေးမှာပဲ အတောမသတ်နိုင်တဲ့

ဝမ်းနည်းပူဆွေးသံများ

ဖီးနစ်ကမ္ဘာတစ်ခုလုံးမှ
ပွဲတင်ထပ်လာတော့သည်။

ထို့နောက်တွင် ဖီးနစ်ကမ္ဘာမှာ
မရေမတွက်နိုင်သော ဖီးနစ်များ
ထွက်ပြေးခဲ့ကြသည်။ အများအပြားက
အလျင်အမြန်ဖြင့် ကြယ်ဓားစွမ်းအင်ကို
ရှောင်တိမ်းနိုင်ခဲ့သော်လည်း
အဆင့်နိမ့်ဖီးနစ်များအားလုံးဟာ

ခုခံနိုင်စွမ်းပင်မရှိဘဲ
အသတ်ခံလိုက်ရပါသည်။

လက်ရှိတွင် ယန်ယဲ့က
နတ်ဘုရားအဆင့်ကျင့်ကြံသူ
တစ်ယောက်သာ ဖြစ်ခဲ့၏။ သို့ရာတွင်
သူပိုင်ဆိုင်သည့်
ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒ ၂
ခုနှင့် ကြယ်ဓားစွမ်းအင်က

အတိတ်ကထက်

ပို၍အားကောင်းခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့၏ ခန္ဓာကိုယ်မှ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ

အဆက်မပြတ် ထွက်ပေါ်လာပြီး

ဖီးနစ်ကမ္ဘာတစ်ခုလုံးကို

လွှမ်းခြုံထားခဲ့သည်။

စိတ်ဝိညာဉ်ခဲ့ထွက်ခြင်းအဆင့်

ကျင့်ကြံသူများ အပြင်

အဆင့်နိမ့်ဖီးနစ်မျိုးနွယ်ဝင်များအားလုံး

ရှူးသွပ်သွားကာ အချင်းချင်း

သတ်ဖြတ်လာကြသည်။

ဤအခိုက်အတန့်တွင် ဖီးနစ်ကမ္ဘာ၏

အခြေအနေသည် ကမ္ဘာပေါ်မှ

ငရဲခန်းကဲ့သို့ပင်။

ယန်ယွဲ့က မရပ်တန့်ခဲ့ပေ။

ကြယ်ဓားစွမ်းအင်များ ဖီးနစ်ကမ္ဘာ သို့

ကျဆင်းသွားပြီးနောက် တားဆီးနေသော ဖီးနစ်မျိုးနွယ်၏ အာဏာပိုင်များကို အလစ်ဝင်တိုက်ခဲ့သည်။ ယခုအချိန်တွင် ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူများဟာ ကြယ်ဓားစွမ်းအင်ကို မပြတ်ခုခံနေရလေရာ သူ့အနေဖြင့် တိုက်ခိုက်ရန်အကောင်းဆုံးအချိန်ပါ။ ယန်ယွဲ့က ထိုကဲ့သို့အခွင့်အရေးမျိုးကို သဘာဝအတိုင်း လက်လွှတ်မခံပေ။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်ဟာ

အံ့အားသင့်သွားပြီး

ခုခံချိန်ပင်မရလိုက်ဘဲ

ချက်ချင်းပင်အသတ်ခံလိုက်ရတော့သည်

။

ထို့နောက် ယန်ယဲ့က ရပ်တန့်မနေဘဲ

နောက်တစ်ယောက်ကို

ထပ်ပြီးတိုက်ခိုက်လိုက်သည်။

ထိုအခြေအနေကို သတိထားမိသည်နှင့်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူအားလုံး

ထိတ်လန့်သွားကြသည်။အကယ်၍

သာမန်အချိန်မှာသာ ဖြစ်နေလျှင်

ယန်ယွဲ့အား ကြောက်နေဖို့မလိုပါ။

လက်ရှိတွင် သူတို့က အဆုံးအစမဲ့သော

ကြယ်ဓားစွမ်းအင်များကိုပါ ခုခံနေရ၏။

ကံကောင်းထောက်မစွာ၊

မိုကျန်း၏ပုံရိပ်က ယန်ယွဲ့ရှေ့မှာ ဖျတ်ခနဲ

ပေါ်လာခဲ့သည်။

ဤအချိန်တွင် မိုကျန်း၏ မျက်လုံးများက

သွေးရောသမ်းနေသည်။

သူ၏မျက်လုံးထဲ၌

သတ်ဖြတ်ချင်စိတ်များ အပြည့်နှင့်

ယန်ယွဲ့အား စိုက်ကြည့်နေသည်။

မိုကျန်းက စကားပြောဖို့ပြင်လိုက်၏။

သို့သော် ယန်ယဲ့၏လက်ထဲမှ

ကောင်းကင်အုတ်ဂူက

ရုတ်ချည်းပျောက်သွားသဖြင့်

သူ့အမူအရာက

ချက်ချင်းပြောင်းသွားသည်။

ဘမ်း....

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက်

မိုကျန်း၏ပုံရိပ်က ၃ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။ ခုခံချိန်ပင် မရလိုက်သဖြင့် မိုကျန်းက အတော်လေးအံ့သြသွားသည်။ အကြောင်းကတော့ ယန်ယွဲ့ဟာ ယခင်တိုက်ခိုက်ချိန်ကထက် အားကောင်းနေသလို ခံစားမိလို့ပါ။

လက်ရှိတွင် ယန်ယွဲ့က လုံးဝကို ကြောက်စရာကောင်းနေ၏။

မှန်သည်။ နောက်ဆုံးတွင် သူက ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒ ၂ ခုအပြင် နတ်ဆိုးဘုရား၏စွမ်းအင်ပါ ပိုင်ဆိုင်ထားသည်မဟုတ်ပါလား။

လက်ရှိသူ့ခန္ဓ ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူတစ်ယောက် ကိုမပြောဘဲ ၃ ယောက်ပေါင်း တိုက်ခိုက်လျှင်ပင် ဂရုစိုက်နေစရာမလိုပါ။

ယန်ယဲ့ က မရပ်တန့်ဘဲ ရှေ့ကို ထပ်မံပြေးတက်လာခဲ့သည်။ မိုကျန်း နှင့် မီတာ ၃၀ အကွာရောက်လာသည်နှင့် ကောင်းကင်အုတ်ဂူ ကို ဆွဲထုတ်ပြီး လှမ်းလိုက်သည် ။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၅ ထပ်ပေါင်းစပ်ခြင်း ။

ဓားဆွဲထုတ်လိုက်သည့်အခိုက် ယန်ယဲ့၏

ပတ်ပတ်လည်မှ အာကာသပြင်ဟာ

ကွဲအက်သွားသည် ။

သူ့အထက်ရှိ အာကာသပြင်ပါ

အက်ကွဲသွားခဲ့သည်။

ထိုမြင်ကွင်းကြောင့် မိုကျန်း၏

အမူအရာက

သိသိသာသာပြောင်းသွားလေသည်။

နောက်ဆုံးတွင် ဤနေရာက
အထက်ကမ္ဘာ ပင်မဟုတ်ပါလား။
သို့သော် ယန်ယဲ့၏ဓားတစ်ချက်က
အထက်ကမ္ဘာ၏ အာကာသပြင်ကို
ဖြိုခွဲပစ်လိုက်သည်။

မိုကျန်း က ပေါ့ပေါ့ဆဆ ပြုမူခြင်းမျိုး
မလုပ်ဝံ့ပေ။ သူ၏ပုံစံသို့
ချက်ချင်းပြောင်းလိုက်တော့သည်။
ထို့နောက်တွင် သူ၏ခန္ဓာကိုယ်က

ရောမမီးလုံးကြီးအဖြစ်ပြောင်းလဲကာ

ဓားစွမ်းအင်ကို

ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

ဘုန်း....

ဓားစွမ်းအင်နှင့် မီးလျှံဖီးနစ်ကြီးတို့

ရင်ဆိုင်အတွေ့ ကျယ်လောင်သော

ပေါက်ကွဲသံကြီးနှင့်အတူ

ကောင်းကင်တစ်ခွင်လုံး ပြင်းထန်စွာ

တုန်ခါသွားသည်။ မရေမတွက်နိုင်သော

စွမ်းအင်လှိုင်းများ ဖြာထွက်လာပြီးနောက်

ကြောက်မက်ဖွယ် ဓားစွမ်းအင်များနှင့်

မီးတောက်မီးလျှံများဟာ

ပတ်ဝန်းကျင်ဆီသို့ ရိုက်ခတ်လာသည်။

မီးလျှံဖိးနစ်ကြီးအသွင်ပြောင်းထားသည့်

မိုကျန်း ကတော့ ၁၀

ကီလိုမီတာအကွာသို့ပင်

လွင့်ပျံသွားသည်။

ယခုအချိန်တွင် မိုကျန်း၏ခန္ဓာကိုယ်က

မီးလျှံများမရှိတော့ဘဲ

ဒဏ်ရာပြောက်များစွာဖြင့်

ဖုံးလွှမ်းထားသည်။ ထိုဒဏ်ရာများမှ

သွေးများသည်

အဆက်မပြတ်စီးကျနေလေရာ

မိုကျန်းက

သွေးဖိုးနစ်ကောင်လိုထင်ရလေသည်။

ထိုအချိန်တွင် ယန်ယဲ့က မိုကျန်းရှေ့မှာ ထပ်ပေါ်လာပြီး ဓားကို ဆွဲထုတ်ကာ နောက်တစ်ကြိမ် ထပ်ပိုင်းချလိုက်သည်။

နောက်ထပ်

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၅

ထပ်ပေါင်းတိုက်ခိုက်မှုပါ။

တစ်ဆက်တည်း ယန်ယဲ့နှင့်
အနီးတစ်ဝိုက်ရှိ ကြီးမားသော
အာကာသပြင်ဟာ ပြိုကျသွားသည်။

မိုကျန်း လည်း အံ့သြသွားခဲ့သည်။
ယန်ယဲ့၏ တိုက်ခိုက်မှုဟာ
မည်မျှကြောက်စရာကောင်းမှန်း
သိလိုက်သည်။ သူက
ထိပ်တိုက်ရင်ဆိုင်ဝံ့ခြင်းမရှိတော့ပေ။
သို့သော် ရှောင်တိမ်းဖို့ပြင်လိုက်စဉ်မှာပဲ

နောက်ကျသွားခဲ့လေသည်။

ဓားစွမ်းအင်က မြန်ဆန်လွန်းကာ

သူ့အပေါ်ပိတ်လှောင်ထားသဖြင့်

သူ့ကိုယ်သူ ကာကွယ်သာ။

မိုကျန်းက သူ၏အတောင်ပံများကို

လှန်ပြီး ရိုက်ခတ်လိုက်သည်။ ထိုအခါ

မီးတောက်မီးလျှံများ ထွက်လာပြီး

ယန်ယဲ့၏ဓားစွမ်းအင်ကို

လောင်ကျွမ်းခဲ့သည်။

သို့သော် ခဏအကြာမှာပဲ

မီးလျှံလှိုင်းကြီးက ပြန့်ကျဲသွားပြီးနောက်

ဓားစွမ်းအင်ဟာ မိုကျန်း

ဆီကိုဆက်ပြီးတိုးဝင်သွားသည်။

အုန်း…

မိုကျန်း၏ပုံရိပ်က ကောင်းကင်မှ

ပြုတ်ကျသွားသည်။ ထို့နောက်

လှုပ်ရှားမှုမရှိဘဲ တိတ်ဆိတ်သွား၏။
သေသလားရှင်သလားပင်မသိနိုင်ပေ။

ယန်ယဲ့က မိုကျန်း
ပြုတ်ကျသွားသည့်နေရာကို
ခုန်ဝင်လိုက်သည်။

သို့သော် ဖီးနစ်ကမ္ဘာ၏ အထက်
ကောင်းကင်ယံ၌
ကြောက်မက်ဖွယ်ကောင်းသော

ဖိအားလှိုင်းတစ်ခု ရုတ်တရက်

ပေါ်လာပြီးနောက်

အထက်အာကာသပြင်က

ရုတ်ချည်းပွင့်ထွက်သွားခဲ့သည်။

သိပ်မကြာလိုက်ဘဲ

အာကာသအက်ကြောင်းထဲမှ

ရောမရွှေရောင်မျက်လုံးကြီး

ပေါ်လာခဲ့လေသည်။

ရွှေရောင်မျက်လုံးကြီး ပေါ်လာသည်နှင့်
တပြိုင်နက် ကောင်းကင်ယံအထက်ကို
ဖုံးအုပ်ထားသည့်
ကြယ်စားစွမ်းအင်များဟာ ချက်ချင်း
ပြန့်ကျဲသွားသည်။ ထို့နောက်
အပိုင်းအစများဖြစ် ပြောင်းလဲကာ
ကောင်းကင်အထက်မှာပင်
ပျောက်ကွယ်သွားတော့သည်။

မဟာကောင်းကင်ဘုံတာအိုမျက်လုံး ။

ထိုအချိန်တွင်

ကောင်းကင်ဘုံတာအိုမျက်လုံးက

ယန်ယွဲ့အပေါ်ကို

ချက်ချင်းပိတ်လှောင်သွားသည်။

ယန်ယွဲ့ သည်

ရောမရွှေရောင်မျက်လုံးကြီး ကို

မော့ကြည့်ပြီးနောက်

မျက်မှောင်ကြုတ်လိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က
သူ့ဘေးနား၌ ပေါ်လာသည်ကို
သတိပြုမိသည်။

သူက ကောင်းကင်ငယ်ကို စိုက်ကြည့်ကာ
"ဘာဖြစ်နေတာလဲ" ဟု မေးလိုက်သည်။

ကောင်းကင်ငယ်က "နှင် ဒီနေရာကို
ဖြိုခွဲလိုက်တဲ့ရင်
အများကြီးသတ်ပစ်လိုက်တယ်။ ဒါက

ဟန်ချက်ပျက်စေတယ်…”ဟု ပြန်ပြောသည်။

"ဟားဟား…." ထိုအချိန်တွင် ကျယ်လောင်သော ရယ်မောသံ ရုတ်တရက်ထွက်ပေါ်လာသည်။ ယန်ယဲ့က လှည့်ကြည့်လိုက်ရာ မိုကျန်းက တဟားဟားလှောင်ရယ်နေသည်ကို မြင်လိုက်ရသည်။

မိုကျန်းက ဖီးနစ်ကြီး မဟုတ်တော့ဘဲ
လူသားပုံစံပြန်ပြောင်းထား၏။ သို့သော်
သူ့ပုံစံက အတော်လေး ဆိုးရွားသော
အခြေအနေတွင် ရှိနေသည်။ လက်
နှစ်ဖက်လုံး မရှိတော့ဘဲ
ပြတ်တောက်သွား၏။

သူက ယန်ယဲ့ကို စိုက်ကြည့်ရင်း
မျက်နှာပေါ်တွင် ရှုးသွပ်မှုများ
ဖုံးလွှမ်းသွားပြီး “ယန်ယဲ့၊ ဒါဟာ

မဟာကောင်းကင်ဘုံရဲ့

တာအိုမျက်လုံးလေ။ ဟားဟား၊

မင်းကိုယ်မင်း သတ်သေလိုက်တာပဲ။

ဟားဟား"

ထိုအချိန်မှာပဲ ကောင်းကင်ငယ်က

ရွှေရောင်မျက်လုံးကို မော့ကြည့်လိုက်ပြီး

သူ့လက်ကို ဝှေ့ယမ်းလိုက်ပါသည်

“ထွက်သွားတော့။ ဒါက နင်နဲ့မဆိုင်ဘူး"

ရွှေရောင်မျက်လုံးကြီးက

ကောင်းကင်ငယ်ကို စိုက်ကြည့်ပြီးနောက်

ယန်ယဲ့ကို စိုက်ကြည့်လာသည်။

ခဏအကြာတွင်

ကောင်းကင်ဘုံတာအိုမျက်လုံးမှ

ရွှေရောင်နတ်လျှပ်စီးကြောင်းတစ်ခု

ထွက်ပေါ်လာပြီး ယန်ယဲ့အပေါ်

ပစ်ချလိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ငယ်၏

မျက်နှာက အေးစက်လာသည်။

သူမ၏ပုံရိပ်က တုန်လှုပ်သွားပြီးနောက်

ကောင်းကင်ယံအထက်၌ ပေါ်လာသည်။

ကောင်းကင်ငယ် ပေါ်လာသည်နှင့်

တပြိုင်နက်

ရွှေရောင်နတ်လျှပ်စီးကြောင်းဟာ

ပျောက်ကွယ်သွားသည်။

ကောင်းကင်ငယ်က

ရွှေရောင်မျက်လုံးကြီးအနားကို

ရောက်သွားပြီးနောက်

လက်ညှိုးငေါက်ငေါက်ထိုးကာ

ဒေါသတကြီးအော်လိုက်လေသည်

“အရူးကောင်၊ အခုချက်ချင်း

ထွက်သွားလိုက်တော့"ဟူ၍ ပင်။

ထိုမြင်ကွင်းကြောင့်

မြင်လိုက်ရသူတိုင်းဟာ

စကားပင်မပြောနိုင်ကြတော့ပေ။

May Be:

၁၈၉၁

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၁ - နတ်ဘုရားဖီးနစ်ကလန်

နှင့်တိုက်ပွဲ (၄)

အရှုးကောင်....

...အခုချက်ချင်းဖယ်လိုက်ပါ...

ထိုအချိန်တွင် နတ်ဘုရားဖီးနစ်ကလန်မှ

အာဏာပိုင်များ သာကမဘဲ

ယန်ယွဲ့လည်းအလားတူပင်

မိန်းမောသွားသည်။

မဟာကောင်းကင်ဘုံတာအိုမျက်လုံး ။

ထိုရွှေရောင်မျက်လုံးကြီးက

အထက်ကမ္ဘာ၏

မဟာကောင်းကင်ဘုံတာအိုမျက်လုံးပါ။

ယန်ယဲ့၏

ကြယ်တာယာစွမ်းအင်ဓားနယ်မြေမှ

ဆင့်ခေါ်ထားသည့်

ကြယ်ဓားစွမ်းအင်များပင်လျှင် ချက်ချင်း

ချေမှုန်းခံလိုက်ရသည်။ ၎င်းက

မည်မျှထိကြောက်စရာကောင်းသည်မှာ သိသာ၏။

သို့သော်လည်း ကောင်းကင်ငယ်က ရွှေရောင်မျက်လုံးကြီးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ထွက်သွားဖို့ကျိန်ဆဲနေသည်။

တစ်ချိန်တည်းမှာပဲ နောက်ဆက်တွဲ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များက

သူတို့၏ မေးရိုးများကို မြေကြီးပေါ်ပင်

ထိလုနီးပါး ဖြစ်သွားစေခဲ့သည်။

မဟာကောင်းကင်ဘုံတာအိုမျက်လုံးက

ကောင်းကင်ငယ်ကို အသက်ရှူ ၂

ရှိုက်စာကြာ စိုက်ကြည့်နေပြီးနောက်

ရုတ်တရက် ပြင်းထန်စွာ

တုန်လှုပ်သွားပါတော့သည်။ရွှေရောင်မျ

က်လုံးကြီးက ကြောက်စရာကောင်းသော

အရာတစ်ခုကို ကြုံတွေ့ခဲ့ရသည့်အတိုင်း

တုန်ခါနေခဲ့သည်။ နောက်ထပ် အသက်ရှူ ၂ ရှိုက်စာလောက်အကြာမှာတော့ လေထဲမှာပင် ပျောက်သွားခဲ့လေသည်။

ဒါက တကယ်ထွက်သွားတာလား...

မိုကျန်း နှင့် နတ်ဘုရားဖီးနစ်ကလန်၏ အဖွဲ့ဝင်များအားလုံးဟာ နေရာတွင်ပင် အံ့အားသင့်သွားခဲ့ကြသည်။ ယန်ယဲ့လည်း ခြွင်းချက်မဟုတ်ပါ။

ကောင်းကင်ငယ်က

ကောင်းကင်ဘုံတာအိုမျက်လုံးများ နှင့်

အလွန်ကောင်းမွန်သော

ဆက်ဆံရေးရှိမှုန်း သိထားသည့်တိုင်

လက်ရှိအခြေအနေအရ

သာမန်မရိုးရှင်းကြောင်းကို

သတိထားမိလိုက်သည်။

"မင်းက ဘယ်သူလဲ" မိုကျန်းက
ကောင်းကင်ငယ်ကို
စိုက်ကြည့်ပြီးမေးလိုက်သည်။

သူမ၏ စကားတစ်ခွန်းကြောင့်
အထက်ကမ္ဘာ၏
မဟာကောင်းကင်ဘုံတာအိုမျက်လုံးကပ
င် နာခံမှုရှိရှိဖြင့် ထွက်သွားခဲ့ရသည်။
ဤအခိုက်အတန့်တွင် သူ၏မျက်လုံးထဲမှ
ကြောက်ရွံ့သောအရိပ်အယောင်များ

သိသိသာသာပင် ပေါ်နေခဲ့သည်။ သူက

ယန်ယွဲ့ထက်ပင် ထိုမိန်းမငယ်လေးကို

ပိုပြီးကြောက်လန့်နေခဲ့သည်။

ခေတ်အဆက်ဆက်၌

ကောင်းကင်ဘုံတာအိုမျက်လုံးကို

အလိုလိုထွက်ခွာသွားအောင်လုပ်နိုင်သူ

ဟူ၍ တစ်ယောက်မှမရှိခဲ့ပေ။

ဤစကြာဝဠာ၏

ထိပ်သီးကျင့်ကြံသူများဖြစ်ခဲ့သော

ကျန်းဝူကျိ နှင့် အနှောင်အဖွဲ့ကင်းမဲ့သူ

တို့ပင်လျှင် မတတ်နိုင်ခဲ့ပါ။

ကောင်းကင်ငယ်က မိုကျန်းကို

လှည့်ကြည့်လိုက်ပြီး "ဒီကမ္ဘာရဲ့

ဝိညာဉ်အင်ပါယာ ကို

အကျဉ်းချထားတယ်။ ဒါ့အပြင်

သူ့ရဲ့အသိစိတ်ကိုတောင်

ထုတ်ယူထားသေးတယ်။

နင်တို့နတ်ဘုရားဖီးနစ်ကလန်ရဲ့

လုပ်ရပ်တွေက
တကယ်ကိုဆိုးရွားလွန်းတာပဲ”ဟု
အေးစက်စက်လေသံဖြင့် ပြောခဲ့သည်။

"လူမဆန်ဘူးလား" မိုကျန်း၏မျက်နှာက
ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်
ခုပေါ်လာသည်။ သူက
ကောင်းကင်ငယ်ကိုစိုက်ကြည့်ရင်း "ဒါဆို
ယန်ယဲ့က ငါ့ဖိုးနစ်ကလန်ရဲ့
မရေမတွက်နိုင်တဲ့ အဖွဲ့ဝင်တွေကို

သတ်လိုက်တာက

လူသားဆန်တယ်လား"ဟူ၍

ပြန်ပြောလေသည်။

ကောင်းကင်ငယ်က ခေါင်းခါလိုက်သည်။

“ဒီကမ္ဘာမှာ အရာအားလုံးအတွက်

အကြောင်းတရားနဲ့

အကျိုးတရားရှိတယ်။ နင့်ရဲ့

ဖီးနစ်မျိုးနွယ်ကို သူဘာကြောင့်

တိုက်ခိုက်နေတာလဲဆိုတာ နင်လည်း

ကောင်းကောင်းသိထားမှာပါ။ ဒါ့အပြင်

နင့်ရဲ့ဖီးနစ်မျိုးနွယ်စုကို

ဝိညာဉ်အင်ပါယာရဲ့အသိစိတ်ပြန်ပေးဖို့

အခွင့်အရေးတောင် ပေးခဲ့တယ်။ ဒါပေမဲ့

နားမထောင်ခဲ့ဘူး။ အခု နင့်ကို

နောက်ထပ် အခွင့်အရေး ပေးမယ်။

ဝိညာဉ်အင်ပါယာ  ရဲ့ အသိစိတ်နဲ့

သူ့မိတ်ဆွေကို ပြန်လွှဲပေးပါ။ ဒါဆို ငါတို့ထွက်သွားမယ်”

ထွက်သွားမှာတဲ့လား....

မရေတွက်နိုင်သော ဖီးနစ်များက မိုကျန်းကို စိုက်ကြည့်နေကြသည်။ ဤအခိုက်အတန့်တွင် အားလုံးက ယန်ယွဲ့နှင့် ကောင်းကင်ငယ်တို့ထွက်သွားပါစေဟုသာ

မျှော်လင့်နေခဲ့သည်။

တစ်နည်းပြောရလျှင်

နတ်ဘုရားဖီးနစ်ကလန်က

အတော်လေးကို အကြပ်ရိုက်နေခဲ့သည်။

ယန်ယဲ့ သာ ထွက်မသွားဘဲ

ဆက်ပြီးတိုက်ခိုက်နေလျှင်

ဖီးနစ်မျိုးနွယ်တစ်ခုလုံး

ခွေးတစ်ကောင်၊ကြောင်တစ်မြီးပင်ကျန်နို

င်မည်မဟုတ်ပေ။

သို့သော် နတ်ဘုရားဖီးနစ်ကလန်ဟာ
ယန်ယဲ့အား ထွက်သွားခွင့်ပြုခဲ့လျှင်
ဝိညာဉ်အင်ပါယာကို
အပြီးတိုင်စွန့်လွှတ်လိုက်ရပေမည်။
ထို့အပြင် အထက်ကမ္ဘာ၏
ထိပ်သီးအင်အားစုဖြစ်သော
နတ်ဘုရားဖီးနစ်ကလန်က
နတ်ဘုရားအဆင့်ကျင့်ကြံသူတစ်ယော
က်အား ရှုံးနိမ့်ခဲ့သည်ဟုဆိုလိုပါသည်။

နတ်ဘုရားဖီးနစ်ကလန် က ထိုအ

ခြေအနေကို မည်သို့လက်ခံနိုင်သနည်း။

အခြားအရာများကိုမဆိုလိုပါ။ ယန်ယဲ့က

ဖီးနစ်ကမ္ဘာကိုဖျက်ဆီးခဲ့သည့်အပြင်

ထောင်ချီသော

ဖီးနစ်များကိုပါ

သတ်ဖြတ်ပစ်ခဲ့သည်မဟုတ်ပါလား။

မိုကျန်း က ကောင်းကင်ငယ်ကို စိုက်ကြည့်ရင်း "ဒါဆို ငါ့ဖိုးနစ်ကလန်ရဲ့ သေဆုံးသွားတဲ့ အဖွဲ့ဝင်တွေကော ဘယ်လိုလဲ"ဟု အေးစက်စက်ပြန်မေးလိုက်သည်။

ကောင်းကင်ငယ်က ဂရုမစိုက်ဘဲ "ဒါဆို နင်က သေချင်နေသေးတာလား" ဟူသော မေးခွန်းနှင့်သာ ပြန်ဖြေခဲ့သည်။

မိုကျန်း၏ မျက်နှာက

ရက်စက်ကြမ်းကြုတ်မှုများ

ဖုံးလွှမ်းသွားပြီး "ဒါက ဝိညာဉ်အင်ပါယာ

အတွက် မဟုတ်တော့ဘူးလို့ပြောပါရစေ။

ငါ့ဖိုးနစ်ကလန်က

နှစ်ပေါင်းထောင်နဲ့ချီကြာတဲ့အထိ

ဒီလိုအရှက်ရတာမျိုး

တစ်ခါမှမခံစားရဖူးဘူး"ဟု

အေးစက်စက်ပြန်ပြောလေသည်။

ထို့နောက်တွင် သူ၏အကြည့်များက ယန်ယွဲ့ ပေါ်ကို ကျဆင်းလာသည်။ သူကဆက်ပြောလိုက်၏ “နတ်ဘုရားဖီးနစ်မျိုးနွယ်စုကို ဖျက်ဆီးပစ်နိုင်ပေမယ့် ယန်ယွဲ့ ကတော့ သေရမှာပဲ။ ယန်ယွဲ့ကို သတ်လိုက်ကြစမ်း"

အစောပိုင်းက အခြေအနေများကို သူ့စိတ်ထဲ

ဂရုမစိုက်တော့သည့်အကြောင်းအရင်းက

ကြယ်ဓားစွမ်းအင်များ

မရှိတော့သောကြောင့်ပါ။

ကြယ်ဓားစွမ်းအင်များ

ပျောက်ကွယ်သွားသည်နှင့် သူတို့က

ယန်ယဲ့ကိုဂရုမစိုက်တော့ပေ။

မိုကျန်း၏အမိန့်ကို သူတို့ကြားသည်နှင့်

တပြိုင်နက် ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူအားလုံးဟာ

ယန်ယဲ့ဆီကိုခုန်ဝင်လိုက်သည်။

လက်ရှိတွင် ကြယ်ဓားစွမ်းအင်များ

မရှိတော့သောကြောင့်

ယန်ယဲ့အားကြောက်ရွံ့မနေကြတော့ပေ။

"သွားကြရအောင်..." ကောင်းကင်ငယ်က

ယန်ယဲ့၏လက်ကို ဆုပ်ကိုင်လိုက်ရင်း

အဝေးတစ်နေရာသို့

ပျောက်ကွယ်သွားသည်။

ဒီအချိန်မှာ ယန်ယွဲ့က

ထာဝရရှင်သန်ခြင်းအဆင့်

ဓားစိတ်ဆန္ဒ၏

တန်ပြန်ရိုက်ခတ်မှုကြောင့်

တိုက်ခိုက်နိုင်စွမ်းမရှိတော့ပေ။

"သူ့ကိုတားလိုက်..." မိုကျန်းက

ဒေါသတကြီးအော်လိုက်သည် “ငါတို့

ဖီးနစ်ကမ္ဘာ ကို ချိတ်ပိတ်လိုက်ကြ။

ဒါ့အပြင် ကောင်းကင်နဂါးမျိုးနွယ်၊

နတ်ဆိုးဘုရားနန်းတော် နဲ့

နတ်ဆိုးမျောက်ဝံကလန်ကို

သတင်းပို့လိုက်။

ငါတို့နတ်ဘုရားဖီးနစ်ကလန်က

လူသားကျင့်ကြံသူတစ်ယောက်ရဲ့

အလစ်အငိုက်ဝင်တိုက်တာကို ခံရလို့

အကူအညီလိုအပ်နေတယ်လို့ သူတို့ကို

ပြောပြပါ။ ပြီးတော့ လူသားမျိုးနွယ်ရဲ့

အင်ပါယာဂိုဏ်း နဲ့ စစ်နတ်ဘုရားခန်းမ

ကိုပါ အကြောင်းကြားလိုက်တော့။

ယန်ယဲ့က

ဒီနေရာမှာရှိတယ်ဆိုတဲ့သတင်းစကားအ

ပြင် ငါ့ဖိုးနစ်ကလန်က

သူတို့ရဲ့တပ်ဖွဲ့တွေကိုပါ

ဝင်ခွင့်ပြုတယ်လို့အသိပေးပါ။

နောက်တစ်ခုက ရှောင်းလန်ကို

အမြန်ဆုံးရှာပါ။ သူမကို ဒီနေရာကို
အမြန်ပြန်လာဖို့ ပြောပါ။ ဒါ့အပြင်...”

မိုကျန်းက အမိန့်ပေးလိုက်သည်နှင့်
သတင်းစကားဟာ ချက်ချင်းပင်
ပြန့်နှံ့သွားသည်။ ထို့နောက်တွင်
ကောင်းကင်တိုက်ကြီးတစ်ခုလုံးမှ
အင်အားစုအသီးသီးဟာ ဖီးနစ်ကမ္ဘာသို့
စုပြုံချီတက်လာကြတော့သည်။

နတ်ဆိုးမျိုးနွယ်၏ အင်အားစုများ

သာမကဘဲ လူသားအင်အားစုများပါ

ပါဝင်နေခဲ့သည်။

နတ်ဘုရားဖီးနစ်ကလန်တစ်ခုတည်းသာ

လျှင် ယန်ယွဲ့အား

သတ်ချင်နေသည်မဟုတ်ပါ။

လူသားမျိုးနွယ်၏ အင်ပါယာဂိုဏ်း နှင့်

စစ်နတ်ဘုရားခန်းမ

တို့ပါပါဝင်လေသည်။ ယန်ယွဲ့ သည်

သူတို့၏လည်ချောင်းထဲ

နှစ်မြှုပ်ချင်နေသော

ဆူးတစ်ချောင်းလိုပါ။ ၎င်းကို

ဆွဲမနှုတ်နိုင်သရွေ့တော့

စားကောင်း၊သောက်ကောင်းခြင်းလုပ်နိုင်

နည်းမဟုတ်ပေ။ လက်ရှိတွင် ယန်ယွဲ့က

ဖီးနှစ်ကမ္ဘာ၌ ပိတ်မိနေသောကြောင့်

အင်ပါယာဂိုဏ်း နှင့် စစ်နတ်ဘုရားခန်းမ

အတွက်တော့

မဟာအခွင့်အရေးကြီးတစ်ရပ်ပင်။

...

နတ်ဆိုးဘုရားနန်းတော်...။

အဘိုးကြီးဂူမို သည် မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားပြီး

အချိန်အတော်ကြာ

တိတ်ဆိတ်နေခဲ့သည်။

ခဏအကြာတွင်တော့ သူက

အသက်ပြင်းပြင်းရှူကာ

ဖြည်းညင်းစွာထရပ်လိုက်ပြီး

"စတုတ္ထခန်းမရဲ့သံတမန်၊

နတ်ဘုရားဖီးနစ်မျိုးနွယ်စုကို စစ်ကူတွေ

ချက်ချင်းပို့လိုက်ပါ"ဟူ၍ပြောလိုက်တော့

သည်။

အမှန်တော့ သူက ယန်ယဲ့ကို

ဆန့်ကျင်လိုစိတ်မရှိခဲ့ပေ။ သို့ရာတွင်

မဖြစ်မနေလုပ်ရပါမည်။ ယန်ယဲ့ သာ

နတ်ဆိုးမျိုးနွယ်ဖြစ်နေလျှင်တော့

ဘာမှဝင်ပါစရာမလိုပေ။ ကံဆိုးစွာပဲ

ယန်ယဲ့က လူသားတစ်ယောက်

ဖြစ်နေ၏။ ၎င်းက

နတ်ဆိုးဘုရား၏အမြုတေ

ရှိနေသော်လည်း

လူသားတစ်ယောက်ဖြစ်နေသည်မှာ
ပြောင်းလဲ၍မရပေ။

နတ်ဘုရားဖီးနစ်ကလန် သည်
အကူအညီလိုနေသောကြောင့်
နတ်ဆိုးဘုရားနန်းတော်အနေဖြင့်
သေချာပေါက်ကူညီရပါမည်။
ယန်ယွဲ့ သည် နတ်ဆိုးဘုရား၏
အမွေအနှစ်ကို ဆက်ခံထားသည့်တိုင်

နောက်ဆုံးတော့ လူသားတစ်ယောက်သာ

ဖြစ်နေတုန်းပင်။နတ်ဆိုးမျိုးနွယ်က

အခြားသောမျိုးနွယ်စုများ

ကျူးကျော်တိုက်ခိုက်ခံရလျှင်

အချင်းချင်းပူးပေါင်းရပေမည်။

နတ်ဘုရားဖိုးနစ်ကလန် ကို

အကူအညီများ စေလွှတ်ခဲ့သည်က

နတ်ဆိုးဘုရားနန်းတော် ၊

ကောင်းကင်နဂါးကလန်၊

နတ်ဆိုးမျောက်ဝံကလန် နှင့်

နတ်မိစ္ဆာမြေခွေးကလန် တို့ချည်းသာ

မဟုတ်ပေ။

...

နယ်စပ်မြို့ ။ ဆိတ်သားအရက်ဆိုင်။

အခန်းထဲ၌ တင်းရှောက်ယောင်

တစ်ယောက်တည်းသာ ရှိနေသည်။

အချိန်တော်တော်ကြာ တိတ်ဆိတ်နေပြီးမှ သူမက ခေါင်းယမ်းလိုက်သည် "နှင်

နတ်ဆိုးနယ်မြေကို သွားတဲ့အခါ

တော်တော်လေး

ရှုန်းရင်းဆန်ခတ်ဖြစ်မယ်ဆိုတာ

ငါသိတယ်။ ဒါပေမဲ့ ဒီလိုအခြေအနေထိ

ဖြစ်လာမယ်လို့တော့ ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ နှင်က

နတ်ဘုရားဖိုးနစ်ကလန် ထဲကို

ခိုးဝင်တဲ့အပြင်

အစုလိုက်အပြုံလိုက်ပါသတ်လိုက်သေး

တယ်လား။ တော်တော်ကိုဆိုးတာပဲ"

ထိုစကားများပြောပြီးနောက်သူမ၏မျက်

လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"နင့်ကို ငါဘယ်လိုကူညီရမလဲ။

နန်းကုန်းကလန် လား။

မဖြစ်နိုင်ဘူးထင်တယ်။ ဆရာက နင့်ကို

လက်ငှားဖို့ မဖြစ်နိုင်ဘူး။ ကူညီဖို့

သဘောတူတယ်ဆိုရင်တောင်မှ နင့်ကို

ကယ်နိုင်တော့မှာမဟုတ်ဘူး။

ဓားနတ်ဘုရားခန်းမ ဖြစ်နိုင်မလား။

ဒါလည်း

အလုပ်မဖြစ်နိုင်လောက်ဘူးထင်တယ်။

သူတို့က နင့်ကိုမကူညီတဲ့အပြင်

လုပ်ကြံသတ်ဖြတ်ဖို့တောင်ကြိုးစားခဲ့

သေးတယ်။ နောက်ဆုံးတစ်ခုက ငရဲခန်းမ

လား”

ထိုအချက်ကို တွေးမိလိုက်သောအခါ

တင်းရှောက်ယောက်၏ မျက်လုံးများက

ရုတ်တရက် ပွင့်လာသည်။ ထို့နောက်

“ကောင်းကင်၊ မြေကြီး၊ လေ နဲ့ မီး

ကိုအကြောင်းကြားလိုက်။

သူတို့လုပ်နေတာတွေကို ရပ်တန့်ပြီး

ငရဲခန်းမကို တတ်နိုင်သမျှ

အမြန်ဆုံးလိုက်ရှာဖို့ လူတိုင်းကို

အမိန့်ပေးပါ။ မြန်မြန်လုပ်ကြ"

“အမိန့်အတိုင်းပါ သခင်မ” မှောင်ရိပ်ထဲမှ အသံတစ်သံထွက်လာပြီးနောက် သိပ်မကြာလိုက်ဘဲ အခန်းတွင်း တိတ်ဆိတ်သွားပြန်သည်။

ငရဲခန်းမ ။

တင်းရှောက်ယောင် က မျက်လုံးများကို နောက်တစ်ကြိမ် ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။

လက်ရှိတွင် ယန်ယဲ့က

မျှော်လင့်ချက်မဲ့သော အခြေအနေနှင့်

ရင်ဆိုင်နေရသည်။ ယန်ယဲ့ကို

ကူညီနိုင်သော အင်အားစုဟာ

ငရဲခန်းမတစ်ခုသာရှိတော့သည်။

လက်ရှိအခြေအနေအရ ငရဲခန်းမ

ကလွဲ၍ ယန်ယဲ့အား

ကူညီနိုင်သောအင်အားစုတစ်ခုမျှ

မရှိတော့ပါ။

တစ်နည်းအားဖြင့် ငရဲခန်းမ သာလျှင်

ယန်ယဲ့အတွက် လွတ်မြောက်နိုင်သည့်

နောက်ဆုံးမျှော်လင့်ချက်ပင်။

သို့သော် ငရဲခန်းမ၏ ကောရီ (၁၀) ပါးက

ထွက်ပေါ်လာခြင်းမရှိဘဲ

လုံးလုံးပျောက်ကွယ်နေခဲ့သည်။

အခြေအနေဟာ

စဉ်းစားရကြပ်နေသောကြောင့်

တင်းရှောက်ယောင်က မျက်ခုံးများကို တင်းတင်းကြပ်ကြပ် ဖိထားသည်။

...

ဤ တောင်တန်းကြီးကို အပေါ်စီးကနေ ငုံ့ကြည့်ပါက အိပ်စက်နေသည့် ရောမနဂါးကြီးတစ်ကောင်ကဲ့သို့ ထင်ရပေသည်။

တောင်တန်းကြီးအတွင်းမှ

နက်ရှိုင်းလှသော တောအုပ်ကြီးထဲ၌

ဝါးအိမ်လေးတစ်လုံးရှိခဲ့သည်။

အိမ်ခန်းထဲတွင်တော့

ငှက်မွေးယပ်တောင်တစ်ချောင်း

ကိုင်ဆောင်ထားသည့်

အဖြူရောင်ဝတ်ရုံဝတ်အမျိုးသမီးတစ်ဦး

က ကြမ်းပြင်ပေါ်မှာ

တင်ပျဉ်ခွေထိုင်နေခဲ့သည်။ သူမ၏

ရှေ့မှာက စစ်တုရင်ဘုတ်ပြားတစ်ခု
ရှိနေသည်။

လက်ရှိအချိန်တွင်တော့ အဖြူအမဲ
အပိုင်းအစ နှစ်ဖက်လုံးဟာ
ပြင်းထန်သော တိုက်ပွဲတစ်ခုသဖွယ်
ပွတ်တိုက်နေလေသည်။

အဖြူရောင်ဝတ်ရုံအမျိုးသမီးက
အဖြူရောင်အပိုင်းအစကို

ညင်သာစွာကောက်ယူပြီး ဘုတ်
ပြာပေါ်တင်လိုက်သည်။ ထို့နောက်
သူမ၏ပါးစပ်ထောင့်မှ အပြုံးတစ်ခု
ပေါ်လာသည်။ "အသက် ၃၀
မပြည့်သေးပါဘူး၊ ဒါတောင် သူက
ထာဝရရှင်သန်ခြင်းအဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊
ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်
ဓားစိတ်ဆန္ဒ နဲ့ ဓားနယ်မြေ။ လုံး၀ကို

ကြောက်စရာကောင်းလိုက်တဲ့ သဘာဝစွမ်းရည်တွေ။ ကျန်းဝူကျိ နဲ့ အနှောင်အဖွဲ့ကင်းမဲ့သူ ဆိုရင်တောင် သူ့အသက်အရွယ်မှာ ယှဉ်နိုင်မယ်မထင်ဘူး။ ဒီတစ်ခါတော့ နတ်ဘုရားဖီးနစ်ကလန်ဟာ ဝါးနိုင်တာထက် ပိုကိုက်မိသွားပြီ…”

ထိုစကားပြီးသည်နှင့် အနက်ရောင် အပိုင်းအစတစ်ခုကို

ကောက်ကိုင်လိုက်ပြီး ဘုတ်ပြားပေါ်တွင်

ချထားကာ ဆက်ပြောလေသည်

“ကံကြမ္မာကောင်း နဲ့ ကံကြမ္မာဆိုး

နှစ်မျိုးလုံးပါ ပိုင်ဆိုင်ထားသေးတယ်။

များလိုက်တဲ့ ကံကြွေးတွေ။ ပထမ

ကံမကောင်းလို့ ကံကြမ္မာကောင်းတွေ

ရောက်လာတယ်။ ဒါကြောင့် နင်ဟာ

ကံကြမ္မာအမျိုးမျိုးနဲ့

ရင်ဆိုင်တွေ့ခဲ့တာပဲ။ ယန်ယဲ့...၊ နင့်မှာ

ဘယ်လျှို့ဝှက်ချက်တွေ

ဖုံးကွယ်နေတာလဲ။ ငါတကယ်

သိချင်နေတယ်”

ဝါးအိမ်လေးက ခဏတာမျှ

တိတ်ဆိတ်သွားသော်လည်း

အမျိုးသမီးက ဆက်ပြောခဲ့သည်

“ငရဲခန်းမ၊ ပြန်တွေ့ဖို့

သိပ်မကြာတော့ဘူးပဲ။ ဟားဟား၊

နင်တို့ကိုယ်တိုင်ပြမှာလား။ ကိုယ့်ကိုကိုယ်

ပြဖို့ သတ္တိရှိသလား။ ထားလိုက်ပါလေ၊

နင်တို့ရောက်လာတာကို

ငါတကယ်မျှော်လင့်တယ်။

ငါ့စိတ်ထင်တော့ လာမယ်မထင်ဘူး။

ဒါပေမဲ့ နင်တို့မလာရင် ယန်ယဲ့က

ဘာလုပ်မလဲ။ သူက အခုအချိန်မှာ

မျှော်လင့်ချက်မဲ့တဲ့ အခြေအနေမှာ

ရှိနေတယ်။ ဟမ့်၊ မဟုတ်သေးဘူး။

ဒါဟာ မျှော်လင့်ချက်မဲ့တဲ့

အခြေအနေမဟုတ်သေးပါဘူး။ သူ့ရဲ့

ကံကြမ္မာက

အတော်လေးအားကောင်းနေသေးတယ်။

ဒါဆို သူကိုယ်တိုင်

ရုန်းထွက်နိုင်သေးတာပေါ့။ ဟင်း၊

ဒါဆိုရင်တော့ ငါက

နတ်ဘုရားဖီးနစ်ကလန်ကို လက်တစ်ဖက်

ငှားရတော့မှာ"

ထိုစကားပြောပြီးသည်နှင့်

နောက်အပိုင်းတစ်ခုကို

ကောက်ယူလိုက်ပြီး

“ငါ့အမိန့်ကိုပို့လိုက်ပါ။

အဇူရာကောင်းကင် နဲ့

အဖြူရောင်မြေကြီးးကို

နတ်ဆိုးနယ်မြေဆီသွားဖို့ပြောလိုက်။

ပြီးတော့ ကောင်းကင်နဂါးမျိုးနွယ်၊

နတ်ဆိုးမျောက်ဝံကလန် နဲ့

နတ်မိစ္ဆာမြေခွေးကလန် ရဲ့

အဖွဲ့ဝင်အချို့ကို သတ်ခိုင်းလိုက်ပါ။

တစ်ခုတော့ရှိတယ်၊ အများကြီးသတ်ဖို့

မလိုအပ်ဘူး၊ မျိုးနွယ်စုတစ်ခုကို

(၁၀,၀၀၀) လောက်သတ်ရုံပဲ။ ဒါဆို

လုံလောက်ပါတယ်။ အဲဒီ

မျိုးနွယ်စုတွေကို

သတိပေးစကားချန်ထားဖို့ပါ

ထပ်ပြောလိုက်။ ယန်ယွဲ့ကို

ထွက်သွားခွင့်မပြုရင် သူတို့ရဲ့

မျိုးနွယ်စုတွေ

ပျက်သုဉ်းသွားလိမ့်မယ်ဆိုတာ

သတိပေးခဲ့လိုက်”

"နားလည်ပါပြီ..." တံခါးအပြင်ဖက်ကနေ

အသံတိုးတိုးလေးထွက်လာခဲ့သည်။

အဖြူရောင်ဝတ်ရုံဝတ်အမျိုးသမီးက

လက်ကိုဝှေ့ယမ်းလိုက်ရာ

စစ်တုရင်ဘုတ်ပြား က

ပျောက်သွားသည်။ ထို့နောက်

တံခါးဆီသို့ ဖြည်းညှင်းစွာ

လျှောက်သွားကာ ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

အချိန်တော်တော်ကြာ နှုတ်ဆိတ်နေပြီးမှ

သူမ၏မျက်နှာက အပြုံးတစ်ခု

ရုတ်တရက်ပေါ်လာသည်။

တစ်ဆက်တည်း "ငရဲခန်းမ၊

ငါတို့ကြားက ရန်ငြိုးတွေ
နောက်ဆုံးတော့ ပြီးသွားပြီ"ဟု
ရေရွတ်လိုက်ပါသည်။

ထိုစကားပြောပြီးသည်နှင့် သူမက
အိမ်ထောင့်ကို
ရုတ်တရက်လှည့်ကြည့်လိုက်ပြီး
"စိတ်မပူပါနဲ့။ နင်ချစ်တဲ့လူက
အရမ်းထူးခြားတဲ့ကံကြမ္မာရှိတယ်၊
သူသေမှာ မဟုတ်ဘူး။ နင် သူ့ကို

မကြာခင် တွေ့နိုင်လိမ့်မယ်"ဟူ၍
ပြောလိုက်သည်။

May Be:

၁၈၉၂

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၂ - နတ်ဘုရားဖီးနစ်ကလန်

နှင့်တိုက်ပွဲ (၅)

ဖိုးနှစ်ကမ္ဘာ၊

မူလစေတီထဲတွင် ။

ဒီအချိန်မှာ ယန်ယဲ့က
မူလစေတီ၏တတိယမြောက်အထပ်၌
တင်ပျဉ်ခွေထိုင်နေခဲ့သည်။
သူ့ခန္ဓာကိုယ်တစ်ခုလုံးမှ
ထွက်ပေါ်လာသော ဓားစိတ်ဆန္ဒ ဟာ
ဖရိုဖရဲဖြစ်နေသည်။

တန်ပြန်ရိုက်ခတ်မှု ပါ။

လက်ရှိအခြေအနေက

ထာဝရရှင်သန်ခြင်းအဆင့်

ဓားစိတ်ဆန္ဒ၏ တန်ပြန်ရိုက်ခတ်မှုပင်။

ကံကောင်းထောက်မစွာ၊ ယန်ယဲ့က

ထိုကဲ့သို့ နာကျင်မှုအား

ကောင်းကောင်းကြီးခံစားဖူးထား၏။

နောက်ထပ် ၂ နာရီလောက်

ကြာပြီးနောက်တော့ ယန်ယဲ့ သည်

မူလခရမ်းရောင်စွမ်းအင်၏

ပြန်လည်ကုသမှုနှင့်အတူ အပြည့်အဝ

ပြန်ကောင်းလာခဲ့သည်။

အမှန်တော့ ယန်ယဲ့၏

ကြောက်စရာအကောင်းဆုံးစွမ်းရည်က

ဓားတာအိုမဟုတ်ပါ။

သူ၏ပြန်လည်ကုသနိုင်စွမ်းပင်။ သူ၏ပြန်လည်ကုသခြင်းစွမ်းရည်က အမှန်တကယ်ပင် ကောင်းကင်ဘုံအား ဆန့်ကျင်နေပါသည်။ သီအိုရီအရတော့ ကျင့်ကြံသူတစ်ယောက်ဟာ ဒဏ်ရာအပြင်းအထန်ရခဲ့လျှင် အပြည့်အဝပြန်ကောင်းလာဖို့က လအနည်းငယ်ကြာအောင်အချိန်ယူရပေသည်။ သို့သော် လက်ရှိယန်ယဲ့ ကတော့

အချိန် ၂

နာရီလောက်သာကြာခဲ့လေသည်။

ထိုအချိန်တွင် "နင် အခု ဘာလုပ်ဖို့

စိတ်ကူးထားလဲ"ကောင်းကင်ငယ်က

ရုတ်တရက်မေးခဲ့သည်။

ယန်ယဲ့ က စကားမပြောဘဲ

နှင်းပွင့်လေးကိုသာ စိုက်ကြည့်နေသည်။

ထိုအချိန်တွင် နှင်းပွင့်လေးက

ရွှေလှော်င်အိမ်ထဲမှာ လုံး၀ မလှုပ်ရှားဘဲ

တိတ်တိတ်လေး လဲလျောင်းနေခဲ့သည်။

ထို့အပြင်

သူမ၏ချစ်စဖွယ်မျက်လုံးသေးသေး

လေးများက တဖြည်းဖြည်း

အေးခဲလာသည်။

ယန်ယွဲ့ နှင့် ပထမဆုံးအကြိမ်တွေ့စဉ်က

သူမလေးဟာ

ကောင်းကင်ဝံပုလွေဘုရင်၏

နှစ်ပေါင်းများစွာတိုင်

အကျဉ်းချထားခြင်းကိုခံနေရသည်။

တစ်နည်းအားဖြင့် နှင်းပွင့်လေးက

နောက်တစ်ကြိမ်

လွတ်လပ်ခွင့်ဆုံးရှုံးသွားမည်ကို

အကြောက်ဆုံးပါ။ လက်ရှိတွင်

နတ်ဘုရားဖီးနစ်ကလန် ဟာ သူမကို

ထပ်ပြီးချုပ်နှောင်ထား၏။ ထို့အပြင်

အသိစိတ်ကိုပါထုတ်ယူခဲ့သည်။

သူ၏နှင်းပွင့်လေးက မည်မျှ
အားကိုးရာမဲ့ပြီး ကြောက်လန့်နေမည်ကို
တွေးကြည့်နိုင်ပါသည်။

အဆိုးဆုံးက ဇီအာ
ဘယ်ရောက်နေမှန်းပင်မသိခဲ့ပေ။

ယန်ယဲ့က သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။မျက်
လုံးကို ပြန်မဖွင့်လာခင်

အချိန်အတော်ကြာသွားသည်။

ဒီအချိန်မှာ သူ၏အကြည့်များက

ထူးထူးခြားခြား ငြိမ်သက်သွားပြန်သည်

"ငါဘာလုပ်ဖို့ စိတ်ကူးထားလဲ။

ဟားဟား၊ စောစောက ပြောခဲ့တာကို

မှတ်မိလား။ ငါယန်ယွဲ့က

နတ်ဘုရားဖီးနစ်ကလန် ကို

မျိုးတုန်းသွားအောင် လုပ်မယ်။သူတို့ကို

ဒီတိုက်ကြီးမှာ မနေနိုင်အောင်
ငါလုပ်ပေးမယ်”

ကောင်းကင်ငယ်က ခေါင်းခါလိုက်သည်
"ဒါကို ပြီးမြောက်ဖို့ နင့်ရဲ့ လက်ရှိ
ခွန်အားက မလုံလောက်ဘူး"

ယန်ယဲ့ က သူမကို စူးစိုက်ကြည့်ကာ
"တစ်ရက်တည်းနဲ့ ငါမလုပ်နိုင်ရင်
နှစ်ရက်လောက်ကြိုးစားမယ်။

နှစ်ရက်နဲ့မှ မရသေးရင်

နှစ်နှစ်ကြိုးစားမယ်။

နှစ်နှစ်အတွင်းမှာတောင်

မပြီးမြောက်နိုင်သေးရင် အနှစ်နှစ်ဆယ်

ကြိုးစားမယ်။ သူတို့

မျိုးတုန်းသွားတဲ့အထိ ငါရပ်မှာ

မဟုတ်ဘူး”ဟူ၍ ပြန်ပြောလိုက်သည်။

ကောင်းကင်ငယ်က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက်

ပြောလေတော့သည်

"ဘာပြောရမှန်းမသိဘူး"

ယန်ယဲ့ ကို တားဆီးနိုင်မည်လော။

မလုပ်နိုင်ပေ၊ ဒီအချိန်မှာ ယန်ယဲ့ကို

တားဖို့မဖြစ်နိုင်မှန်း

ကောင်းကောင်းသိနေပါသည်။

သို့သော် ယန်ယဲ့၏ အမှားမဟုတ်ခဲ့ပေ။

အမှားလုပ်ခဲ့သူက

နတ်ဘုရားဖီးနစ်ကလန် သာ။ အကယ်၍
သူမအနေဖြင့် တားဆီးချင်ပါက
နတ်ဘုရားဖီးနစ်ကလန် ကိုသာ ရပ်တန့်ဖို့
တားရပေမည်။ ကံမကောင်းစွာပဲ
သူမ၏အကြံအစည်က
မအောင်မြင်ခဲ့ပေ။

သို့သော်လည်း သူမက ယန်ယွဲ့အား
အစုလိုက်အပြုံလိုက်
ထပ်ပြီးမသတ်စေလိုတော့ပေ။

ယန်ယဲ့ က သူမကို စိုက်ကြည့်ရင်း "

ကောင်းကင်ငယ်၊ မင်းက

ကြင်နာတတ်တယ်ဆိုတာ ငါသိပါတယ်။

ပြီးတော့ ငါ့ကို အရမ်းသတ်နေတာမျိုး

မတွေ့ချင်ဘူး။ မင်းငါ့ကိုတားချင်ရင်

မင်းမှာ

ငါ့ကိုတကယ်တားနိုင်စွမ်းရှိတယ်ဆိုတာ

ငါသိတယ်။ ဒါပေမဲ့

ငါအလေးအနက်ထားပြီးပြောချင်တယ်။

ငါ့ကိုမတားပါနဲ့။ ဘာလို့လဲဆိုတော့
မင်းကို ငါ့ရန်သူအဖြစ်
မဆက်ဆံချင်ဘူး"ဟု ပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်
ယန်ယဲ့၏ပုံရိပ်က နေရာတွင်ပင်
ပျောက်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးနောက် နံဘေးမှာ

တိတ်တဆိတ်ရပ်နေခဲ့သည့်

ရှောင်ယူရှီက

"နင် သူ့ကို ကူညီပေးနိုင်မလား"ဟူ၍

ရုတ်တရက်ပြောခဲ့သည်။ သူမက

ကောင်းကင်ငယ်အကြောင်း မသိပေ။

သို့သော်လည်း ကောင်းကင်ငယ်က

ယန်ယဲ့အား ကူညီပေးနိုင်ကြောင်းတော့

အလိုလိုခံစားမိခဲ့သည်။

ကောင်းကင်ငယ်က ခေါင်းခါလိုက်သည်။

"သူ့ကို သတ်မှာ မဟုတ်ဘူး။

ကောင်းကင်ဘုံတာအိုမျက်လုံး ကနေ

လွတ်အောင် ကူညီပေးလိုက်တာက

နတ်ဘုရားဖီးနစ်ကလန်ကို

အပြစ်ပေးသင့်တယ်လို့ ခံစားမိလို့ပဲ။

အခုချိန်မှာ သူတို့ရဲ့ အပြစ်ဒဏ်ကို

ခံနေရပြီ"

ရှောင်ယုရှီက တိတ်ဆိတ်သွားသည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က သက်ပြင်းချကာ "တိုက်ကြီးဟာ ငြိမ်းချမ်းနေတာ ကြာပါပြီ။ သွေးမုန်တိုင်းတွေ ထပ်ပြီး ထန်လာဦးမလား"ဟူ၍ ထပ်ပြောခဲ့သည်။

...

ယန်ယဲ့ သည်
အပြင်ကိုပြန်ထွက်လာပြီးနောက် သူက
တောင်တန်းတစ်ခု၏ မြေအောက်ထဲ၌
ရှိနေသည်ကို သတိပြုမိလိုက်သည်။
သို့သော် မြေအောက်ထဲမှ ချက်ချင်း
တက်မလာမသေးဘဲ ဖီးနစ်ကမ္ဘာ၏
ဗဟိုအူတိုင် ဆီသို့ လျှောက်သွားခဲ့သည်။

အကယ်၍ မြေအောက်ထဲမှ
တက်လာပါက အပေါ်တွင်

စောင့်ကြိုနေသည့်အရာကို

ကောင်းကောင်းသိထားပါသည်။

ထို့ကြောင့် သူ့အနေဖြင့်

လက်စားချေလိုပါက

နတ်ဘုရားဖီးနစ်ကလန် နှင့်

ထိပ်တိုက်ရင်ဆိုင်လို့မရတော့ပေ။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့ သည်

မြေအောက်အနက်ပိုင်းဆီသို့ရောက်လာခဲ့

သည်။ ထို့နောက် ခဏအကြာတွင်
သူ့ရှေ့၌ အကျယ်မသိနိုင်သော
ချော်ရည်တံတိုင်းကြီးကို မြင်လိုက်သဖြင့်
ရပ်တန့်သွားခဲ့သည်။

ယန်ယဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
နတ်ဓားကိုဆွဲထုတ်ကာ
ပိုင်းချလိုက်သည်။

အောင်း....

ဖီးနှစ်ကမ္ဘာတစ်ခုလုံးမှ

ကြောက်မက်ဖွယ်ရာ ဓားအူသံကြီး

ရုတ်တရက် ထွက်ပေါ်လာပြီးနောက်

တောင်တန်းကြီးတစ်ခုဟာ ရုတ်တရက်

ပေါက်ကွဲထွက်လာသည်။ထို့နောက်တွင်

မီးတောင်များပေါက်ကွဲလာသကဲ့သို့

မရေမတွက်နိုင်သော

ချော်ရည်တိုင်လုံးများ မြေအောက်ကနေ

အဆက်မပြတ်ထိုးထွက်လာခဲ့သည်။

ကောင်းကင်အထက်သို့

ထိုးတက်လာသည်နှင့်အမျှ

ချော်ရည်တိုင်လုံးများအားလုံး

ပေါက်ကွဲထွက်လာကာ

မီးရှူးမီးပန်းများကဲ့သို့

ပေါက်ကွဲသွားလေသည်။အဆုံးတွင်တော့

မိုးမုန်တိုင်းကြီးအလား မြေပြင်ထက်

ပြန်ကျလာတော့သည်။

ဓားအူသံ ထွက်ပေါ်လာသည့်အခိုက်

ယန်ယွဲ့ရှိနေသည့် တောင်တန်းအပေါ်သို့

နတ်ဘုရားစိတ်အာရုံအသိ ၂၀ ကျော်

ပေါ်လာသည်။ခဏအကြာတွင်

တောင်တန်း၏အထက် လေထဲ၌

အဘိုးကြီး အယောက် ၂၀ ကျော်

ပေါ်လာခဲ့သည်။ အဖွဲ့ကို ဦးဆောင်လာသူ

ကတော့ မိုကျန်း ပါ။

"သူဒီမှာ ပုန်းနေတယ်" မိုကျန်းက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်သွား၏။

"ဒါဆို သူ့ကိုရှာလို့ရလား" မိုကျန်း၏ နံဘေးမှ အဘိုးအိုတစ်ယောက်က မေးလေသည်။

မိုကျန်း၏ မျက်လုံးများက အနည်းငယ် ကျဉ်းသွားသည်။ ထို့နောက် သူ၏

နတ်ဘုရားစိတ်အာရုံအသိက ဟုန်းခနဲ

လွင့်ပျံ့သွားသည်။

တစ်ခဏလေးအတွင်းမှာပဲ ကီလိုမီတာ

သောင်းချီသော ပတ်ဝန်းကျင်ကို

လွှမ်းခြုံသွားသည်။

အချိန်တော်တော်ကြာပြီးမှ

မျက်လုံးကိုပြန်ဖွင့်ကာ "သူ့ရဲ့

အငွေ့အသက်ကို ငါရှာလို့မတွေ့ဘူး"

ဟုပြောလိုက်သည်။

အဘိုးအိုက ခေါင်းညိတ်ရင်း

ပြန်ပြောပါသည်။ “သူက ဓားနယ်မြေ

ပိုင်ဆိုင်ထားတော့ သူ့ကိုယ်သူ

အပြည့်အဝ ဖုံးကွယ်ထားနိုင်တယ်။

သူဘာမှမလုပ်သရွေ့တော့ ငါတို့က

သူ့ကိုရှာတွေ့ဖို့ အရမ်းခက်တယ်”

မိုကျန်းက ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

စကားပြောရန် ပြင်လိုက်စဉ်

အတော်ဝေးဝေးမှ ဓားအူသံတစ်ချက်

ထွက်ပေါ်လာသည်။ ထို့နောက်တွင်

သူတို့၏မျက်လုံးထဲ၌

ကမ္ဘာပျက်သည့်အတိုင်း

ထိတ်လန့်ဖွယ်ရာ

မြင်ကွင်းတစ်ခုပေါ်လာသည်။

မြေကြီးအောက်ထဲမှ

မရေမတွက်နိုင်သော

ချော်ရည်တိုင်လုံးများ

ထိုးထွက်လာခြင်းပင်။

ဓားအူသံ ထွက်ပေါ်လာသည့်အခိုက်

မိုကျန်း နှင့် အဘိုးအို အုပ်စုက

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

မျက်စိတစ်မှိတ်အတွင်းမှာပဲ

ဒုတိယမြောက်

ဓားအူသံပဲ့တင်ထပ်နေသည့်နေရာကို

ရောက်လာကြသည်။ သို့သော်

သူတို့ရောက်လာသည့်အချိန်မှာ
နေရာတစ်ခုလုံးပျက်စီးနေသော မြင်ကွင်း
ကလွဲ၍ ယန်ယွဲ့၏အရိပ်အယောင်ကို
မတွေ့ရပေ။

မိုကျန်း သာမကဘဲ သူ့နောက်မှ
လူတိုင်း၏ အမူအရာများက
အလွန်ဆိုးရွားသွားခဲ့သည်။

ယန်ယဲ့က ထိပ်တိုက်ရင်ဆိုင်ခဲ့လျှင်

ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို

ထုတ်မသုံးသရွေ့ သူတို့ဟာ

ကြောက်ရွံ့နေမည်မဟုတ်ပါ။ ထို့အပြင်

ကြယ်တာယာစွမ်းအင်ဓားနယ်မြေဖြင့်

လွှမ်းခြုံထားသည့်တိုင်

နတ်ဆိုးမျိုးနွယ်အသီးသီးမှ

ကျင့်ကြံသူများအများအပြား

ရောက်လာနေသောကြောင့်

သိပ်ပြီးမကြောက်တော့ပေ။ ယန်ယဲ့ သာ အပြင်ကိုထွက်လာပါက ချက်ချင်း အသတ်ခံရပါလိမ့်မည်။ သို့သော်လည်း ယန်ယဲ့က အပြင်ကိုထွက်မလာဘဲ ခိုးကြောင်ခိုးဝှက်သာ တိုက်ခိုက်နေ၏။

ယန်ယဲ့ သည်
ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ မဟုတ်ပေ၊ သို့သော်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူထက်

အဆပေါင်းများစွာ

ပို၍ပြီးကြောက်စရာကောင်း၏။

အထူးသဖြင့်

ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ

အလစ်အငိုက်တိုက်ခိုက်နေသောကြောင့်

ပင်။

ထိုအချိန်မှာပဲ ဖီးနစ်ကမ္ဘာ၏

ထောင့်တစ်နေရာမှ နောက်တစ်ကြိမ်

စူးရှသောဓားအူသံကြီး ရုတ်တရက်

ထွက်ပေါ်လာသည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ သည်

ဖီးနစ်ကမ္ဘာ၏ ဗဟိုအူတိုင်ကို

အဓိကထားဖျက်ဆီးနေခဲ့သည်။

အကယ်၍ အပြင်ကမ္ဘာဆိုပါက

လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

ကောင်းကင်ဘုံတာအိုမျက်လုံး

ပေါ်မလာလျှင်ပင် ကောင်းကင်ငယ်က

သူ့အား တားဆီးပါလိမ့်မည်။ သို့သော်

ဖီးနစ်ကမ္ဘာ ကတော့ မတူပါ။ ဖီးနစ်ကမ္ဘာ

က နတ်ဘုရားဖီးနစ်ကလန်မှ

ဖန်တီးထားသော

ကိုယ်ပိုင်ကမ္ဘာတစ်ခုပင်။

ကောင်းကင်တိုက်ကြီး၏

ပိုင်နက်ထဲမှာသာ ရှိနေသော်လည်း

သီးခြားကမ္ဘာငယ်တစ်ခု ဖြစ်လေသည်။

၎င်းအား

အပြီးတိုင် ဖျက်ဆီးခံရလျှင်ပင်

ကောင်းကင်ဘုံတာအိုမျက်လုံး

ပေါ်လာမည်မဟုတ်ပေ။

အကြောင်းကတော့ ဖီးနစ်ကမ္ဘာ

ဖျက်ဆီးခံရခြင်းဟာ

ကောင်းကင်တိုက်ကြီးအား

အနည်းငယ်သာ
သက်ရောက်စေသောကြောင့်ပါ။

ထိုအချက်က မိုကျန်း နှင့်
ဖီးနစ်မျိုးနွယ်၏အာဏာပိုင်များ
စိုးရိမ်နေသည့် အဓိကအရာတစ်ခုပင်။

ဖီးနစ်ကမ္ဘာ၏ လက်ရှိအခြေအနေဟာ
အစောပိုင်းက ကြယ်ဓားစွမ်းအင်ကြောင့်
ပျက်စီးလုနီးပါးပင်ဖြစ်နေပါပြီ။

လက်ရှိတွင်လည်း ယန်ယဲ့က

ဖီးနစ်ကမ္ဘာ၏ ဗဟိုအူတိုင်ကိုပါ

ဖျက်ဆီးပစ်နေလေသည်။

အကယ်၍

ဆက်ပြီးလုပ်ဆောင်ခွင့်ပြုထားခဲ့လျှင်

ဖီးနစ်ကမ္ဘာဟာ မကြာမီပင်

ပျက်သုဉ်းသွားတော့မည်မှာ

ပြောစရာတောင်မလိုပေ။

ထိုအချိန်တွင် မိုကျန်းက "ယန်ယဲ့ကို

ကူပြီး ရှာဖွေပေးဖို့အတွက်

ကောင်းကင်နဂါးမျိုးနွယ်၊

နတ်ဆိုးဘုရားနန်းတော်၊

နတ်မိစ္ဆာမြေခွေးကလန် နဲ့

နတ်ဆိုးမျောက်ဝံကလန်ကို

တောင်းဆိုပါ။ ဒါ့အပြင် သူ့ရဲ့စွမ်းအားက

အတော်လေးထူးခြားလို့ အနည်းဆုံး

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၃ ယောက်မှ မပါရင်

ထိပ်တိုက်ရင်ဆိုင်လို့မရဘူးလို့ပါထည့်

ပြောလိုက်"ဟူ၍ အမိန့်ပေးခဲ့သည်။

ထို့နောက်တွင်......။

မရေမတွက်နိုင်သော

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများဟာ ယန်ယဲ့ကို

အဆက်မပြတ်လိုက်လံရှာဖွေခဲ့ကြသည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူအားလုံးက

နတ်ဘုရားစိတ်အာရုံအသိများကို

ပူးပေါင်းထုတ်လွှတ်ကာ

ဖီးနစ်ကမ္ဘာတစ်ခုလုံးအား

လွှမ်းခြုံလိုက်ကြလေသည်။

ဤအခိုက်အတန့်တွင် ဖီးနစ်ကမ္ဘာမှ

လှုပ်ရှားမှုတစ်ခု သို့မဟုတ်

အနည်းငယ်လေအေးအေးလေးတစ်ချက်

တိုက်ခတ်သွားလျှင်ပင်

ချက်ချင်းသတိပြုမိနိုင်၏။

သို့သော်လည်း လက်ရှိတွင် ယန်ယဲ့က

ထပ်ပြီးမတိုက်ခိုက်ခဲ့ပေ။

အမှန်တိုင်းဆိုရလျှင် ယန်ယဲ့က သူ၏

ဆန်းကြယ်ချီစွမ်းအင်ကို ပြန်ဖြည့်ကာ

အလစ်ဝင်တိုက်ခိုက်ဖို့

အခွင့်ကောင်းစောင့်ဆိုင်းနေခြင်းပါ။

တစ်နည်းဆိုရသော် လက်ရှိတွင်
ဖီးနစ်ကမ္ဘာ က
အနည်းငယ်တည်ငြိမ်နေခဲ့၏။

ဖီးနစ်ကမ္ဘာတစ်ခုလုံးက
တိတ်ဆိတ်ငြိမ်သက်နေသော်လည်း
ငြိမ်းချမ်းသော အခြေအနေမဟုတ်သလို
မုန်တိုင်းမတိုက်ခင်
လေပြည်လာခြင်းသာဖြစ်ကြောင်း
လူတိုင်း သိနေကြသည်။

ထိုအချိန်တွင် အမျိုးသားတစ်ဦးနှင့်
အမျိုးသမီးတစ်ဦးက
နတ်ဆိုးနယ်မြေထဲသို့ ရုတ်တရက်
ဝင်ရောက်လာခဲ့ကြသည်။
နှစ်ယောက်လုံး၏ အပြင်ပန်းသွင်ပြင်ကို
အခြေခံပြီး
အသက်ငယ်ငယ်လေးသာရှိကြသေးမှန်း
သိနိုင်လေသည်။ အမျိုးသားက
အပြာရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး

အမျိုးသမီး ကတော့

အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်

ထားသည်။ ထို့အပြင် အမျိုးသားက

ဘယ်ဖက်လက်ထဲ၌

ဓားတစ်ချောင်းကိုင်ထားပြီး အမျိုးသမီး

ကလည်း ညာဖက်လက်ထဲမှာ

ဓားတစ်ချောင်းစီကိုင်ထားကြသည်။

ထူးခြားသည်မှာ အမျိုးသမီးက

ဘာကဖက်လက်ပြတ်တောက်နေသလိုသူ

မ၏ပခုံးပေါ်မှ ပြုတ်ရှုဒဏ်ရာက
မှန်တစ်ချပ်ကွဲသို့ ချောမွေ့နေခြင်းပင်။

နှစ်ယောက်စလုံးက နတ်ဆိုးနယ်မြေ
ထဲကို
ဝင်ရောက်လာသည်နှင့်
ကောင်းကင်နဂါးမျိုးနွယ်ဆီသို့
တည့်တည့်သွားကြသည်။

ကောင်းကင်ဘုံနဂါးမျိုးနွယ်စု၏

နယ်မြေထဲသို့ ဝင်ရောက်လာသည်နှင့်

တပြိုင်နက် သူတို့ရှေ့တွင်

နဂါးတစ်ကောင် ပေါ်လာသည်။

နဂါးက သူတို့နှစ်ယောက်ကို

စိုက်ကြည့်ကာ “လူသားတွေ လား”

ဟုဒေါသတကြီးပြောလိုက်သည်။

ထိုအချိန်တွင် အမျိုးသမီး၏လက်ထဲမှ

ဓားက အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲပြီး ဖျတ်ခနဲ

ပျောက်သွားခဲ့ပါသည်။တစ်ဆက်တည်း

ဓားချီဖြင့်ဖန်တီးထားသော

ကြာပန်းတစ်ပွင့်က နဂါးကြီး၏အထက်၌

ပေါ်လာသည်။ ခဏအကြာတွင်

ကြာပန်းပွင့်က ပွင့်အာလာပြီး

အလင်းတန်း ၁၀,၀၀၀ နီးပါး

ဖြာထွက်ကာ နဂါးကြီး၏ခန္ဓာကိုယ်အား

ထိမှန်သွားသည်။

ဘမ်း…

ခဏသာကြာပြီးနောက် နဂါးကြီး၏

ခန္ဓာကိုယ်ဟာ

အပိုင်းပိုင်းကွဲအက်သွားလေတော့သည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

နဂါးတစ်ကောင်က ချက်ချင်း

အသတ်ခံလိုက်ရ၏။

ထိုနဂါးကြီး အသတ်ခံရသည်နှင့်

ကောင်းကင်နဂါးမျိုးနွယ်တစ်ခုလုံး

တုန်လှုပ်သွားသည်။ ထို့နောက်တွင်

ကောင်းကင်နဂါးကမ္ဘာထဲမှ

မရေမတွက်နိုင်သော နဂါးကျင့်ကြံသူများ

ထွက်လာကာ အမျိုးသား နှင့်

အမျိုးသမီးအား

တိုက်ခိုက်လိုက်ကြသည်။

သို့သော် နှစ်ယောက်လုံး၏ အမူအရာက

လုံးဝပြောင်းလဲမသွားပေ။

နှစ်ယောက်လုံးက လက်ထဲမှ ဓားများကို

ရှေ့သို့ပြိုင်တူပစ်လွှတ်လိုက်သည်။

ထိုခဏလေးအတွင်းမှာပဲ

ကောင်းကင်ဘုံနဂါးကမ္ဘာ၏ အထက်

ကောင်းကင်ယံက ဓားစွမ်းအင်နှင့်

ဓားအလင်းတန်းပြောက်များစွာ

ဖုံးလွှမ်းသွားသည်။

နောက် ၁၅ မိနစ်ခန့်အကြာတွင်တော့

နှစ်ယောက်လုံး

ကောင်းကင်ဘုံနဂါးကမ္ဘာမှ

ထွက်ခွာသွားကြသည်။

ထိုအချိန်တွင်

ကောင်းကင်ဘုံနဂါးကမ္ဘာ၏ မြေပြင်ကား

နဂါးအသေကောင် ၁၀၀၀၀ နီးပါး၏

အလောင်းများ စုပုံနေခဲ့သည်။

အများစုက

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် နှင့်

ပြန်လည်မွေးဖွားခြင်းအဆင့်

နဂါးများဖြစ်သည်။ ထို့အပြင်

နဂါးမျိုးနွယ်၏ မျိုးဆက်သစ်အများစုပါ

ပါဝင်နေခဲ့သည်။

အမျိုးသားနှင့် အမျိုးသမီး စုံတွဲက

ကောင်းကင်ဘုံနဂါးကမ္ဘာမှ

ထွက်သွားပြီးနောက်

နတ်မိစ္ဆာမြေခွေးကလန် နှင့်

နတ်ဆိုးမျောက်ဝံကလန် ကိုပါ ဆက်၍

ဝင်ရောက်သွားခဲ့ကြသည်။

၁၅ မိနစ်ခန့်အကြာ သူတို့

ပြန်ထွက်လာပြီးနောက်

နတ်မိစ္ဆာမြေခွေးကလန် နှင့်

နတ်ဆိုးမျောက်ဝံကလန်

၏ပိုင်နက်အသီးသီးမှာ အလောင်းပေါင်း

(၁၀,၀၀၀) ကျော် ချန်ထားခဲ့သည်။

ထို့နောက်တွင် နှစ်ယောက်စလုံး

နတ်ဆိုးနယ်မြေမှ

ပြန်ထွက်သွားခဲ့ကြသည်။

နတ်မိစ္ဆာမြေခွေးကလန် နှင့်

နတ်ဆိုးမျောက်ဝံကလန် ဖြစ်ဖြစ်၊

ကောင်းကင်ဘုံနဂါးမျိုးနွယ်ဖြစ်စေ

အသတ်ခံရသူအများစုဟာ

နတ်ဘုရားတစ်ပိုင်းအဆင့်များစွာပါခဲ့

လေသည်။

ထို့အပြင် အမျိုးသားနှင့် အမျိုးသမီးက

သူတို့ ထွက်မသွားခင်

အင်အားစုတစ်ခုစီ၌

စာတစ်စောင်စီချန်ထားခဲ့၏။ စာပါ

အကြောင်းအရာက ဤသို့ပင် "ယန်ယဲ့

သေရင် နတ်ဆိုးမျိုးနွယ်က

အပြီးတိုင်ပျောက်ကွယ်သွားရမယ်"

ထိုစကားလုံးများက

လုံးဝကိုမောက်မာထောင်လွှားပြီး

လွှမ်းမိုးမှုအပြည့်ပါလေသည်။

သို့သော် နတ်ဆိုးမျိုးနွယ်က ၎င်းကို

ကြောက်လန့်မည်လား။

နတ်ဆိုးမျိုးနွယ် သည်

ကြောက်လန့်သွားခြင်းမရှိသည့်အပြင်

နတ်ဆိုးမျိုးနွယ်တစ်ခုလုံးကိုပါ

ဒေါသထွက်သွားစေခဲ့သည်။ချက်ချင်းဆို

သလိုပဲ နတ်ဆိုးမျိုးနွယ်၏

မရေတွက်နိုင်သော ကျင့်ကြံသူများဟာ

ဖီးနစ်ကမ္ဘာ သို့ အပြေးအလွှား

ရောက်ရှိလာကြတော့သည်။ ၎င်းတို့၏

ပစ်မှတ်ကတော့ သဘာဝအတိုင်း ယန်ယဲ့

သာ။

ထို့အပြင် နတ်ဆိုးနယ်မြေတစ်လျှောက်

အသိပေးခေါင်းလောင်းသံများပါ

ဆက်တိုက်မြည်ဟီးလာသည်။

နတ်ဆိုးနယ်မြေ၏

သတိပေးခေါင်းလောင်းသံဟူသည်

တစ်စုံတစ်ယောက်က

နတ်ဆိုးနယ်မြေအား
ကျူးကျော်လာသည်ကို
အသိပေးခြင်းပါ။

နတ်ဆိုးခေါင်းလောင်းသံများ
မြည်ဟီးလာသည်နှင့်
အချိန်အကန့်အသတ်မရှိ
တံခါးပိတ်ကျင့်ကြံနေသော
နတ်ဆိုးဘိုးဘေးအများအပြားပါ
အလျင်အမြန်ထွက်လာကြလေသည်။

ထိုအခါ ကြားလိုက်ရသည်ကား

လျှို့ဝှက်ဆန်းကြယ်သော

လူသားကျင့်ကြံသူများက

နတ်ဆိုးနယ်မြေထဲသို့

ပြောင်ပြောင်တင်းတင်းဝင်ရောက်သတ်

ဖြတ်ခဲ့သည်ဟူ၍ပင်။ ထို့နောက်တွင်

လူသားမျိုးနွယ်က နတ်ဆိုးမျိုးနွယ်အား

စစ်ကြေညာနေသည်ဟူ၍ပါ

ထုတ်ပြန်ခဲ့လေသည်။

သို့သော်လည်း လူသားမျိုးနွယ်၏

လူသားမဟာမိတ်အဖွဲ့မှ

ထိုအဖြစ်အပျက်ဟာ လူသားမျိုးနွယ်နှင့်

မသက်ဆိုင်ကြောင်း ရုတ်တရက်

ကြေငြာခဲ့သည်။ တစ်ဆက်တည်း

၎င်းသည် ယန်ယဲ့နှင့်

နတ်ဆိုးမျိုးနွယ်ကြားမှ

ပဋိပက္ခသာဖြစ်သည်ဟူ၍ပါ

ထပ်လောင်းပြောကြားခဲ့သည်။ ထို့အပြင်

လူသားမဟာမိတ်အဖွဲ့က ယန်ယဲ့အား

ကျောထောက်နောက်ခံပြုနေသည့်

အင်အားစုကိုပါ

ရှာဖွေဖော်ထုတ်ပေးလိုကြောင်း ထပ်ပြီး

အကြောင်းပြန်လေသည်။

တစ်နည်းဆိုရသော် လက်ရှိတွင် ယန်ယဲ့

သည် နတ်ဆိုးမျိုးနွယ်နှင့်

လူသားမျိုးနွယ်၏ ဘုံရန်သူ

ဖြစ်လာခဲ့သည်။

May Be:

၁၈၉၃

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၃ - နတ်ဘုရားဖီးနစ်ကလန်

နှင့်တိုက်ပွဲ (၆)

နတ်ဆိုးမျိုးနွယ်အား

တိုက်ခိုက်ခြင်းသည်

လူသားမဟာမိတ်အဖွဲ့နှင့်

မသက်ဆိုင်ကြောင်း ငြင်းဆိုခဲ့သည်။

ထို့အပြင် သက်သေပြရန်အတွက်

လူသားမဟာမိတ်အဖွဲ့က

၎င်း၏တပ်ဖွဲ့များကို ဖီးနစ်ကမ္ဘာ သို့

စေလွှတ်ပြီး ယန်ယဲ့အား

ဖမ်းဆီးဖို့ပင်ကူညီခဲ့သည်။

လူသားမဟာမိတ်အဖွဲ့ သည်

လူသားမျိုးနွယ်၏

ထိပ်တန်းအင်အားစုကြီးများစွာ ပူးပေါင်း

ဖွဲ့စည်းထားသော မဟာမိတ်အဖွဲ့ပင်။

၎င်းသည် လူသားမျိုးနွယ်တစ်ခုလုံးကို

ကိုယ်စားပြုသည်။ အကယ်၍

လူသားမျိုးနွယ်အား

တိုက်ခိုက်ခြင်းခံရလျှင် လူသားနယ်မြေရှိ

အင်အားစုများ အားလုံးဟာ

လူသားမဟာမိတ်အဖွဲ့ကို နာခံရပါမည်။

လူသားမဟာမိတ်အဖွဲ့ သည်

တိုက်ခိုက်မှုကို ပါဝင်နေခြင်းမရှိကြောင်း

သက်သေပြလိုက်သည့်နောက်
မျိုးနွယ်ကြီးနှစ်ခုကြားမှစစ်ပွဲသည်
ငြိမ်သက်သွားခဲ့သည်။ထို့နောက်တွင်
တော့ နတ်ဆိုးမျိုးနွယ်သည်
ယန်ယွဲ့ကိုသာ အဓိကအာရုံစိုက်ခဲ့သည်။

လူသားမျိုးနွယ်မဟုတ်ဘဲ ယန်ယွဲ့ နှင့်
သူ့နောက်ကွယ်မှ အင်အားစု သာလျှင်
နတ်ဆိုးမျိုးနွယ်ကို တမင်ရန်စနေ၏။

တစ်နည်းဆိုရသော် လက်ရှိတွင် ယန်ယဲ့
သည် နတ်ဆိုးမျိုးနွယ်၏
နံပါတ်တစ်ရန်သူဖြစ်လာခဲ့လေသည်။

သို့မဟုတ်၊ နတ်ဆိုးမျိုးနွယ်
အတွက်သာမကဘဲ
လူသားမဟာမိတ်အဖွဲ့ ပင်လျှင် ယန်ယဲ့
အား ရန်သူအဖြစ်
အမည်ပျက်စာရင်းသွင်းခဲ့သည်။
အတိုချုပ်ပြောရလျှင် ယန်ယဲ့ သည်

လူသားမျိုးနွယ်နှင့် နတ်ဆိုးမျိုးနွယ်၏

ဘုံရန်သူ ဖြစ်လာခဲ့သည်။

ယခုအချိန်တွင် ယန်ယဲ့ ကတော့

ထိုအရာကို သတိမထားမိသေးပေ။

သို့သော် သူက သိနေလျှင်ပင်

ဂရုစိုက်မည်မဟုတ်ပါ။

သူ့တွင် အင်အားကြီးရန်သူ

အများအပြားရှိနေလေရာ နောက်ထပ်

အနည်းငယ်လောက်ထပ်ရလာခြင်းက

ကွာခြားမည်လော။

နောက်ဆုံးတွင် စိုးရိမ်များ

အလွန်များပြားလာသည့်အခါ

သိပ်ပြီးစိုးရိမ်မနေတော့ပေ။

...

နယ်စပ်မြို့ ။ ဆိတ်သားအရက်ဆိုင်။

တင်းရှောက်ယောင် က အခန်းထဲရှိ

ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက်

မျက်လုံးများကို

တင်းတင်းကြပ်ကြပ်မှိတ်ထားသည်။

အချိန်တော်တော်ကြာမှ

သူမက ရုတ်တရက်

တိုးတိုးလေးပြောခဲ့သည်

"လျှို့ဝှက်ဆန်းကြယ်တဲ့

ကျင့်ကြံသူတွေက နတ်ဆိုးနယ်မြေထဲကို

ဝင်သွားကြတယ်။

နတ်ဆိုးမျောက်ဝံကလန်၊

နတ်မိစ္ဆာမြေခွေးကလန် နဲ့

ကောင်းကင်နဂါးကလန် ရဲ့ အဖွဲ့ဝင်

၁၀,၀၀၀ ကျော်ကို သတ်ပစ်လိုက်တယ်။

ဒါ့အပြင်

သူတို့သတ်လိုက်တဲ့အဖွဲ့ဝင်တွေက

နတ်ဘုရားအဆင့် ဒါမှမဟုတ်

အောက်အဆင့်အနိမ့်တွေချည်းပဲ။

သေချာပါတယ်၊ ဒါ က ယန်ယဲ့ကို

တကယ်ကူညီဖို့ မဟုတ်ဘူးဆိုတာပဲ။

ယန်ယဲ့ သေရင်

နတ်ဆိုးမျိုးနွယ်ပျက်စီးရမယ်ဆိုတဲ့စ

ကားက ဒါဟာ

တမင်ရန်တိုက်ပေးနေတာပဲဖြစ်ရမယ်"

သူမက ထပ်မပြောခင်

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေခဲ့ပြီးမှ

ရေရွတ်လိုက်ပါသည်။

"နတ်ဆိုးနယ်မြေမှာ ဖြစ်ပွားခဲ့တဲ့

အဖြစ်အပျက်အပြီးတော့

လူသားမဟာမိတ်အဖွဲ့က ယန်ယွဲ့ နဲ့

ဆက်နွှယ်မှုမရှိဘူးလို့

ချက်ချင်းအာမခံလိုက်တယ်။ ဒါ့အပြင်

ဖီးနစ်မျိုးနွယ်ကို ကူပြီးဖမ်းပေးဖို့တောင်

ထုတ်ပြန်ခဲ့တယ်လား။

လူသားမဟာမိတ်အဖွဲ့က ယန်ယဲ့ကို ဆန့်ကျင်နေတာလား။ မဟုတ်ဘူး၊ စစ်နတ်ဘုရားခန်းမ နဲ့ အင်ပါယာဂိုဏ်းက အာဏာရှိရင်တောင်မှ လူသားမဟာမိတ်အဖွဲ့ကို အမိန့်ပေးဖို့လောက်အထိတော့ မဖြစ်နိုင်သေးဘူး။ ဒါဆိုရင် သူတို့က နောက်ကွယ်ကနေ ကြိုးကိုင်တဲ့သူက မဟုတ်နိုင်ဘူး”

ခဏအကြာတွင် တင်းရှောက်ယောင် က မျက်လုံးများ ရုတ်တရက်ပွင့်လာပြီး "ဒါမှမဟုတ်ရင် ဘယ်သူလဲ။ ဒီလိုအင်အားကို ဘယ်သူကများ ပိုင်ဆိုင်တာလဲ။ သူတို့စေလွှတ်လိုက်တဲ့ ကျင့်ကြံသူတွေက နတ်ဆိုးနယ်မြေထဲကို အသာလေးဝင်ထွက်သွားလာနိုင်တယ်ဆို တော့။ ဒီလိုခွန်အားတွေ....၊ ဒါ့အပြင် လူသားမဟာမိတ်အဖွဲ့ ကိုတောင်မှ

အမိန့်ပေးနိုင်တယ်လား။ ဘယ်သူလဲ၊ ဘာလို့များ ယန်ယဲ့ကို ပစ်မှတ်ထားနေကြတာလဲ" ဟူ၍ မေးခွန်းထုတ်နေလေသည်။

အချိန်အတော်ကြာ လေးလေးနက်နက် စဉ်းစားပြီးနောက် ဒင်ရှောင်ယောသည် ရုတ်တရက် ထရပ်လိုက်သည်။ "ဟူး....။ ငါသိပြီ။ ယန်ယဲ့ က သူတို့ရဲ့ ပစ်မှတ်မဟုတ်ဘူးပဲ။ တကယ်လို့

ပစ်မှတ်ဖြစ်နေရင်

ဒီလိုနည်းလမ်းသုံးမှာမဟုတ်ဘူး။

သူတို့ရဲ့ အင်အားက ယန်ယဲ့ကို

အသာလေးသတ်နိုင်တယ်လေ။ ဒါပေမဲ့

သူတို့က ဘာလို့

ဒီနည်းလမ်းကိုသုံးနေတာလဲ ...”

တင်းရှောက်ယောင်၏ မျက်လုံးများက

ရုတ်တရက်ကျဉ်းမြောင်းသွားကာ

တစ်ခုခုကိုတွေးမိပြီး

အမှတ်တမဲ့ရေရွတ်လိုက်သည်

“ငရဲခန်းမ" ၊ ဟုတ်ပြီ။ သူတို့က ယန်ယဲ့ကို

မျှော်လင့်ချက်မဲ့အောင်လုပ်ပြီးတော့

ငရဲခန်းမ ကို ထွက်လာစေချင်ကြတာပဲ"

ငရဲခန်းမ အကြောင်း

တွေးမိလိုက်သည့်အကြောင်းအရင်းက

ယန်ယဲ့ နှင့်

အတော်လေးရင်းနှီးသောကြောင့်ပါ။

ထို့အပြင်လက်ရှိအခြေအနေအရ

ငရဲခန်းမ ကလွဲ၍ အခြားမည်သူမျှ
ယန်ယွဲ့အား မကယ်တင်နိုင်ခဲ့ပေ။
ငရဲခန်းမ သာလျှင် ယန်ယွဲ့အား
ကူညီပေးနိုင်သည့် တစ်ခုတည်းသော
အင်အားစုပါ။

ထိုအချက်ကို တွေးမိသောအခါ
တင်းရှောက်ယောင်၏ မျက်လုံးများက
အရောင်လက်သွားသည်။

သူမက ငရဲခန်းမ ကို သဘာဝအတိုင်း

သိရှိနေခဲ့သည်။ သို့သော် ငရဲခန်းမ

အကြောင်းကို စုံစမ်းပြီးနောက်

ယန်ယဲ့အတွက် စိတ်ပူသွားမိသည် ။

အကြောင်းမှာ အခြေအနေက

လုံးဝကိုရှုပ်ထွေးနေလို့ပါ။ ငရဲခန်းမ၏

အင်အားစုက လူသားမျိုးနွယ်၏

ထိပ်သီးအင်အားစုများထက်ပင်

သာလွန်ပါသည်။

သို့သော် ၎င်းက အောက်ဘုံ သို့
ဆင်းပြေးရန်အထိ ဖိနှိပ်ခံလိုက်ရ၏။
တစ်နည်းအားဖြင့် ငရဲခန်းမကို အရိပ်ထဲမှ
တိုက်ခိုက်နေသည့် အင်အားစုဟာ မည်မျှ
အစွမ်းထက်မည်ကို
စိတ်ကူးကြည့်နိုင်ပါသည်။

သို့သော် ယန်ယွဲ့ သည် ငရဲခန်းမ နှင့်
ရင်းနှီးနေလေရာ သေချာပေါက်
ဒုက္ခရောက်နေပါပြီ။ အသေအချာပါပဲ၊

သူမ ထင်ထားသည့်အတိုင်းကို

ဖြစ်လာခဲ့လေသည်။

ယန်ယဲ့ သည် နယ်ရုပ်တစ်ခုလို

အသုံးချခံနေရ၏။

တင်းရှောက်ယောင် က

အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးမှ

အဝေးကို လှမ်းကြည့်လိုက်သည်။

သူမ၏မျက်လုံးထဲမှ “ငရဲခန်းမ

ထွက်လာမှာလား။ မလာရင်တော့

သူသေရမှာသေချာတယ်"

...

အမည်မသိတောင်တန်းပေါ်ရှိ

ဝါးအိမ်လေးထဲတွင်။

အဖြူရောင်ဝတ်ရုံဝတ်အမျိုးသမီးတစ်ဦး

က တစ်ယောက်တည်းနဲ့

စစ်တုရင်ကစားနေခဲ့သည်။

အချိန်အတော်အတန်ကြာမှ

သူမ၏မျက်နှာပေါ်၌

ချစ်စရာကောင်းသော အပြုံးတစ်ခု နှင့်

“ငရဲခန်းမ ရဲ့ နံပါတ်တစ်ခန်းမသခင်၊

နင့်ကိုယ်နင်ပြမှာလား။နင်ရောက်လာတာ

ကို ငါတကယ်စောင့်မျှော်နေတယ်"ဟူ၍

ပြောခဲ့သည်။

ထိုစကား ပြောပြီးနောက် အိမ်ထောင့်ကို

ရုတ်တရက် လှည့်ကြည့်လိုက်ရင်း "

စိတ်မပူပါနဲ့၊ နင်ချစ်တဲ့သူက

ငါမြင်ဖူးသမျှထဲမှာ အထူးခြားဆုံး

ကံကြမ္မာရှိတယ်။ သူ့ကိုကယ်ဖို့ ငရဲခန်းမ

ရောက်မလာမချင်း ဆက်ရှိနေမှာ

သေချာပါတယ်။ သေချာပါတယ်၊

သူအဲဒီအချိန်အထိ

မထိန်းနိုင်ဘူးဆိုရင်တောင် သူနဲ့

နောက်ဆုံးအကြိမ်တွေ့ဆုံဖို့ နင့်ကို

လွှတ်ပေးလိုက်မယ်”ဟု

ထပ်ပြောပါသည်။

စကားပြောပြီးသည်နှင့်

ပတ်ဝန်းကျင်တစ်ခုလုံး

တိတ်ဆိတ်သွားကာ

စစ်တုရင်အပိုင်းအစများ

ချနေသည့်အသံသာ ကြားရလေသည်။

...

ဖီးနစ်ကမ္ဘာ ။

ယန်ယွဲ့ သည် ဆန်းကြယ်ချီစွမ်းအင်

အပြည့်အဝပြန်ယူပြီးနောက်

ဖီးနစ်ကမ္ဘာကို ဆက်ပြီး ဖျက်ဆီးရန်

ပြင်လိုက်၏။

သို့သော် ကောင်းကင်ငယ်က သူ့ကို

တားလိုက်သည်။

သူမက ကောင်းကင်ကို မော့ကြည့်ကာ
“စွမ်းအားကြီးတဲ့
အော်ရာတွေအများကြီးကို
ငါခံစားမိတယ်။ သူတို့ထဲက
အရေအတွက် လုံးဝကိုများတယ်။
ဒါ့အပြင် မရေမတွက်နိုင်တဲ့
စိတ်အာရုံအသိတွေက
ဖီးနစ်ကမ္ဘာတစ်ခုလုံးကို လွှမ်းခြုံထားပြီ။

နင်သာ အပြင်ထွက်ပြီး တစ်ခုခုလုပ်တာနဲ့ သေချာပေါက် သိနိုင်မှာပဲ။ အဲဒီအချိန်မှာ သူတို့ နင့်ကိုတွေ့တာနဲ့ ပြီးသွားပြီ။ ဒီတော့ အခုလောလောဆယ် နင်က အပြင်ထွက်လို့မရဘူး"ဟု ဆက်ပြောပါသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "အစွမ်းထက်အော်ရာ တွေလား။ ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတွေများလား"ဟုမေးလိုက်၏

။

ကောင်းကင်ငယ်က

ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က "ဘယ်နှစ်ယောက်လဲ"

ခဏလောက် ငြိမ်နေပြီးမှ “အနည်းဆုံး အယောက် ၅၀ ကျော်တယ်” ဟူ၍ ပြန်ဖြေပါသည်။

ယန်ယဲ့၏ မျက်လုံးများသည် ချက်ချင်းပင် ကျဉ်းမြောင်းသွားသည်။ "ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ အယောက် ၅၀ ကျော် ။ နတ်ဘုရားဖိုးနစ်ကလန် ဟာ

ထိုမျှလောက်

ပိုင်ဆိုင်ထားခြင်းမဟုတ်နိုင်ပေ။

တစ်နည်းအားဖြင့်

နတ်ဘုရားဖီးနစ်ကလန် က

အကူအညီတောင်းခဲ့ပုံရ၏။

"နင် အပြင်ထွက်လို့ရဘူး၊

ဖီးနစ်ကမ္ဘာကနေ

ထွက်သွားလို့လည်းမရတော့ဘူး"

ကောင်းကင်ငယ်က ဆက်ပြောပါသည်

“သူတို့က ဧရိယာတစ်ခုလုံးကို

နတ်ဘုရားစိတ်အာရုံနဲ့

လွှမ်းခြုံထားတယ်။ ဓားနယ်မြေက

နင့်ရဲ့အငွေ့အသက်ကို

ဖုံးကွယ်ထားနိုင်ရင်တောင်မှ

အပြင်ထွက်လိုက်တာနဲ့သူတို့

သေချာပေါက် သိနိုင်မှာပါ။

ဘာလို့လဲဆိုတော့ သူတို့က နင့်ကိုလိုက်ရှာနေတာလေ။ နင် အပြင်ထွက်လာတာနဲ့ အာကာသထဲမှာ အငွေ့အသက်နည်းနည်းတော့ကျန်နေမှာပဲ။ သူတို့က နင့်ကို အာရုံစိုက်နေတော့ သေချာပေါက်သတိပြုမိမှာပါ။ ဒါဆိုရင် နင်က ချက်ချင်းအပိုင်းခံရပြီ"

ယန်ယဲ့က ငြိမ်သွားသည်။

ကောင်းကင်ငယ်က ခေါင်းခါပြီး "နှင်
ဒီတစ်ခါတော့ ဒုက္ခရောက်ပြီ" ဟူ၍
ဆက်ပြောလိုက်သည်။

အမှန်ပင်၊ လက်ရှိအခြေအနေက
ယန်ယဲ့အတွက် လုံးဝကို
မျှော်လင့်ချက်မဲ့နေပါပြီ။
ရှေ့တိုးနောက်ဆုတ်ဖို့တောင်မှ
မတတ်နိုင်တော့သည့် အခြေအနေပါ။

အပြင်ဖက်၌

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများ

အသင့်စောင့်နေကြသည်။

မူလစေတီထဲမှ မထွက်ဘဲ

ကျင့်ကြံနေနိုင်သည့်တိုင်

အချိန်အတိုင်းအတာတစ်ခုထိရောက်ပါ

က ဆက်ပြီးပုန်းနေနိုင်မည်မဟုတ်ပါ။

ထို့အပြင် လက်ရှိတွင် သူက

ဖိုးနှစ်ကမ္ဘာမှာသာ ပုန်းအောင်းနေသဖြင့်
မကြာခင်ရှာတွေ့သွားပါလိမ့်မည်။

ထိုအချိန်တွင်တော့ ယန်ယဲ့ အတွက်
သေချာပေါက် ဒုက္ခရောက်ပါပြီ။

ကြယ်တာယာစွမ်းအင်စားနယ်မြေ
ပင်လျှင် သူ့အား
ကယ်တင်နိုင်တော့မည်မဟုတ်ပါ။

အကယ်၍ ပြန်လည်မွေးဖွားခြင်းအဆင့်
သို့မဟုတ် စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကိုသာ မရောက်ပါက
လက်ရှိသူ့ခွန်အားဖြင့်
ကြယ်တာယာစွမ်းအင်ဓားနယ်မြေ
ရှိနေလျှင်ပင် ထူးခြားမှုမရှိပေ။

သို့သော်လည်း ပြဿနာမှာ
လက်ရှိယန်ယဲ့က နတ်ဘုရားအဆင့်ကျင့်
ကြံသူတစ်ယောက်သာ ဖြစ်နေ၏။

ယန်ယဲ့က အချိန်အကြာကြီး

နှုတ်ဆိတ်နေပြီးမှ ကောင်းကင်ငယ်ကို

စိုက်ကြည့်နေသည်။ ခဏအကြာမှ

သူမက ခေါင်းယမ်းရင်း

“တောင်းပန်ပါတယ်။ ဒါပေမယ့်

ဘယ်လိုတိုက်ခိုက်ရမှန်းမသိဘူး။

ငါတကယ်မလုပ်တတ်ဘူး"ဟူ၍

ပြန်ပြောပါသည်။

ယန်ယဲ့က ပြုံးပြီး "သူတို့ကို တိုက်ခိုက်ဖို့ မင်းကို ငါတောင်းဆိုမှာမဟုတ်ဘူး"

ကောင်းကင်ငယ်က "ဒါဆို ဘာဖြစ်လဲ"

ယန်ယဲ့က "ကောင်းကင်ငယ်၊ မင်းဘယ်သူလဲဆိုတာ ငါမသိပေမယ့် ငါတို့က မိတ်ဆွေတွေပါ။ ဒီလိုအခြေအနေမျိုးက ငါ့အတွက် တကယ်ကို မျှော်လင့်ချက်မဲ့နေတယ်။

မင်းငါ့အနားမှာ ဆက်ရှိနေရင်
သေခြင်းတရားကနေ လွတ်မြောက်နိုင်မှာ
မဟုတ်ဘူး။ ဒါဆိုထားခဲ့ပါ။
မင်းထွက်သွားချင်ရင်
မင်းလွတ်မြောက်နိုင်မယ်ဆိုတာ
ငါသိပါတယ်"ဟုပြောခဲ့သည်။

ကောင်းကင်ငယ်က ယန်ယွဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ကာ "ဘာလို့
သူတို့နဲ့ ဒီကိစ္စကို မဆွေးနွေးတာလဲ။

အားလုံးထိုင်ပြီး

ဆွေးနွေးကြရအောင်…”ဟူ၍

ပြောလေသည်။

ယန်ယဲ့က သူ့ခေါင်းကို ပွတ်သပ်ရင်း

ပြုံးလိုက်သည်။ “အို . မင်းက

သိပ်နုံအတယ်။မင်းကို မပြောနဲ့၊

ကောင်းကင်ဘုံရှင် ဖြစ်နေရင်တောင်

သူတို့က ညှိနှိုင်းနိုင်မှာ မဟုတ်ဘူး။

ငါ့စကားကို နားထောင်ပြီး

ထွက်သွားလိုက်ပါ။ ငါက သူတို့ရဲ့

ပစ်မှတ်ပဲ။ ဒါကြောင့် မင်းငါနဲ့မရှိရင်

သူတို့က မင်းကိုလိုက်မှာမဟုတ်ဘူး။

သူတို့လုပ်ရင်တောင် မင်းနောက်ကို

ကျင့်ကြံသူတွေ အများကြီး စေလွှတ်မှာ

မဟုတ်ပါဘူး။နားလည်လား"

ကောင်းကင်ငယ်က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက် ပြန်ပြောသည်

“နင်နဲ့ အတူနေပါရစေ”

“မင်း…”

ကောင်းကင်ငယ်က ဆက်ပြောပါသည်

“ငါမသေဘူး။ နင်သေသွားရင်တောင် ငါမသေသေးဘူး။ ဘာကြောင့် မသေရမှန်း မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါထွက်မသွားနိုင်ဘူး။ အနည်းဆုံးတော့ သူတို့က ငါ့ကို သတ်နိုင်စွမ်းမရှိကြဘူး။ နင့်ရဲ့နတ်ဘုရားမီးတောက် ဆိုရင်တောင်

ငါ့ကိုမသတ်နိုင်ဘူး။ မဟုတ်ဘူး၊
ဖြစ်နိုင်တယ်။ ဒါပေမဲ့ နင်ငါ့ကို
မသတ်နိုင်ဘူးလို့ ထင်ပါတယ်။
နတ်ဘုရားမီးတောက်ရဲ့ မူလပိုင်ရှင်က
ထိန်းချုပ်ထားရင်တော့ ခြွင်းချက်ပဲ”

နတ်ယင်မီးတောက် ။

ယန်ယဲ့က ကောင်းကင်ငယ်
ပြောလိုက်သော နတ်ဘုရားမီးတောက်

ဟူသည်ကိုသိလိုက်၏။ ထိုအရာက

နတ်ယင်မီးတောက် ပါ။

သူက ကောင်းကင်ငယ်ကို

အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်

“ကောင်းပြီ။ မင်းနေနိုင်တယ်”

ဟုဆိုသည်။

စကားပြောပြီးသည်နှင့် ယန်ယဲ့ က မူလစေတီ၏ ဒုတိယမြောက်အထပ်ကို ပြန်ဆင်းသွားသည်။

သူက နတ်ဆေးမီးဖို ဆီကို တည့်တည့်သာ လျှောက်သွားသည်။

ကောင်းကင်မီးတောက်ငယ် က ယန်ယဲ့ကို မြင်သောအခါ သူ့ရင်ခွင်ထဲသို့ ချက်ချင်းခုန်ဝင်လာသည်။ ယန်ယဲ့က သူမ၏ခေါင်းလေးကို ပွတ်သပ်ရင်း

နတ်ယင်မီးတောက်ကို စူးစိုက်ကြည့်ကာ "ငါ မင်းရဲ့ အကူအညီလိုတယ်"ဟုပြောလိုက်လေသည်။

နတ်ဘုရားဖီးနစ်ကလန် ဟာ အကူအညီများ ဆင့်ခေါ်ထားသည်။ သူလည်း သဘာဝအတိုင်း အကူအညီယူရပေမည်။

သို့သော် နတ်ယင်မီးတောက် က တိတ်ဆိတ်နေ၏။

ယန်ယဲ့က အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက် “ငါ မင်းကို အတင်းအကြပ် မလုပ်ခိုင်းပါဘူး” ဟု ပြောလိုက်သည်။

ထို့နောက် လှည့်ထွက်လာသည်။

ရုတ်တရက် "မင်း ငါ့ခွန်အားကို
မခံနိုင်ဘူး"

"ငါ့မှာ အခွင့်အရေးရှိတယ်မဟုတ်လား"
ယန်ယဲ့ လှည့်ကြည့်လိုက်ပြီး
နတ်ယင်မီးတောက်ကို စိုက်ကြည့်ရင်း
"ငါ့ခန္ဓာကိုယ်က အရမ်းသန်မာတယ်"

နတ်ယင်မီးတောက်က
“မလုံလောက်ပါဘူး။ ဆယ်ဆ

ပိုသန်မာနေရင်တောင် လုံလောက်မှာ

မဟုတ်ဘူး”

ယန်ယွဲ့ က "မင်းတစ်ယောက်တည်း

ထွက်လာလို့မရဘူးလား"

နတ်ယင်မီးတောက် က “ငါ မလုပ်နိုင်ဘူး”

ဟုပြန်ဖြေလေသည်။

"ဘာဖြစ်လို့လဲ" ယန်ယွဲ့က မေးလိုက်၏။

"ဘာလို့လဲဆိုတော့ ဒီမှာ
ချုပ်နှောင်ထားလို့"
နတ်ယင်မီးတောက်က “ဘာကြောင့်လဲလို့
မမေးနဲ့။ ငါ့ရဲ့အကူအညီကို လိုချင်ရင်
မင်းငါ့ရဲ့ခွန်အားကို ခံနိုင်ရည်ရှိဖို့ပဲ
ငါပြောနိုင်တယ်။ ဘာကြောင့်လဲဆိုတော့
ငါက အပြင်လောကမှာ ငါ့ခွန်အားကို
ထုတ်သုံးဖို့ဆိုရင်
မင်းကိုကြားခံအနေနဲ့သုံးရမှာ။ ဒါပေမဲ့

ငါ့စွမ်းအားကို ကအခုချက်ချင်း မင်းဆီ လွှဲပေးလိုက်ရင် မင်းကို ခဏလေးနဲ့ ပြာအဖြစ်ပြောင်းသွားလိမ့်မယ်"ဟု ပြောခဲ့သည်။

ယန်ယဲ့ က အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးမှ နတ်ဆိုးဘုရား၏စွမ်းအင်ကို ဖြန့်ကျက်လိုက်သည်။ သူ၏ခန္ဓာကိုယ်က ချက်ချင်းပြောင်းလဲသွားသည်။

ဒီအချိန်မှာ သူ့ခန္ဓာကိုယ်က
အရင်ကထက် အနည်းဆုံး ငါးဆလောက်
ပိုသန်မာလာခဲ့သည်။

၎င်းက အဆုံးမဟုတ်သေးပါ။ ယန်ယွဲ့ က
ဓားနတ်ဘုရားတံဆိပ်ကို
အသက်သွင်းပြီး
ထာဝရရှင်သန်ခြင်းအဆင့်ထိ
မြှင့်တင်လိုက်သည်။ ထို့နောက်

ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒ

နှစ်ခုကို ပေါင်းစပ်လျက်

သူ့ကိုယ်ပေါ်၌အကာအကွယ်အလွှာဖန်

တီးလိုက်၏။ တစ်ချိန်တည်းမှာပင်

သူ့ခန္ဓာကိုယ်ထဲမှ

မူလခရမ်းရောင်စွမ်းအင်ဟာ

အပြာရောင်အလင်းအလွှာဖြင့်

ယှန်ယှဲ၍တစ်ကိုယ်လုံးကို

ဖုံးအုပ်သွားသည်။

ထိုအချိန်တွင် နတ်ယင်မီးတောက်က "ဒါတောင်မှ အရမ်းအန္တရာယ်များနေသေးတယ်"ဟု ပြောလေသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ကိစ္စမရှိပါဘူး။ လုပ်လိုက်ကြရအောင်။ မင်းလောက်တော့ သန်မာမယ်လို့ ငါမျှော်လင့်တယ်"

"ငါ့လိုသန်မာမလား"

နတ်ယင်မီးတောက်သည် ရုတ်တရက်

ရယ်မောသံနှင့်အတူ "ငါ့ရဲ့ပင်မကိုယ်က

ဒီနေရာကို ထွက်လည်နိုင်ရင်

ဒီစကြဝဠာတစ်ခုလုံးကိုတောင်

မီးရှို့ပစ်နိုင်တယ်"ဟု၍ ပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

နတ်ယင်မီးတောက်ဟာ

နတ်ဆေးမီးဖိုထဲမှ ရုတ်တရက်

ထွက်ပေါ်လာပြီး ယန်ယဲ့
နဖူးအလယ်ဗဟိုသို့
ဝင်ရောက်သွားသည်။

ဘမ်း....

ထိုခဏလေးမှာပဲ ယန်ယဲ့ဟာ
မီးတောက်မီးလျှံများ ဖုံးလွှမ်းသွားသည်။

ခဏအကြာ...

ဂျုန်း....

ယန်ယဲ့၏ အနီးတစ်ဝိုက်ရှိ ကီလိုမီတာ

ထောင်ချီသော ဧရိယာသည်

ချက်ချင်းပင် မီးလောင်ကျွမ်းကာ

ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

ဖိုးနစ်ကမ္ဘာတစ်ခုလုံးမှ

ကောင်းကင်မီးတောက်များ အားလုံး

တုန်လှုပ်စပြုလာသည်။

May Be:

၁၈၉၄

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၄ - နတ်ဘုရားဖီးနစ်ကလန်

နှင့်တိုက်ပွဲ (၇)

ဤအခိုက်အတန့်တွင်

ဖီးနစ်ကမ္ဘာတစ်ခုလုံးမှ

ကျင့်ကြံသူများအားလုံး

အံ့အားသင့်သွားကာ ယန်ယဲ့

ရပ်နေသည့်နေရာကို

စူးစိုက်ကြည့်နေကြသည်။

ဘာတွေဖြစ်နေတာလဲ ။

ဒီအချိန်မှာ လူတိုင်း သိချင်နေကြသည်။

ထိုအချိန်တွင် ယန်ယဲ့

ရပ်နေသည့်နေရာသည်

မီးတောက်ပင်လယ်အဖြစ်

ပြောင်းလဲသွားခဲ့သည်။ သို့တည်းမဟုတ်

ယန်ယဲ့၏ အနီးတစ်ဝိုက်ရှိ ကီလိုမီတာ

ထောင်သောင်းချီသောဧရိယာက

မီးတောက်ပင်လယ်ကြီး

ဖုံးလွှမ်းသွားသည်ဟု ဆိုရပေမည်။

ထို့ပြင် မီးလျှိုင်းများသည် ကောင်းကင်သို့

အဆက်မပြတ် တောက်လောင်နေပြီး

ဖီးနစ်ကမ္ဘာကို လောင်ကျွမ်းလိုနေပုံပါ။

ဤနေရာရှိ ကျင့်ကြံသူများအားလုံး

မီးတောက်ပင်လယ်၏ အထက်

လေထဲသို့ ရောက်ရှိလာကြသည်။

ခဏအကြာတွင်တော့

လူတစ်ယောက်ဟာ မီးတောက်ထဲမှ

ဖြည်းညှင်းစွာ ထွက်လာကြောင်း

မြင်လိုက်ရသည်။

ဒါ ယန်ယဲ့ ပဲ။

ဤအခိုက်တွင် ယန်ယဲ့ သည်
မီးလှူသားတစ်ယောက် ဖြစ်နေပုံပါ။

"ယန်ယဲ့...." မိုကျန်းက ယန်ယဲ့ကို
စိုက်ကြည့်ပြီး "မင်းဘာလုပ်ဖို့
ကြိုးစားနေတာလဲ"

ယန်ယဲ့က မိုကျန်းကို ရုတ်တရက်

စိုက်ကြည့်လိုက်သည်။ ခဏအကြာတွင်

မီးတန်းကြီးအဖြစ် ပြောင်းကာ

ကောင်းကင်အထက်ကို

ပြေးတက်သွားသည်။

မိုကျန်း၏ ပါးစပ်ထောင့်မှ

ရက်စက်ကြမ်းကြုတ်သော

အမူအရာများပေါ်လာသည်။

သူ၏လက်ဝါးတစ်ဖက်ကို ဆန့်ကာ

အပေါ်ပြင့်ရိုက်လိုက်သည်။

ကောင်းကင်ကို ဖုံးလွှမ်းထားသော

ရောမလက်ကြီးတစ်ဖက် ပေါ်လာပြီး

ယန်ယဲ့ ဆီသို့ ဖိချလိုက်သည်။

ထိုအချိန်တွင် ဓားစွမ်းအင်တစ်စင်းက

လေထုကို ဆုတ်ဖြဲလာသည်။

သာမန်ဓားစွမ်းအင်တစ်စင်းမျှသာဖြစ်

သော်လည်း

အနီရောင်မီးတောက်အလွှာဖြင့်

ဖုံးလွှမ်းထားသည်။ဓားစွမ်းအင်က
ရောမလက်ကြီးကို
ထိမှန်သွားသည်နှင့်တပြိုင်နက်
ရောမလက်ကြီးက ဆူပွက်နေသော
ဆီပူထဲသို့ နှင်းများကျလာသကဲ့သို့
ချက်ချင်းပင် ကြေမွသွားခဲ့သည်။

သို့သော် မီးတောက်ဓားစွမ်းအင်က
မနှေးကွေးဘဲ မိုကျန်း ဆီသို့ တည့်တည့်
ပစ်လွှတ်လိုက်သည် ။

မိုကျန်း၏ မျက်လုံးများက ချက်ချင်းကျဉ်းမြောင်းသွားသည်။ "ဒါ ဒါကဘယ်တုန်းကများ အရမ်းကြောက်စရာကောင်းသွားတာလဲ"

အဘိုးအိုတစ်ယောက်က "ဒီမီးတောက်ကို သတိထား"ဟူ၍ ရုတ်တရက် သတိပေးခဲ့သည်။

ထိုအချိန်တွင် မီးတောက်ဓားစွမ်းအင် က

မိုကျန်း ရှေ့သို့ ရောက်လာသည်။ မိုကျန်း

က

ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်ရာ

သူ၏ခန္ဓာကိုယ်ထဲမှ အနက်ရောင်

မီးတောက်တစ်ခု

ထွက်ပေါ်လာသည်။သို့သော် မိုကျန်း၏

ခန္ဓာကိုယ်ထဲမှ အနက်ရောင်မီးတောက်

ထွက်လာသည်နှင့်အမျှ ဖီးနစ်ကလန်၏

အဖွဲ့ဝင်များ အားလုံး

အံ့အားသင့်သွားကြသည်။

အနက်ရောင်မီးတောက်က

ချက်ချင်းလှည့်ကာ

ထွက်ပြေးသွားသောကြောင့်ပင်။

ထွက်ပြေးတာလား ။

ကောင်းကင်မီးတောက် စာရင်း၏ အဆင့်
၃ ငရဲသေဆုံးခြင်းမီးတောက်က
အမှန်တကယ်ထွက်ပြေးသွားလေသည်။

မိုကျန်း ကတော့ စဉ်းစားနေဖို့တောင်
အချိန်မရှိပေ။ သူ၏လက်သီးများကို
ဖြန့်လိုက်ပြီးလက်ဝါးကို ရှေ့သို့
ပုတ်လိုက်သည် ။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့၏ မီးဓားစွမ်းအင်က

အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲသွားသည်။

ဓားစွမ်းအင်က ကွဲထွက်သွားသော်လည်း

မီးတောက် ကတော့

ပျောက်ကွယ်သွားခြင်းမရှိပေ။

မီးတောက်များက

မိုကျန်း၏လက်မှတစ်ဆင့် ပြန့်နှံ့သွားပြီး

တစ်ကိုယ်လုံးအပြည့်အဝ
ဖုံးလွှမ်းသွားသည်။

“အား…” မိုကျန်း ထံမှ စူးစူးဝါးဝါးနှင့်
သနားစရာကောင်းသော
အော်ဟစ်သံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

မိုကျန်း၏ အခြေအနေကို
မြင်လိုက်သောအခါ

နတ်ဘုရားဖီးနစ်ကလန်မှ

ကျင့်ကြံသူအချို့၏မျက်လုံးများသည်

မယုံကြည်နိုင်စရာများဖြင့်

ပြည့်နှက်နေသည်။

နတ်ဘုရားဖီးနစ်ကလန် သည်

မီးတောက်များ ကျင့်ကြံသည့်

မျိုးနွယ်စုတစ်ခုပါ။ မီးတောက်က

သူတို့အတွက် အလွန်အကျိုးရှိခဲ့သည်။

ယခုဆိုလျှင်

နတ်ဘုရားဖီးနစ်မျိုးနွယ်စု၏

ဘိုးဘေးဖြစ်သူ မိုကျန်းဟာ

ယန်ယဲ့၏မီးတောက်များကို

ခုခံနိုင်စွမ်းမရှိခဲ့ပေ။

"ဒါက ဘယ်လို မီးတောက်လဲ"

သို့သော်

အကူအညီမဲ့သောအော်ဟစ်သံများက

အဆက်မပြတ်

ထွက်ပေါ်လာဆဲပါ။မိုကျန်း၏ခန္ဓာကိုယ်

သည် ပြုတ်ထားသည့်အလား

နီရဲနေပါသည်။ သိပ်မကြာလိုက်ဘဲ

မိုကျန်းက မူလပုံစံ

အနက်ရောင်ဖီးနစ်ကြီးအဖြစ်

ပြောင်းလိုက်သည်။ သို့သော်လည်း

မီးတောက်များက သူ့ကို

မပြတ်လောင်ကျွမ်းနေလေရာ လေထဲ၌

ရုန်းကန်ရင်း ရှူးသွပ်စွာ
ညည်းတွားသွားနေသည်။

ထိုမြင်ကွင်းကြောင့်
နတ်ဘုရားဖီးနစ်ကလန် မှ
ကျင့်ကြံသူများအားလုံး
တုန်လှုပ်ခြောက်ခြားသွားသည်။
အဘိုးအိုတစ်ဦးက “မြန်မြန်ကူညီကြ”
ဟူ၍ အမြန်ပြောခဲ့သည်။

ယန်ယဲ့က ဓားကို

ရုတ်ချည်းဆွဲထုတ်လိုက်သည်။

ထို့နောက်တွင် မရေမတွက်နိုင်သော

ဓားစွမ်းအင်များက

အထပ်ထပ်ပေါင်းစပ်လျက်

ကောင်းကင်ဆီသို့ လွင့်ပျံလာသည်။

ဓားစွမ်းအင် ကြိုးမျှင်တိုင်းက အနီရောင်

မီးတောက်အလွှာတစ်ခုဖြင့်

ဖုံးအုပ်ထားသည်။

နတ်ဘုရားဖိုးနစ်ကလန်မှ

ကျင့်ကြံသူများအားလုံးဟာ

အံ့ဩတုန်လှုပ်သွားကြသည်။မိုကျန်း

ပင်လျှင် ထိုမီးတောက်များကို

မခုခံနိုင်သောကြောင့် ဓားစွမ်းအင်ကို

သူတို့နှင့် အနီးကပ်လိုခွင့်မပြုဝံ့ပေ။

အားလုံးက တပြိုင်နက်

တိုက်ခိုက်ကြသည်။

တစ်ချိန်တည်းမှာပင်
အစွမ်းထက်အော်ရာအများအပြားက
အဖက်ဖက်ကနေ ပျံ့လွင့်လာပါသည်။

ခဏအကြာမှာပဲ အသက် ၃၀ ကျော်
သက်လတ်ပိုင်းအမျိုးသားအုပ်စု
ရောက်လာကြသည်။ တစ်ဝက်က
နတ်ဆိုးမျိုးနွယ်မှဖြစ်ပြီး အချို့ကတော့
လူသားမျိုးနွယ်၏ ကျင့်ကြံသူများပါ။

နတ်ဘုရားဖီးနစ်ကလန်၏

ကျင့်ကြံသူများ နှင့်

ထည့်ပေါင်းလိုက်လျှင် အားလုံးပေါင်း

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅၃ ယောက်ခန့်ရှိနေသည်။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅၃ ယောက် ။

၎င်းတို့ထံမှ ထုတ်လွှတ်နေသော
အော်ရာက ယန်ယွဲ့၏
မီးဓားစွမ်းအင်များကို ချက်ချင်း
ပြန်နှံ့ကျဲသွားစေသည်။ သို့သော်လည်း
မီးတောက်များက ပျောက်မသွားသေးဘဲ
လေထဲမှာ လွင့်မျောသွားကြသည်။ ထို
ကျင့်ကြံသူအုပ်စု၏
အော်ရာများကလည်း လေထဲ၌
လှုပ်ရှားနေကြသည်။

ထိုအချိန်တွင် နတ်ဘုရားဖီးနစ်ကလန်မှ

ကျင့်ကြံသူများဟာ မိုကျန်း အား

လောင်ကျွမ်းနေသော မီးတောက်များကို

ဖယ်ရှားပေးနေသော်လည်း

မတတ်နိုင်ကြပေ။

တစ်ချိန်တည်းတွင် ယန်ယဲ့၏

ပတ်ပတ်လည်ရှိ မီးတောက်လှိုင်းများဟာ

ပြန့်နှံ့သွားသည့်တိုင်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများ၏အော်ရာကြောင့်
ဖိနှိပ်ခံခဲ့ရသည်။

ယန်ယဲ့က ကောင်းကင်ကို
မော့ကြည့်လိုက်ပြီး “ဟာဟား။
အားလုံးက ငါ့ကို တကယ်
အထင်ကြီးကြတာပဲ။ ပြန်လည်
မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ ၅၃
ယောက်လား။ ဟမ့်၊ လူသားကျင့်ကြံသူ
တွေလား လူသားမျိုးနွယ်က

နတ်ဘုရားဖီးနစ်ကလန် နဲ့ ဘယ်တုန်းက ပူးပေါင်းလိုက်တာလဲ"

"ယန်ယဲ့... " ထိုအချိန်တွင် အဘိုးကြီးဂူမို က ဖြည်းညှင်းစွာ လျှောက်လာသည်။ သူက ယန်ယဲ့ ကိုကြည့်ကာ "မင်းနဲ့ နတ်ဘုရားဖီးနစ်မျိုးနွယ်စုကြားက ရန်ငြိုးသက်သက်လို့ ပဲထင်ခဲ့တာ။ ဒါပေမဲ့ မင်းနဲ့ မင်းနောက်ကွယ်က အင်အားစုတွေက

ငါ့နတ်ဆိုးမျိုးနွယ်တစ်ခုလုံးကို

တကယ်တိုက်ခိုက်လိမ့်မယ်လို့

ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

အရိပ်တွေထဲက ဘယ်သူ

ပံ့ပိုးပေးတာလဲ။ မင်းဘာလို့

ငါ့နတ်ဆိုးမျိုးနွယ်ကို

တိုက်ခိုက်တာလဲ"ဟူ၍ မေးလေသည်။

"နတ်ဆိုးမျိုးနွယ်ကို

တိုက်ခိုက်နေတာလား" ယန်ယဲ့က

အဘိုးကြီးဂူမို ကို စိုက်ကြည့်ရင်း "လူအိုကြီးဂူ၊ မင်းပြောနေတာကို ငါတကယ်နားမလည်ဘူး"ဟုပြန်ပြောလိုက်သည်။

"မင်း နားမလည်ဘူးလား" အဘိုးကြီးဂူမိုက ဆက်ပြောလိုက်သည် “ မကြာသေးခင်တုန်းကပဲ အမည်မသိကျင့်ကြံသူနှစ်ယောက်က ငါတို့ရဲ့ နတ်ဆိုးနယ်မြေထဲကို

ဝင်လာပြီးတော့ ထောင်သောင်းချီတဲ့

နတ်ဆိုးသားရဲတွေကို

သတ်ပစ်လိုက်တယ်။ ဒါ့အပြင်

မင်းသေရင် နတ်ဆိုးမျိုးနွယ်ကို

ဖျက်ဆီးပစ်မယ်လို့တောင်

ခြိမ်းခြောက်တယ်”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

"တစ်စုံတစ်ယောက်က ငါ့ကို

ကူညီနေတာလား။ ဘယ်သူက ငါ့ကို ကူညီနေတာလဲ"

ထိုအချိန်တွင် ကောင်းကင်ယံအထက်မှ လူသားကျင့်ကြံသူတစ်ဦးက ရှေ့သို့ တိုးလာပြီး "ယန်ယွဲ၊ မင်းနဲ့ မင်းနောက်မှာ ရပ်နေတဲ့ အင်အားစုက နတ်ဆိုးမျိုးနွယ်ကို အလစ်အငိုက်ဝင်တိုက်ခဲ့တယ်။ ဒါဟာ ငါတို့မျိုးနွယ်တွေကြားက စစ်ပွဲတွေ

ဖြစ်လုနီးပါး ဖြစ်နေပြီ။ အဲဒါတွေရဲ့

အကျိုးဆက်တွေက

ဘာတွေဖြစ်လာနိုင်လဲ သိလား။

ငါတို့မျိုးနွယ်အချင်းချင်း စစ်ဖြစ်ရင်

မင်းကို ခေတ်အဆက်ဆက်

ပြစ်တင်ရှုံ့ချလိမ့်မယ်”ဟူ၍

ထပ်ပြောပါသည်။

ယန်ယဲ့က ထိုလူကို စိုက်ကြည့်ရင်း

"မင်းက ဘယ်သူလဲ"ဟုမေးလိုက်၏။

အဘိုးအိုက "ငါက လူသားမဟာမိတ်အဖွဲ့ ရဲ့ ခေါင်းဆောင် စုဒန်"

ယန်ယဲ့က ထပ်ပြီး

မျက်မှောင်ကြုတ်သွားသည်။

ဤအဖြစ်အပျက်မှာ

လူသားမဟာမိတ်အဖွဲ့ လည်း

ပါဝင်လာမည်ဟု သူ မမျှော်လင့်ထားပေ။

သူက အင်ပါဂိုဏ်း ၊

စစ်နတ်ဘုရားခန်းမတို့နှင့် ရန်ငြိုးများ

ရှိနေသည့်တိုင် လူသားမဟာမိတ်အဖွဲ့

နှင့်မဆိုင်ပါ။ လူသာမဟာမိတ်အဖွဲ့ က

စစ်နတ်ဘုရားခန်းမ နှင့် အင်ပါယာဂိုဏ်း

တို့ထိန်းချုပ်နိုင်သောအရာ မဟုတ်ပေ။

ယန်ယဲ့ သည် မျက်ခုံးကြောများ

တွန့်ကွေးနေသည်ထိ

စဉ်းစားနေသည်။သူ၏ပင်ကိုယ်အရ

ဒီအဖြစ်အပျက်ဟာ ပုံမှန်မဟုတ်ကြောင်း ပြောနေခဲ့သည်။

ထိုအချိန်တွင် စုဒန် က ရုတ်တရက် မေးသည် "ယန်ယဲ့၊ မင်းနောက်မှာရှိတဲ့ အင်အားစုက ငရဲခန်းမ လား"

ငရဲခန်းမ ။

ထိုအသံကို ကြားသောအခါ လူတိုင်း၏

အမူအရာများက

ပြောင်းလဲသွားကြသည်။အားလုံးက

ငရဲခန်းမ အကြောင်းကို သဘာဝကျကျ

သိထားကြသည်။နောက်ဆုံးတွင်

ဎင်းသည် ကောင်းကင်တိုက်ကြီး၏

ချိုးဖောက်လို့မရသော

တားမြစ်ချက်တစ်ခုပင်မဟုတ်ပါလား။

ထိုအချိန်တွင် စုဒန် က “ဟာဟား၊

ငရဲခန်းမ ကလွဲရင် ဒီအပြင်

ဘယ်သူဖြစ်နိုင်မလဲ။နောက်ဆုံးတော့

မင်းက အောက်ဘုံ မှာရှိတဲ့ ငရဲခန်းမ နဲ့

အတော်လေးကို ရင်းနှီးခဲ့တယ်။ မင်းဒီမှာ

ပိတ်မိနေတော့ သူတို့က သဘာဝအတိုင်း

တိတ်တိတ်ဆိတ်ဆိတ်

မနေနိုင်ကြဘူးထင်ပါရဲ့”

ထို့နောက် သူက အဘိုးကြီးဂူမို နှင့် ပတ်ဝန်းကျင်ရှိ နတ်ဆိုးသားရဲများကို ရုတ်တရက် စူးစိုက်ကြည့်ကာ “လူတိုင်း၊ ယန်ယဲ့ကို ထွက်သွားခိုင်းတာ အကောင်းဆုံးလို့ ငါထင်ပါတယ်။ မဟုတ်ရင် ငရဲခန်းမ ...”

"ငရဲခန်းမ လား"

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်က ရှေ့ကို တိုးလာပြီး “ဒါဆို ငရဲခန်းမ က

ဘာဖြစ်မလဲ။ ငါ့နတ်ဆိုးမျိုးနွယ်က

ငရဲခန်းမကို ဘာကြောင့်ကြောက်တာလဲ။

ယန်ယွဲ၊ ငါ့ကောင်းကင်ဘုံနဂါးမျိုးနွယ်နဲ့

ငရဲခန်းမ ကြားမှာ

ဘာရန်ငြိုးမှမရှိပေမယ့် မင်းအတွက်နဲ့

ငါ့မျိုးနွယ်စုဝင် (၁၀,၀၀၀) ကျော်

အသတ်ခံရတယ်။ ဒီရန်ငြိုးတွေက

ညှိနှိုင်းလို့မရဘူး"

ထိုအချိန်တွင် ယန်ယဲ့က

မျက်မှောင်ကြုတ်လိုက်သည်။ "ငရဲခန်းမ

က အထက်ကမ္ဘာကို ရောက်နေပြီလား"

သို့သော် သူ့အတွေးကို

ဖျောက်ဖျက်လိုက်သည်။

မဖြစ်နိုင်သောကြောင့်ပါ။

အကယ်၍ ငရဲခန်းမ သာဆိုလျှင်

နတ်ဆိုးများကို မသတ်ဘဲ

နတ်ဘုရားဖီးနစ်ကလန် သို့

တန်းတန်းမတ်မတ် ရောက်ရှိလာပေမည်။

အခြားသော နတ်မျိုးနွယ်များကို

သတ်ဖြတ်ခြင်းက

နတ်ဆိုးမျိုးနွယ်ကြီးတစ်ခုလုံးအား

ဒေါသထွက်စေသည့်အပြင်

သူကိုယ်တိုင်ပါ

ပစ်မှတ်ဖြစ်သွားရလေသည်။

ထို့အပြင် နောက်ကွယ်မှ

လုပ်ဆောင်နေသူဟာ ငရဲခန်းမ

ဖြစ်နေပါက လက်ရှိတွင်

လူလုံးထွက်ပြနေလောက်ပါပြီ။

တစ်နည်းဆိုရသော် ၎င်းသည် ငရဲခန်းမ

မဟုတ်ပါ။

သို့သော် နတ်ဆိုးမျိုးနွယ်ကို

တိုက်ခိုက်သည့်

လျှို့ဝှက်ဆန်းကြယ်သော

ကျင့်ကြံသူများဟာ သူ့အား

ကူညီခဲ့ခြင်းမဟုတ်ပေ။ တမင်သက်သက်

ပြဿနာများ

မဖြစ်ဖြစ်အောင်ဖန်တီးနေခြင်းသာ။

ထိုအချိန်တွင် စုဒန် က

ရုတ်တရက်ပြောခဲ့သည် "လူတိုင်း၊

ငရဲခန်းမ က ကြီးမားတဲ့
ခြိမ်းခြောက်မှုတစ်ခုပါ။
ငါ့ရဲ့လူသားမဟာမိတ်အဖွဲ့က
ငရဲခန်းမကို တိုက်ခိုက်ရာမှာ
ပါဝင်ဖို့ဆန္ဒရှိတယ်"ဟုရှုပင်

“ဒါဆို သိပ်ကောင်းတာပေါ့”
ကောင်းကင်နဂါးမျိုးနွယ်မှ ကျင့်ကြံသူက
ခေါင်းညိတ်လိုက်သည်။
အမှန်တိုင်းပြောရလျှင်

ကောင်းကင်ဘုံနဂါးမျိုးနွယ်ဟာ

ငရဲခန်းမကို ကြောက်ရွံ့နေခဲ့၏။

သို့မဟုတ်

နတ်ဆိုးမျိုးနွယ်ကြီးတစ်ခုလုံးပင်

ငရဲခန်းမကို ကြောက်ရွံ့သည်ဟု

ဆိုရပေမည်။ လူသားမဟာမိတ်အဖွဲ့၏

ကြေညာချက်ဟာ သဘာဝအတိုင်း

သူတို့အတွက် သတင်းကောင်းပါ။

စုဒန် ၏ ပါးစပ်ထောင့်မှ အပြုံးတစ်ခု ပေါ်လာသည်။ သူက ယန်ယဲ့ကို စိုက်ကြည့်ကာ "ဒါပေမဲ့ ငါတို့က ယန်ယဲ့နဲ့ အရင်ဆုံးဖြေရှင်းရမယ် "ဟုပြောလိုက်သည်။

ယန်ယဲ့က အဘိုးကြီးဂူမို ကို ရုတ်တရက် စိုက်ကြည့်ရင်း "အစ်ကိုကြီးဂူ၊ အခု ဘာမှ မပြောချင်တော့ဘူး။ ဘာမှ ပြောဖို့ အခိပ်ပါယ်မရှိဘူး။ မင်းရဲ့

နတ်ဆိုးဘုရားနန်းတော်က

အဖွဲ့ဝင်တွေကို ခေါ်ပြီးထွက်သွားပါ"

အဘိုးကြီးဂူမို က ယန်ယဲ့ကို

အချိန်အကြာကြီး စိုက်ကြည့်ပြီးမှ “ငါ

ထွက်သွားလို့မရဘူး” ဟု

ပြန်ပြောပါသည်။

ယန်ယဲ့က အကြာကြီး ငြိမ်သက်သွားပြီး
“ငါ နားလည်ပါတယ်” ဟု
ခေါင်းညိတ်လိုက်သည်။

ထိုစကားပြောပြီးသည်နှင့် သူက
ဖီးနစ်ကလန် မှ ကျင့်ကြံသူများကို
စူးစိုက်ကြည့်ကာ "ဒီနေ့ကစလို့
ဖီးနစ်ကမ္ဘာ မရှိတော့ဘူး"ဟူ၍
ပြောလိုက်လေသည်။

စကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

ကြယ်တာယာစွမ်းအင်ဓားနယ်မြေက

ချက်ချင်း ပေါ်လာသည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်မှ

မြင်ကွင်းက ပြောင်းလဲသွား၏။

ထို့နောက်တွင် အဆုံးအစမဲ့သော

ကြယ်တာယာများပြည့်နေသည့်

ကောင်းကင်ပြင်ကြီးအဖြစ်

ပြောင်းလဲသွားတော့သည်။

ခဏအကြာတွင်တော့

ဖီးနစ်ကမ္ဘာအထက် ကောင်းကင်ယံ၌

မရေမတွက်နိုင်သော

ကြယ်စားစွမ်းအင်များ

ပေါ်လာသည်။ထူးခြားချက်မှာ

လက်ရှိတွင် ကြယ်စားစွမ်းအင်များက

အနီရောင်တလက်လက်တောက်ပနေ၏။

သိပ်မကြာလိုက်ပါ။

ကောင်းကင်ယံအထက်မှ ပြင်းထန်သော

ကြယ်နီရောင်ဓားစွမ်းအင်များ

ဆင်းသက်လာသည်။

တစ်ချိန်တည်းမှာပင်

ယန်ယွဲ့၏ပတ်ပတ်လည်ရှိ

မီးတောက်ပင်လယ်ပြင်ကလည်း

ပတ်ဝန်းကျင်ဆီသို့ လျင်မြန်စွာ

ပြန့်ကားသွားလေသည်။

ကောင်းကင်အပြည့် ဖုံးလွှမ်းထားသော
ကြယ်နီရောင်ဓားစွမ်းအင်ကို
မြင်လိုက်သည်နှင့် မိုကျန်း အပါအဝင်
နတ်ဘုရားဖီးနစ်ကလန်၏
အဖွဲ့ဝင်အားလုံး မျက်နှာများ
ဖြူဖျော့သွားခဲ့သည်။

ထိုအချိန်တွင်
မီးတောက်ပင်လယ်ပြင်ဟာ

အနီးပတ်ဝန်းကျင်သို့ လျင်မြန်စွာ

ပြန့်နှံ့သွားကာ

လမ်းကြောင်းတစ်လျှောက်မှ

အရာအားလုံးကို ဝါးမျိုသွားခဲ့သည်။

May Be:

၁၈၉၅

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၅ - တိုက်ပွဲ၏အဆုံးသတ်

(ဖီးနစ်ကမ္ဘာ ပျက်သုဉ်းခြင်း)

နတ်ဘုရားဖီးနစ်ကလန်၏

ကျင့်ကြံသူများ သာမကဘဲ ဤနေရာမှ

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများ အားလုံးဟာ

မျက်နှာထက်၌ အလွန်ဆိုးရွားသော

အမူအရာများ ရှိနေကြသည်။

အကယ်၍ ၎င်းသည်

ကြယ်တာယာစွမ်းအင်ဓာနယ်မြေ

သက်သက်သာဖြစ်နေလျှင်

ပူးပေါင်းတိုက်ခိုက်မှုဖြင့်

ကြောက်ရွံ့နေမည်မဟုတ်ပါ။ သို့သော်

ပြဿနာမှာ ဓားစွမ်းအင်နှင့်

ပေါင်းစပ်ထားသော မီးတောက်များပင်။

အထူးသဖြင့် နတ်ဘုရားဖီးနစ်ကလန်၏

ဘိုးဘေးမိုကျန်း ပါ။ သူသည်

ထိုမီးတောက်များနှင့်

လောင်ကျွမ်းခံရဖူးသောကြောင့်ပင်။

မည်မျှထိတ်လန့်စရာကောင်းသည်ကို

ကောင်းကောင်းသိထား၏။

ထို့အပြင်

ကြယ်နီရောင်ဓားစွမ်းအင်များသာ

ကျဆင်းလာပါက သူ၏ ဖီးနစ်ကမ္ဘာ ဟာ

ဤလောကမှ အပြီးတိုင်

ကွယ်ပျောက်သွားမည်ကို သိနေခဲ့သည်။

ဖီးနစ်ကမ္ဘာ တစ်ခုတည်းသာ

ပျောက်ကွယ်သွားမည်မဟုတ်ပေ၊

ဖီးနစ်ကမ္ဘာရှိ

သက်ရှိသတ္တဝါများအားလုံးပါ

ပျောက်ကွယ်သွားရပေမည်။

ထိုအချက်ကို တွေးမိသည်နှင့် မိုကျန်းက

အခြားအရာအားလုံးကို

လျစ်လျူရှုလိုက်ပြီး ယန်ယဲ့အား

အလျင်စလို ကြည့်လိုက်သည်။ သူက

“ယန်ယဲ့၊ ငါ့ရဲ့နတ်ဘုရားဖီးနစ်မျိုးနွယ်က
မင်းကို ထွက်သွားခိုင်းဖို့ ဆန္ဒရှိတယ်”
ဟူ၍ အော်ပြောလိုက်သည်။ "ဒီတော့
မင်းရဲ့ဓားစွမ်းအင်ကို မြန်မြန်ရပ်လိုက်"

ယန်ယဲ့ သည် မိုကျန်း ကို
ဂရုမစိုက်တော့ပေ။
ကြယ်နီရောင်ဓားစွမ်းအင်များက
ဖီးနစ်ကမ္ဘာပေါ်သို့ တဖြည်းဖြည်းနဲ့
လျင်မြန်စွာကျဆင်းလာနေခဲ့သည်။

ဒီအချိန်မှာ ကြယ်နီရောင်ဓားစွမ်းအင်က

အထက် မီတာ ၁၀၀ ခန့်သာ

ဝေးပါတော့သည်။

"နောက်ဆုတ်ကြ...."

လူသားမဟာမိတ်အဖွဲ့၏

ခေါင်းဆောင်ဖြစ်သူ စုဒန်က

ချက်ချင်းဆုတ်ခွာရန် ဆုံးဖြတ်လိုက်ပြီး

လူသားကျင့်ကြံသူများ နှင့်အတူ

ပျောက်သွားခဲ့သည်။

"နောက်ဆုတ်ကြမယ်..."

သိပ်မကြာလိုက်ဘဲ

ကောင်းကင်ဘုံနဂါးကလန်မှ

ကျင့်ကြံသူအုပ်စုပါ

ပျောက်ကွယ်သွားတော့သည်။

ကောင်းကင်ဘုံနဂါးမျိုးနွယ် သာမကဘဲ

နတ်ဘုရားဖီးနစ်ကလန် ကလွဲ၍

အခြားသော မျိုးနွယ်စုများအားလုံး

အသီးသီးထွက်ပြေးခဲ့ကြသည်။

ကြယ်နီရောင်စားစွမ်းအင်များ

ကျဆင်းလာခြင်းကို

ရပ်တန့်နိုင်မည်လော။

မဖြစ်နိုင်ပါ။ ထိုထူးဆန်းသော

မီးတောက်များ

ပေါင်းစပ်ထားခြင်းမရှိလျှင်ပင်

ရပ်တန့်ရန်မှာ

လွယ်ကူမည်မဟုတ်ပေ။လက်ရှိတွင်

မီးတောက်များနှင့် ပေါင်းစပ်ထားလေရာ

တားဆီးဖို့က ပို၍ပင်ခက်ခဲသွား၏။

ကြယ်နီရောင်ဓားစွမ်းအင်ကို အဆုံးအထိ

တွန်းလှန်နိုင်သည့်တိုင်  အနည်းဆုံး

အင်အားစုအသီးသီးမှ ကျင့်ကြံသူ ၉၀

ရာခိုင်နှုန်းနီးပါး အသတ်ခံလိုက်ရမည်မှာ

သေချာသလောက်ပင်။ ထို့အပြင်

ကျန်လူများပါ အဆုံးတွင်

လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ထိုအချိန်တွင် နတ်ဘုရားဖီးနစ်ကလန်မှ ကျင့်ကြံသူတစ်ဦးက "ထွက်သွားကြတော့။ ငါတို့ နောက်ဆုတ်ရမယ်"ဟူ၍ အော်ပြောလိုက်သည်။

"ပြန်ဆုတ်မလား" မိုကျန်း က လှည့်ကြည့်လိုက်ပြီး ဒေါသတကြီးနဲ့ "ဖီးနစ်ကမ္ဘာ က ဘယ်လိုလုပ်မလဲ။ ဒီနေရာမှာ

နေကြတဲ့သက်ရှိသတ္တဝါတွေကော

"ဟုပြောလေသည်။

အဘိုးအိုက “ငါတို့သေရင်

ငါတို့မျိုးနွယ်ကိုယ်စား လက်စားချေဖို့

ဘယ်သူမှ မကျန်တော့ဘူး” ဟူ၍

အသံတိုးတိုးနဲ့ ပြောလိုက်သည်။

မိုကျန်း၏ မျက်နှာက

ပြင်းထန်သောအမူအရာတစ်ခု

ပေါ်လာသည်။ သူက

ဆုံးဖြတ်ရခက်နေမှန်း သိသာ၏။

ခဏကြာ တိတ်တိတ်ဆိတ်ဆိတ်နေပြီးမှ

အသက်ပြင်းပြင်းရှူပြီး ဒေါသတကြီး

အော်လိုက်သည် ။ "လူတိုင်း၊

နတ်ဘုရားဖီးနစ်ကမ္ဘာ ကနေ

တတ်နိုင်သမျှ များများ သိမ်းဆည်းပါ"

ထိုအမိန့်ပေးသံ ထုတ်လွှတ်ပြီးနောက်
ယန်ယဲ့ကို ရုတ်တရက်
လှည့်ကြည့်လိုက်ပြီး "ယန်ယဲ့၊ ဒီအတွက်
မင်းကို အဆတစ်ထောင်
ပေးချေခိုင်းမယ်"ဟူ၍
အေးစက်စက်လေသံဖြင့်
ပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်
နတ်ဘုရားဖိုးနစ်ကလန်၏ အခြားသော

အာဏာပိုင်များနှင့်အတူ
ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင်
ကြယ်နီရောင်ဓားစွမ်းအင်က ဖီးနစ်ကမ္ဘာ
ပေါ်သို့ ကျရောက်လာခဲ့လေပြီ။
ဖီးနစ်ကမ္ဘာ တစ်ခုလုံးမှ အရာအားလုံး
ဖျက်ဆီးခံခဲ့ရသည်။
တစ်ချိန်တည်းမှာပင်
မီးတောက်လှိုင်းများသည် ကမ္ဘာအနှံ့ ပြန့်

နှံ့သွားပြီး မီးတောက်လှိုင်းများနှင့်

ဓားစွမ်းအင်ကြောင့် ဖီးနစ်ကမ္ဘာအထက်

အာကာသပြင်က

စတင်ကွဲအက်လာခဲ့သည်။

ဂျိန်း....

၁ နာရီခန့်အကြာတွင် ကောင်းကင်ယံ၌

ကျယ်လောင်သော

ပေါက်ကွဲသံကြီးတစ်ခု
ထွက်ပေါ်လာခဲ့သည်။

ထိုပေါက်ကွဲသံနှင့်အတူ ဖိုးနစ်ကမ္ဘာ
သည်လည်း လုံးလုံးလျားလျား
ပျက်စီးခဲ့သည်။

ဤအခိုက်အတန့်မှာ
နတ်ဘုရားဖိုးနစ်ကလန် ဟာ
အင်အားကျဆင်းသွားပြီကို

လူတိုင်းသိနေခဲ့သည်။ ဖီးနစ်မျိုးနွယ်၏

ကျင့်ကြံသူအများစု

လွတ်မြောက်နိုင်ခဲ့သော်လည်း

ပြန်လည်မွေးဖွားခြင်းအဆင့် အောက်မှ

အဖွဲ့ဝင် ၉၀

ရာခိုင်နှုန်းဟာအသတ်ခံလိုက်ရသည်။

အင်အားစုတစ်ခုအတွက်

၎င်း၏အင်အားကို ထိန်းသိမ်းရန်နှင့်

ကြီးထွားရန်

သွေးသစ်လောင်းနိုင်ခြင်းမရှိလျှင်
အနာဂတ်မှာ
ဆက်ပြီးရှိနေနိုင်မည်မဟုတ်ပါ။

ထို့နောက်တွင်.....

နတ်ဘုရားဖိုးနစ်ကလန်
ပျက်သုဉ်းလုနီးပါးဖြစ်ခဲ့သည် ဟူသော
သတင်းက
ကောင်းကင်တိုက်ကြီးတစ်ခုလုံးကို

လျှင်မြန်စွာ ပြန့်နှံ့ခဲ့လေသည်။
ဤအခိုက်အတန့်တွင်
တိုက်ကြီးတစ်ခုလုံးရှိ
အင်အားစုတိုင်းဟာ "ယန်ယဲ့" ဟူသော
အမည်ကိုပါ ပူးတွဲကြားလိုက်ရသည်။

အမှန်စင်စစ် ကောင်းကင်တိုက်ကြီးမှ
အင်အားစုတိုင်းဟာ
ဤအဖြစ်အပျက်မတိုင်မီကတည်းက
ယန်ယဲ့၏အမည်ကို သိနေကြသည်။

နောက်ဆုံးတွင် ထိုလူက အောက်ဘုံမှ

တက်လာသည့် ကောင်းကင်လမ်းကိုပင်

သတ်ဖြတ်ပစ်ခဲ့သည်မဟုတ်ပါလား။

သို့သော်လည်း ယခင်က

သာမန်အကြောင်းလောက်သာ

ကြားဖူးထားရုံပင်။

သိပ်ပြီး အလေးအနက်မထားကြပေ။

သို့သော် လက်ရှိတွင်တော့

အင်အားစုအသီးသီးဟာ ယန်ယဲ့ကို

ကြောက်ရွံ့နေခဲ့လေပြီ။

အကြောင်းကတော့

နတ်ဘုရားဖီးနစ်ကလန် ကဲ့သို့ ကြယ် ၈

ပွင့်အဆင့် အင်အားစုကိုပင်

တစ်ယောက်တည်းဖျက်ဆီးပစ်နိုင်စွမ်းရှိ

နေသောကြောင့်ပါ။

...

နယ်စပ်မြို့ ။ ဆိတ်သားအရက်ဆိုင်။

ဖီးနှစ်ကမ္ဘာမှ အဖြစ်အပျက်များကို

ကြားသိပြီးနောက် တင်းရှောက်ယောင်က

သက်ပြင်းချကာ

သက်သာရာရသွားခဲ့သည်။

နောက်ဆုံးတွင် သူမက အမှန်တကယ်

စိတ်အေးလက်အေး ဖြစ်သွားခဲ့သည်။

အမှန်တော့ သူမ၏စိတ်ထဲ၌လည်း

ငရဲခန်းမကို ထွက်ပေါ်မလာစေချင်ပေ။

အကြောင်းကတော့ ငရဲခန်းမ၏ ကေရီ

(၁၀) ပါးသာ ရောက်လာပါက

မှောင်ရိပ်ထဲမှ အင်အားစုပါ

ထွက်ပေါ်လာမည်ကို

သိနေသောကြောင့်ပင်။

ထိုအချိန်တွင် ယန်ယွဲ့ သည်

သေချာပေါက်ကို ငရဲရောက်ပြီဖြစ်သည်။

နောက်ဆုံးတော့ ငရဲခန်းမ၏ ကေရီ (၁၀)

ပါးပင်လျှင် အောက်ဘုံအထိ

ဆင်းပြေးရသည်ဖြစ်ရာ ထိုအင်အားစုက

လယန်ယွဲ့

ရင်ဆိုင်နိုင်သောအရာမဟုတ်ပေ။ကံ

ကောင်းထောက်မစွာ၊ ယန်ယွဲ့သည်

သူကိုယ်တိုင်ပဲ

ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့၏။

အခန်းထဲတွင် အချိန်အတော်ကြာ

တိတ်ဆိတ်နေပြီးနောက်

တင်းရှောက်ယောင် က ရုတ်တရက်

"လူသားမဟာမိတ်အဖွဲ့ ထဲကို ဝင်နိုင်သမျှ

လုပ်နိုင်သမျှလုပ်ဖို့ ငါတို့တပ်ဖွဲ့တွေကို

ပြောလိုက်ပါ"ဟူ၍ ပြောခဲ့သည်။

“ကောင်းပါပြီ…” တံခါးအပြင်ဖက်မှ

အသံတစ်သံထွက်လာသည်။

တင်းရှောက်ယောင် က သူမ၏

လက်သီးများကို ဖြည်းညှင်းစွာ

ဆုပ်လိုက်သည် "ဘယ်သူလဲ။ ဘယ်သူက

ယန်ယွဲ့ နဲ့ ငရဲခန်းမ ကို ကြံနေတာလဲ"

...

အမည်မသိတောင်တန်းကြီးပေါ်။

ဝါးအိမ်လေးထဲ၌

အဖြူရောင်ဝတ်ရုံဝတ်အမျိုးသမီးတစ်ဦး

က ဝါးကုတင်ပေါ်မှာ ထိုင်လျက်

စစ်တုရင် ဆော့နေသည်။ အဖော်မရှိဘဲ

သူမ တစ်ယောက်တည်းသာ။သူမက

အနက်ရောင်အပိုင်းအစတစ်ခုကို

ကောက်တင်လိုက်ပြီး ဘုတ်ပြားပေါ်

တင်လိုက်ရင်း ပါးစပ်ထောင့်မှ

မမြင်နိုင်သော

အပြုံးတစ်ခုပေါ်လာသည်။

“စိတ်ဝင်စားဖို့ကောင်းတယ်။ အမည်မသိ

မီးတောက်တစ်ခုလား။ ဟားဟား၊ နင့်မှာ

ဝှက်ဖဲ တော်တော်များများ ရှိတယ်"

စကားပြောပြီးသည်နှင့် အိမ်ထောင့်ဆီသို့

ရုတ်တရက်လှမ်းကြည့်ကာ

ပြုံးလိုက်သည် “နင် အရမ်းပျော်နေလား။

တကယ်တော့ ငါလည်း

အရမ်းပျော်ပါတယ်။ ဘာလို့လဲဆိုတော့

ဒီလောကမှာ သူရှိနေတာနဲ့အတူ

ငြိမ်းချမ်းတဲ့အခြေအနေဆိုတာ

မရှိတော့လို့"

ထိုစကားပြောပြီးသည်နှင့်

စစ်တုရင်ဘုတ်ပြား ဆီသို့

အာရုံပြန်စိုက်ထားကာ

ကစားနေလိုက်တော့သည်။

...

ဖီးနစ်ကမ္ဘာ ကို ဖျက်ဆီးပြီးနောက်တွင်

ယန်ယဲ့ သည် ထိုနေရာမှ

ထွက်ခွာသွားခြင်းမရှိပေ။

အကြောင်းကတော့

ကျင့်ကြံသူအများအပြားက သူ့အား

နေရာအနှံ့

လိုက်လံရှာဖွေနေသောကြောင့်ပင်။

ယန်ယဲ့က

မြေအောက်တွင်းနက်တစ်ခုထဲ၌

ပုန်းအောင်းနေခဲ့သည်။

ထို့နောက် မူလစေတီထဲကို

ဝင်ရောက်သွားခဲ့သည်။

မူလစေတီထဲသို့ ဝင်ရောက်လာသည်နှင့်

တပြိုင်နက် ယန်ယဲ့၏ မျက်နှာသည်

ပြင်းထန်စွာ တုန်ခါသွားသည်။

ဒီအချိန်မှာ သူ့တစ်ကိုယ်လုံး

သွေးများနီရဲနေခဲ့သည်။ သို့သော်

သေချာကြည့်ရင်တော့ သွေးမဟုတ်ဘဲ

အနီရောင်မီးတောက်များဖြစ်ကြောင်း

သတိထားမိပေမည်။

လက်ရှိအချိန်မှာတော့ မီးတောက်များက

သူ့ခန္ဓာကိုယ်အနှံ့ ပြင်းပြင်းထန်ထန်

လောင်ကျွမ်းနေခဲ့လေသည်။

ယန်ယွဲ့က "ယင်၊ ဒီမီးတောက်တွေကို မြန်မြန်ပြန်ယူလိုက်”ဟု အလျင်အမြန်အော်ပြောလိုက်သည်။

သို့သော် နတ်ယဉ်မီးတောက်က သူ့ကို ပြန်မဖြေပါ။

ထိုအချိန်တွင် ကောင်းကင်ငယ်က ယန်ယွဲ့ရှေ့မှ ရုတ်တရက် ပေါ်လာပြီး

"အိပ်မောကျနေတာထင်တယ်"ဟု

ပြောလေသည်။

ယန်ယဲ့က "ဘာလဲ။

မင်းဘာကိုဆိုလိုတာလဲ"

ကောင်းကင်ငယ်က

သူမခေါင်းကိုခါလိုက်ပြီး “

သူ့ရဲ့ပင်မခန္ဓာကိုယ်က ဒီနေရာကနေ

မခွာနိုင်ဘူးလေ။ နင့်ဆီကနေ

သူ့ရဲ့စွမ်းအင်တွေကို

ထုတ်ဖော်ရုံပဲတတ်နိုင်တယ်။ ဒါပေမဲ့

ဒီလိုလုပ်တာကို မခံနိုင်ဘူး။ ဒါ့အပြင်

သူ့ရဲ့စွမ်းအင်ကို

အတင်းအကြပ်ထုတ်ဖော်လိုက်တော့

ဒီမှာကျန်နေတဲ့ပင်မခန္ဓာကိုယ်ကို

ကြီးကြီးမားမားထိုးနှက်သွားတာပဲ"

ယန်ယဲ့၏ မျက်နှာက

အတော်လေးကိုကြည့်ရဆိုးသွားပါသည်

"ဒါဆို ငါဘာလုပ်ရမလဲ"

ဒီအချိန်မှာ နတ်ယင်မီးတောက် မှ

ကျန်နေသော မီးတောက်များဟာ

သူ့ကိုယ်ပေါ်လောင်နေဆဲပါ။

မီးတောက်က သူ့ကို

လောင်ကျွမ်းနေခြင်းမဟုတ်သည့်တိုင်

အပူချိန်က သူ့ခန္ဓာကိုယ်အား

အဆက်မပြတ်ဖိအားပေးနေခဲ့သည်။

အကယ်၍သာ

နတ်ဆိုးဘုရားစွမ်းအင်နှင့်သူ့ကိုယ်သူ

ကာကွယ်မထားလျှင် လက်ရှိမှာ

ပြာကျသွားပြီဖြစ်သည်။

ကောင်းကင်ငယ်က ပခုံးတွန့်လိုက်သည်

"နင်ဘာလုပ်ရမယ်ဆိုတာ

ငါလည်းမသိဘူး"

ယန်ယွဲ့ က ဘာပြောရမှန်းမသိတော့ပေ။

ကောင်းကင်ငယ်က သူမခေါင်းကို ခါလိုက်ပြီး “နင် တော်တော် နာကျင်နေပုံရတယ်။ ငါ… ငါ…ဒါပေမဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး”

ယန်ယွဲ့က ဒေါသတကြီးပြောလိုက်သည် "ကောင်းကင်ငယ်၊ မင်းအရိုက်ခံရဖို့ရှာနေတာလား”

ကောင်းကင်ငယ်က တခစ်ခစ်ရယ်ပြီး

“နောက်နေတာပါ။ ဒါပေမဲ့ ငါနင့်ကို

တကယ်မကူညီနိုင်ဘူး။

ဘာလို့လဲဆိုတော့ အဲဒီမီးတောက်တွေက

နင့်ခန္ဓာကိုယ်နဲ့ တစ်သားတည်းဖြစ်နေပြီ။

သူတို့ကို ဖယ်ရှားချင်ရင်

နည်းလမ်းတစ်ခုပဲရှိတယ်။ ဒါကတော့

ကိုယ့်ခွန်အားနဲ့ပဲ ဖြည်းဖြည်းချင်း

တွန်းထုတ်ကြည့်လိုက်”ဟုပြောပါသည်။

ယန်ယွဲ့ သည် မီးတောက်များကို

သူ့ကိုယ်သူ

ဖယ်ရှားပစ်ရန်မှတစ်ပါး

အခြားရွေးချယ်စရာမရှိတော့ပေ။

မီးတောက်များက

သိပ်တော့ကြောက်စရာမကောင်းပါ။

အကြောင်းမှာ သူ့ခန္ဓာကိုယ်အား

ရည်ရွယ်ချက်ရှိရှိ

လောင်ကျွမ်းနေခြင်းမဟုတ်လို့ပါ။
မဟုတ်လျှင် လက်ရှိသူ့ခန္ဓာကိုယ်က
ခံနိုင်ရည်ရှိမှာမဟုတ်ပေ။ ဒီအချိန်မှာ
သူရင်ဆိုင်နေရသည့် အခြေအနေက
ဓားစိတ်ဆန္ဒ တန်ပြန်ရိုက်ခတ်မှုထက်ပင်
ပို၍ဆိုးနေခဲ့သည်။

ယန်ယဲ့ သည် မူလခရမ်းရောင်စွမ်းအင်၏

အကူအညီဖြင့် သူ့ကိုယ်ပေါ်မှ

မီးတောက်များကို ဖြည်းဖြည်းချင်း

တွန်းထုတ်လိုက်ပါသည်။

အချိန်တော်တော်ကြာပြီးနောက်

သူ့ကိုယ်ပေါ်မှ

မီးတောက်များအားလုံးဟာ နတ်ဆေးမီးဖို

ထဲသို့ အမြန်ပြန်သွားကြသည်။

နောက် ၂ နာရီခန့်အကြာတွင်တော့

ယန်ယဲ့၏ ခန္ဓာကိုယ်က

ပုံမှန်ပြန်ဖြစ်သွားသည်။

ကောင်းကင်ငယ်က "နင် အခု ဘာလုပ်ဖို့

စိတ်ကူးထားလဲ"ဟု မေးလိုက်သည်။

"ငါဘာလုပ်ဖို့စီစဉ်ထားလဲ" ယန်ယဲ့က

ပါးစပ်ထောင့်မှာ ရက်စက်သော

အပြုံးတစ်ခုနှင့် ပြန်ပြောသည်

"နတ်ဘုရားဖီးနစ်မျိုးနွယ်ကို
အပြီးတိုင်ဖျက်ဆီးပစ်ရမယ်"
သူသည် ဖီးနစ်ကမ္ဘာ ကို
ဖျက်ဆီးပစ်ခဲ့သော်လည်း
ဖီးနစ်အများအပြား
လွတ်မြောက်သွားခဲ့ကြသည်။

ကောင်းကင်ငယ်က “နင်
တော်တော်သတ်ပြီးနေပြီ"

"မဟုတ်ပါဘူး၊ အများကြီးမဟုတ်ပါဘူး"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"ဒီကမ္ဘာပေါ်က ဖီးနစ်တိုင်းရဲ့ ခေါင်းကို

ငါဖြတ်မယ်။ ငါသူတို့ကို

မျိုးသုဉ်းသွားအောင် လုပ်ရမယ်"

ဟု ပြောပြီးနောက် နေရာမှာပင်

ပျောက်သွားခဲ့သည်။

ကောင်းကင်ငယ်က အချိန်အတော်ကြာ

တိတ်ဆိတ်နေပြီး သက်ပြင်းကို

တိုးတိုးလေး ချလိုက်ကာ "ဒီလူကို ဘာလို့

စော်ကားရတာလဲ။ လူတိုင်းဟာ

ငြိမ်းချမ်းစွာ နေထိုင်လို့ မရဘူးလား။

နင်တို့အားလုံး အချင်းချင်း ရန်ဖြစ်

သတ်ဖြတ်နေတာ... လောဘက အပြစ်ပဲ”

...

နတ်ဆိုးဘုရားတောင်တန်း ။

ဖီးနစ်ကမ္ဘာ ဖျက်ဆီးခံရပြီးနောက်

နတ်ဘုရားဖီးနစ်ကလန် မှ လွတ်

မြောက်လာသော ဖီးနစ်များအားလုံး

နတ်ဆိုးဘုရားတောင်တန်း သို့

ယာယီပြောင်းရွှေ့ခဲ့ရသည်။

လက်ရှိအချိန်တွင်

နတ်ဘုရားဖီးနစ်ကလန်မှ ဖီးနစ်

အကောင်ရေ (၃,၀၀၀) အောက်သာ

ကျန်ရှိတော့၏။ ထို့အပြင်

အသက်ရှင်လွတ်မြောက်ခဲ့သူ

အများအပြားက ဖိုးနစ်ကမ္ဘာမှာ

ရှိမနေသောကြောင့်ပါ။ အများစုက

အပြင်ဖက်ကို ရောက်နေကြခြင်းပင်။

ထို့ကြောင့်

ကပ်ဘေးမှအောင်မြင်စွာထွက်ပြေးနိုင်ခဲ့

ကြသည်။

မည်သို့ပင်ဖြစ်စေ

နတ်ဘုရားဖီးနစ်ကလန်၏

လက်ရှိအခြေအနေဟာ လုံးဝကို

သနားစရာကောင်းလောက်အောင်

စုတ်ပြတ်သက်နေခဲ့လေသည်။

...

နတ်ဆိုးဘုရားနန်းတော် ။

ဤအခိုက်အတန့်တွင် ခန်းမထဲ၌

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

အယောက် ၄၀ ကျော် ရှိနေ၏။

အားလုံးက နတ်ဆိုးနယ်မြေရှိ

မျိုးနွယ်စုအသီးသီး၏

ဘိုးဘေးများကြသည်။

ကောင်းကင်နဂါးမျိုးနွယ်၏

ဘိုးဘေးဂူထျန်း က မိုကျန်း ကို

စိုက်ကြည့်ကာ “ယန်ယဲ့ က

နတ်ဘုရားဖီးနစ်မျိုးနွယ်ကို ဘယ်လို ကြောင့်များ တိုက်ခိုက်ရတာလဲ” ဟု မေးခဲ့သည်။

အခြားသူများကလည်း နတ်ဘုရားဖီးနစ်ကလန်၏ ဘိုးဘေးမိုကျန်း ကို စိုက်ကြည့်နေကြသည်။

အမှန်တော့ အားလုံးက ယန်ယဲ့၏

အရူးတစ်ယောက်လို သတ်ဖြတ်ဝံ့သည့်

အကြောင်းအရင်းကို

သိချင်နေခဲ့လေသည်။

မိုကျန်းက ပြန်မဖြေသေးဘဲ

တိတ်ဆိတ်နေခဲ့သည်။

အဘိုးအိုဂူထျန်းက "မိုကျန်း၊ ငါတို့က

အကြောင်းရင်းကို တိတိကျကျသိနိုင်မှပဲ

ယန်ယဲ့ကို ရင်ဆိုင်ဖို့ နည်းလမ်းရှာနိုင်မှာ။

 မင်း ဒါကို လျှို့ဝှက်ထားဖို့

စိတ်ကူးထားရင် ငါတို့ မင်းကို ကူညီနိုင်မှာ

မဟုတ်ဘူး”ဟု ထပ်ပြောလိုက်သည်။

မိုကျန်း က

အချိန်တော်တော်ကြာသည်အထိ

တိတ်ဆိတ်နေပြီးမှ "ငါတို့
သူ့ရဲ့မိတ်ဆွေနှစ်ယောက်ကို
ဖမ်းထားမိလိုက်တာ" ဟု ပြန်ပြောသည်။

ခန်းထဲမှ လူတိုင်း
အကြည့်ချင်းဖလှယ်ကြသည်။
အဘိုးအိုဂူထျန်း
ပင်မျက်မှောင်ကြုတ်လိုက်သည်။

မိုကျန်း က “အခုအချိန်မှာ

အဲဒါတွေအားလုံးကို ပြောဖို့က

အခိပ္ပါယ်မရှိဘူးထင်ပါတယ်။ ငရဲခန်းမ နဲ့

ယှန်ယွဲ့က ငါ့ရဲ့နတ်ဘုရားဖီးနစ်ကလန် နဲ့

နတ်ဆိုးမျိုးနွယ်တစ်ခုလုံးကိုပါ

ပစ်မှတ်ထားနေပြီ”ဟူ၍

ထပ်ပြောလေသည်။

အဘိုးကြီးဂူမို က

“သူ့မိတ်ဆွေနှစ်ယောက်က ဘယ်မှာလဲ”

ဟု ဆတ်ခနဲ မေးလိုက်သည်။

မိုကျန်း က ခေါင်းခါလိုက်ပြီး "သူတို့ထဲက

တစ်ယောက်ရဲ့ အသိစိတ်ကို ငါတို့

ထုတ်ယူလိုက်ပြီ။ ဒါပေမဲ့ ရှောင်းလန် က

ခိုးသွားတယ်။ သူမ

အခုဘယ်မှာနေလဲမသိဘူး။နောက်တစ်

ယောက်ကတော့ သူ့မိတ်ဆွေက

ငါ့မျိုးနွယ်စုမှာ ရှိနေပေမယ့်
ရုတ်တရက်ကြီး ထူးထူးခြားခြား
ပျောက်သွားတယ်"ဟုပြန်ဖြေသည်။

"ဒါတွေအားလုံးကို မင်းကိုယ်တိုင်
ဖိတ်ခေါ်ခဲ့တာပဲလေ" အဘိုးကြီးဂူမို က
ခေါင်းယမ်းပြီးနောက် ခန်းမထဲရှိ
လူတိုင်းကို စာလိပ်တစ်လိပ်စီ
ပစ်ပေးလိုက်ရင်း "ဒါက ငါတို့
စုဆောင်းထားတဲ့ ယန်ယဲ့ ရဲ့

အချက်အလက်တွေပါ။ သူက

လုံးဝလက်စားချေတတ်သူတစ်ယောက်ပဲ

။ ဒီကိစ္စက ဒီလောက်နဲ့ပဲ ပြီးသွားမှာ

မဟုတ်ဘူး”ဟူ၍ ပြောလိုက်ပါသည်။

မိုကျန်း က "သူ့ကို

ငါတို့နတ်ဆိုးမျိုးနွယ်က

ကြောက်တယ်လို့

မင်းပြောနေတာလား"ဟုမေးလေသည်။

အဘိုးကြီးဂူမို က
ခေါင်းယမ်းလိုက်သည်။
သူ့ပါးစပ်ထောင့်မှ ခါးသီးတဲ့
အပြုံးတစ်ခုနှင့် "သူကိုယ်တိုင်
အပြင်ထွက်မလာသေးဘဲ
တံခါးပိတ်ကျင့်ကြံမယ်ဆိုရင်။
တွေးကြည့်ပါ။ ဒါမှ ဆယ်စုနှစ်တစ်ခုပဲ
ကြာမယ်... မဟုတ်ဘူး၊ ငါးနှစ်လောက်က
လုံလောက်တယ်။ ငါးနှစ်ကြာရင်

သူ့ခွန်အားက

အတိတ်ကလိုတူနေမှာလား။

အဲဒီအချိန်မှာ မင်းတို့ထဲက

ဘယ်သူကများ ယန်ယွဲ့ကိုတားနိုင်မလဲ။

တစ်ယောက်ယောက်က

တစ်ခုခုလုပ်လို့ရမှာလား"ဟုထပ်ပြော

လေသည်။

ခန်းမထဲရှိ ဘိုးဘေးများအားလုံး

မျက်နှာထက်တွင် ဆိုးရွားသော

အမူအရာများ ထုတ်ဖော်လိုက်ကြသည်။

လက်ရှိတွင်ပင် ယန်ယွဲ့၏ခွန်အားက

ကြောက်စရာကောင်းနေပါပြီ။ နောင် ၁၀

နှစ် သို့မဟုတ် ၅ နှစ်သာကြာလျှင်

မည်မျှကြောက်စရာကောင်းမည်နည်း။

May Be:

၁၈၉၆

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၆ - နတ်မိစ္ဆာမျိုးနွယ်

အတွက်တော့ ဝမ်းနည်းစရာပဲ

အမှန်စင်စစ် အချိန် ၅ နှစ်ပင်

ကြာမည်မဟုတ်ပါ။ အကြောင်းကတော့

သူတို့သာ ယန်ယွဲ့ကို မတိုက်ခိုက်နိုင်ပါက

တားနိုင်တော့မည်မဟုတ်ကြောင်း

ဆိုလိုပါသည်။

ယန်ယဲ့က နတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်သာ

ဖြစ်သည့်တိုင် ခွန်အားက

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူထက် မနိမ့်ကျပေ။

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ၊
ထာဝရရှင်သန်ခြင်းအဆင့် စိတ်ဆန္ဒ
(၂)မျိုး နှင့်ယန်ယဲ့၏
လျှို့ဝှက်ဆန်းကြယ်သော
မီးတောက်များနှင့် ဆိုပါက
လုံးဝကိုကြောက်စရာကောင်းနေပါပြီ။

ခန်းမထဲရှိ လေထုသည် အတော်လေး
လေးလံလာသည်။

ထိုအချိန်တွင် အဘိုးကြီးဂူမို က ရှေ့ကို

တိုးလာပြီး "လူတိုင်း၊ ငါ

နားမလည်တာတစ်ခုရှိတယ်။ ယန်ယွဲ့ကို

ထောက်ပံ့ပေးနေတဲ့ အင်အားစုက

ငရဲခန်းမ ဖြစ်တယ်ဆိုတာ

လူသားမျိုးနွယ်က

ပြောခဲ့တယ်မဟုတ်လား။ အဲဒါနဲ့

ပတ်သက်ပြီး တစ်ခုခု

ထူးဆန်းနေတယ်လို့

ခံစားရတယ်”ဟုပြောခဲ့သည်။

ကောင်းကင်ဘုံနဂါးမျိုးနွယ်၏

ဘိုးဘေးဂူထျန်း က

မျက်မှောင်ကြုတ်ကာ "အစ်ကိုကြီးဂူမို၊

မင်းဘာကိုဆိုလိုချင်တာလဲ"ဟုမေးလေ

သည်။

အဘိုးကြီးဂူမို က "ဒါကိုစဉ်းစားကြည့်။

အဲဒီလူသားကျင့်ကြံသူနှစ်ယောက်က

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်တွေလေ။

ဒါ့အပြင် သူတို့က နတ်ဆိုးနယ်မြေထဲကို

ဝင်လာပြီးတော့

အဆင့်နိမ့်နတ်ဆိုးတွေကိုပဲ

ဘာကြောင့်ရွေးသတ်ရတာလဲ။

တကယ်လို့ သူတို့ကသာ ငရဲခန်းမ ဆိုရင်

ငါတို့ရဲ့ ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတွေကို သတ်ပစ်မှာပဲ။

မဟုတ်ဘူး၊ အဲဒါလည်း မမှန်ဘူး။

သူတို့ရဲ့ အကျင့်စရိုက်အရ ငရဲခန်းမ

ဖြစ်နေမယ်ဆိုရင်

နတ်ဘုရားဖီးနစ်ကလန်ကိုပဲ

တိုက်ရိုက်သွားမှာလေ။ဒီလူနှစ်ယောက်ရဲ့

ခွန်အားကိုကြည့်တာနဲ့ ယန်ယဲ့ကို

ကယ်ထုတ်သွားဖို့က အလွယ်လေးပဲ။

ဒါပေမဲ့ သူတို့က အဲဒါကို မလုပ်ဘဲ
တခြားသူတွေကို သတ်လိုက်တာ”

အဘိုးအိုဂူထျန်း က "ဒါဆိုရင်
တစ်ယောက်ယောက်က ယန်ယွဲ့ နဲ့
ငရဲခန်းမ ကို လုပ်ကြံနေတာလို့
မင်းပြောဖို့ကြိုးစားနေတာလား" ဟူ၍
အချိန်အတော်ကြာအောင်
နှုတ်ဆိတ်နေပြီးမှ ပြောလိုက်သည်။

အဘိုးကြီးဂူမို က ဆက်ပြောသည်

“လွန်ခဲ့တဲ့နှစ်တွေမှာ ငရဲခန်းမ ကို

အောက်ဘုံအထိ ဆင်းပြေးအောင်

ဖိအားပေးခဲ့တာ။ ဒါဟာ

လူသားမျိုးနွယ်ထဲက

အချင်းချင်းပဋိပက္ခဖြစ်တာကနေ

စလိုက်တာပဲ။ အခုတော့

သူတို့ပြန်လာခဲ့ပြီ။

ငါ့အမြင်ကိုပြောရင်တော့

သူတို့လုပ်နေကျအတိုင်းဆို

ကောင်းကင်လမ်းကို

အစုလိုက်အပြုံလိုက်သတ်ဖြတ်ဖို့သေချာ

ပါတယ်။ ပြီးတော့ ငါထင်တာမမှားရင်

လူသားမျိုးနွယ်က ငါတို့ကို ငရဲခန်းမ နဲ့

သူတို့ရဲ့တိုက်ပွဲထဲ ဝင်လာအောင်

ဆွဲသွင်းချင်နေတာပဲ”

အဘိုးကြီးဂူမို ပြောလိုက်သည့်
စကားကြောင့် ခန်းမထဲရှိ လူတိုင်း
မျက်မှောင်ကြုတ်သွားကြသည်။

နတ်ဆိုးမျိုးနွယ်ကြီးတစ်ခုလုံး၏
ပူးပေါင်းအင်အားဖြင့်ဆိုပါက
ငရဲခန်းမကို ကြောက်စရာမလိုအပ်ပေ။
သို့သော် နတ်ဆိုးမျိုးနွယ် သည်
ငရဲခန်းမကို သေသည်အထိ တိုက်ခိုက်ရန်
ဆန္ဒမရှိခဲ့ပေ။ ငရဲခန်းမ (ကောရီ ၁၀

ပါး)၏ ပူးပေါင်းအင်အားက

နတ်ဆိုးမျိုးနွယ်ကြီးတစ်ခုလုံးအား

မဖျက်ဆီးနိုင်ခဲ့လျှင်ပင်

ပျက်သုဉ်းလုနီးပါးအထိ

ဖြစ်သွားစေနိုင်ပါသည်။

ထိုအချိန်တွင် အဘိုးအိုဂူထျန်း က

ရုတ်တရက် ခေါင်းညိတ်လိုက်သည်။

သူက "အစ်ကိုကြီးဂူမို၊ ပြောတာ

အဓိပ္ပာယ်ရှိမယ်ထင်တယ်။ အဲဒီ

လျှို့ဝှက်ဆန်းကြယ်တဲ့

ကျင့်ကြံသူတွေက ငါတို့နယ်မြေထဲကို

ဝင်ပြီးသတ်ခဲ့ပေမယ့်

လူသားမဟာမိတ်အဖွဲ့က သူတို့နဲ့

ဘာမှမဆိုင်ဘူးဆိုတာ

ချက်ချင်းထုတ်ပြန်ခဲ့တယ်။ ဒါ့အပြင်

ငါတို့ကို အကူအညီပေးဖို့တောင်

တပ်ဖွဲ့တွေ စေလွှတ်လိုက်သေးတယ်။

အခုမှ သေသေချာချာ

စဉ်းစားကြည့်တော့ ဒီအဖြစ်အပျက်က

တော်တော်လေးထူးဆန်းတယ်”

အဘိုးကြီးဂူမို က ခေါင်းညိတ်လိုက်သည်

“ငါ့ရဲ့ စုံစမ်းစစ်ဆေးမှုအရဆိုရင် ယန်ယဲ့

နဲ့

ငရဲခန်းမရဲ့ ဆက်ဆံရေးက

တကယ်ကောင်းပါတယ်။

လူသားမျိုးနွယ်က ငရဲခန်းမ ကို

ဆွဲထုတ်ဖို့အတွက် ယန်ယဲ့ကို တည်ကြက်လုပ်ချင်နေတာပဲ။ ဒါ့အပြင် သူတို့ကိုယ်စား ငါတို့နဲ့ ထိပ်တိုက်တွေ့ခိုင်းလိုက်တယ်။ အဲဒါက ငှက်နှစ်ကောင်ကို ကျောက်ခဲတစ်လုံးနဲ့ ပစ်သတ်သလိုပဲလေ.”

ထိုစကားပြောပြီးနောက် အဘိုးကြီးဂူမို က လူတိုင်းကို တစ်ချက်ကြည့်လိုက်ပြီး “အားလုံးပဲ ငါတို့က ငရဲခန်းမ နဲ့

လူသားမျိုးနွယ်ရဲ့ စစ်ပွဲမှာ

ဘယ်လိုမှဝင်ပါလို့မရဘူး။ မင်းတို့တွေ

ငရဲခန်းမ အကြောင်းကို

သေချာလေးသိထားမယ်ထင်ပါတယ်။သူ

တို့က အတိတ်ကရန်ငြိုးတွေအတွက်

သေချာပေါက် လက်စားချေဖို့

ရည်ရွယ်ထားတာပဲ။ ငါတို့က သူတို့ကို

ဆန့်ကျင်ရင် သေချာပေါက်

စစ်ပွဲစရလိမ့်မယ်။ အဲဒီအချိန်မှာ

နတ်ဆိုးဘုရားက ငါတို့ကို
မကူညီဘူးဆိုရင် ငါတို့နတ်ဆိုးမျိုးနွယ်က
သူတို့ကို တားနိုင်မှာမဟုတ်ဘူး”ဟု
ထပ်ပြောပါသည်။

အဘိုးအိုဂူထျန်း က ခေါင်းညိတ်လိုက်ပြီး
"လူသားမျိုးနွယ်က ငါတို့ကို အသုံးချဖို့
ခွင့်မပြုနိုင်ဘူး"ဟု ပြောခဲ့သည်။

ထိုအချိန်တွင် တစ်စုံတစ်ယောက်က ရုတ်တရက် မေးလိုက်သည် "ဒါဆို ယန်ယဲ့ နဲ့ပတ်သက်ပြီး ငါတို့ ဘာလုပ်သင့်လဲ"

ယန်ယဲ့ လား ။

ခန်းမထဲ၌ နောက်တစ်ကြိမ် ပြန်ပြီးတိတ်ဆိတ်သွားသည်။

ထိုအချိန်တွင် မိုကျန်းက "ငါတို့ထဲက တစ်ယောက်မသေမချင်း ငါ့ရဲ့နတ်ဘုရားဖီးနစ်ကလန် က ရပ်မှာမဟုတ်ဘူး"ဟူ၍ အေးစက်စက်ပြန်ပြောလေသည်။

ထိုအတောအတွင်း အဘိုးကြီးဂူမို က ခေါင်းယမ်းကာ "မင်းတို့အားလုံး မသိလောက်သေးဘူး။ နတ်ဆိုးဘုရားက ယန်ယဲ့ကို သူ့ရဲ့ အတွင်းအူတိုင်

လွှဲပေးခဲ့တယ်"ဟုရုတ်တရက်ပြောလိုက်လေသည်။

အဘိုးကြီးဂူမို၏ စကားကြောင့်ခန်းမထဲမှ လူတိုင်း၏ အမူအရာများကပြောင်းလဲသွားပါသည်။ အထူးသဖြင့်မိုကျန်း ပင်။ ဒီအချိန်မှာ သူ့မျက်နှာကအတော်လေးကိုသိသိသာသာပျက်ယွင်းနေသည်။ သူက

အဘိုးကြီးဂူမို ကို စိုက်ကြည့်ပြီး "ဘာလို့လဲ။ နတ်ဆိုးဘုရားက ဘာကြောင့် ဒီလိုလုပ်တာလဲ”ဟုမေးလေသည်။

အဘိုးကြီးဂူမို က "နတ်ဆိုးဘုရားက သူ့ရဲ့ အစွမ်းအစကို ကောင်းကောင်းကြီး တွေးတောနေပေမယ့် ငါတို့တွေ ဘယ်တော့မှ မမျှော်လင့်ထားဘူးလေ။ ဟုတ်တယ်မလား"

လူတိုင်း အကြည့်ချင်းဖလှယ်ကြသည်။

ယန်ယဲ့သည် နတ်ဆိုးဘုရား၏အမြုတေ

ကို ပိုင်ဆိုင်ထားလိမ့်မည်ဟု သူတို့

မမျှော်လင့်ထားခဲ့ကြပေ။

ထိုအချိန်တွင် အဘိုးကြီးဂူမို က

"ပြောရရင် ယန်ယဲ့ကို ငါတို့

နတ်ဆိုးမျိုးနွယ်ရဲ့ တစ်စိတ်တစ်ပိုင်းလို့

သတ်မှတ်လို့ရတယ်"ဟု

ဆက်ပြောခဲ့သည်။

မိုကျန်း က အဘိုးကြီးဂူမို ကို

စိုက်ကြည့်ရင်း

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"ဟု

မေးလိုက်သည်။

အဘိုးကြီးဂူမို က မိုကျန်းကို

တစ်ချက်ကြည့်လိုက်ပြီး "မိုကျန်း၊

မင်းရဲ့မျိုးနွယ်စုက အဖွဲ့ဝင် ၃၀၀၀

ထက်မနည်း ကျန်နေသေးတယ်။ ဒါပေမဲ့

ယန်ယဲ့၊ သူကတော့

အသက်ရှင်နေသေးတယ်မဟုတ်လား။

မင်းကို တစ်ခုလောက်မေးပါရစေ၊ မင်းရဲ့

မျိုးနွယ်စုကို မျိုးသုဉ်းသွားတဲ့အထိ

တကယ်လုပ်ချင်နေတာလား "ဟူ၍

ပြန်မေးလေသည်။

မိုကျန်း က "မင်းပြောချင်တာ

ငါ့ရဲ့နတ်ဘုရားဖီးနစ်ကလန်က

လက်စားချေဖို့ မလုပ်သင့်ဘူးလို့

ပြောချင်နေတာလား"

"လက်စားချေမလား" အဘိုးကြီးဂူမိုက

ဆက်ပြောလိုက်သည် “မင်းကို

ထပ်မေးပါရစေ။ မင်းဘယ်လိုလုပ်မလဲ။

နတ်ဘုရားဖီးနစ်ကလန်က သူ့ကို

သေတဲ့အထိ တိုက်ခိုက်ဖို့

တတ်နိုင်ပါ့မလား။ အထက်ကမ္ဘာမှာ

သူ့ကိုသိတဲ့သူ ဒါမှမဟုတ်

အဆက်အသွယ်တစ်ခုမှမရှိဘူး။

တကယ်လို့ သူက တိုက်ပွဲကို

ရှုံးသွားရင်တောင် ထွက်ပြေးနိုင်တယ်၊

ပြီးရင် နောက်တစ်ခါ

ပြန်လာပြီးတိုက်ခိုက်နိုင်တယ်။ ဒါဆိုရင်

မင်းရဲ့ဖိုးနစ်မျိုးနွယ်စုက သေတဲ့အထိ ပင်ပန်းသွားမှာမဟုတ်ဘူးလား"

"သူ့မှာ အဆက်အသွယ်မရှိဘူး၊ ဒါပေမဲ့ အောက်ဘုံကို ဆင်းသွားတာပေါ့" မိုကျန်းက ပြင်းပြင်းထန်ထန် လေသံဖြင့် ပြောလိုက်သည်

"ငါ့ရဲ့နတ်ဘုရားဖိုးနစ်မျိုးနွယ်စုက အောက်ဘုံကို ဆင်းတာပေါ့။ ငါတို့...”

"သေချင်တာလား" အဘိုးကြီးဂူမို က

ဒေါသတကြီးနဲ့ပြောလိုက်သည်

"အောက်ဘုံကို ဆင်းမှာလား။

အောက်ဘုံမှာ ငရဲခန်းမရှိတယ်။ ဒါဆို

မင်းဘာလုပ်နိုင်မလဲ။

ဘာမှလုပ်လို့မရဘူး။

မင်းလုပ်နိုင်သမျှပြောရရင်

ကိုယ့်သေတွင်းကို

တူးတာပဲဖြစ်လိမ့်မယ်"

ထိုအချိန်တွင် အဘိုးအိုဂူထျန်း က

ရုတ်တရက် ဝင်ပြောလိုက်သည်

 "အစ်ကိုမိုကျန်း၊ ငါ့ကို

စကားနည်းနည်းပြောခွင့်ပြုပါ။ မင်းရဲ့

နတ်ဘုရားဖိုးနစ်ကလန်က နောက်ထပ်

ဆုံးရှုံးမှုတွေကို ခံစားဖို့

မတတ်နိုင်တော့ဘူး။

ဒီအတိုင်းဆက်သွားရင် မင်းရဲ့မျိုးနွယ်က

လုံးလုံးပျက်သုဉ်းသွားလိမ့်မယ်။

လက်ရှိမှာ ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူ အများစုက
အသက်ရှင်နေသေးတော့
မင်းတို့တွေအင်အားပြန်ထလာဖို့
အခွင့်အရေးရှိနေသေးတယ်။ ဒါပေမဲ့
ဆက်ဖြစ်ရင်..."

မိုကျန်းက သူ၏ လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားသည်။ သူက
ထိုအခြေအနေကို လက်မခံလိုသည်က

အမှန်ပင်။ သူ့နှလုံးထားထဲက

ကလဲ့စားချေလိုစိတ်ကို မလျှော့ချနိုင်ပေ။

သို့သော်လည်း နတ်ဘုရားဖီးနစ်ကလန်

ဟာ ယန်ယဲ့

နှင့်အဆုံးထိတိုက်ခိုက်မည်ဆိုလျှင်တော့

ပြန်ထလာနိုင်တော့မည်မဟုတ်ပါ။

“အား…” ထိုအချိန်တွင်

နတ်ဆိုးဘုရားတောင်တန်းပေါ်၌ ရုတ်

တရက်ပင် မိစ္ဆာနတ်ဘုရားတောင်ပေါ်၌

ကျယ်လောင်သော အော်ဟစ်သံကို

ကြားလိုက်ရသည်။

ခန်းမထဲရှိ လူတိုင်း၏ အမူအရာများက

ပြောင်းလဲသွားပြီးနောက် နေရာတွင်ပင်

ပျောက်သွားကြသည်။

အပြင်ဖက်

ရောက်လာသည့်အချိန်တွင်တော့

တောင်စောင်းမှာ လဲကျနေသော

ဖီးနစ်အသေကောင်ကိုသာ
မြင်တွေ့လိုက်ရလေသည်။

မိုကျန်း၏ မျက်နှာက ချက်ချင်းပင်
ရက်စက်ကြမ်းကြုတ်မှုများ
ဖုံးလွှမ်းသွားသည်။ သေချာသည်ကား
ယန်ယဲ့ ရောက်လာခဲ့ပြီဖြစ်သည်။

"ယန်ယဲ့ ပြန်ရောက်လာပြီလား"

အားလုံး၏ မျက်နှာများကား

လေးနက်သောအမူအရာများ

ရှိနေကြသည်။

အမှန်တော့ အားလုံးက ယန်ယဲ့

ပြန်လာမည်ကို

အသေကြောက်လန့်နေခဲ့သည်။

ထိုအချိန်တွင် အဘိုးကြီးဂူမို က

မှုန်ကုပ်နေသော မျက်နှာထားဖြင့်

မိုကျန်းကို ရုတ်တရက်

လှည့်ကြည့်လိုက်သည်။ တစ်ဆက်တည်း

သူက

"မိုကျန်း၊ ငါမင်းကို တစ်ကြိမ်ပဲမေးမယ်။

မင်းက ယန်ယွဲ့ကို သေတဲ့အထိ

တိုက်ခိုက်ချင်တာလား ဒါမှမဟုတ် မင်းရဲ့

နတ်ဘုရားဖီးနစ်ကလန်ကို ဆက်ပြီး

ရှင်သန်စေချင်သလား"

မိုကျန်းက အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီးမှ
“ငါ့ရဲ့နတ်ဘုရားဖီးနစ်မျိုးနွယ်က
ရပ်တန့်ဖို့ ဆန္ဒရှိနေတယ်ဆိုရင်တောင်
ယန်ယွဲ့က ဒီလိုလုပ်ဖို့
ဆန္ဒရှိမှာလား"ဟုပြန်ပြောသည်။

အဘိုးကြီးဂူမို က "သူ့မိတ်ဆွေရဲ့
အသိစိတ်က မိုရှောင်းလန်
ယူထားတာလား"ဟူ၍ မေးလိုက်သည်။

မိုကျန်း က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးဂူမို က "သူမ အခုဘယ်မှာလဲ"

မိုကျန်း က "ပင်လယ်မျိုးနွယ်ရဲ့

နယ်မြေမှာ"

"သူမကို
အခုချက်ချင်းပြန်လာဖို့ပြောလိုက်ပါ"
အဘိုးကြီးဂူမို က "ချက်ချင်းနော်...."

မိုကျန်းက တိတ်ဆိတ်သွားသည်။ သူသာ
မိုရှောင်းလန်ကို
ချက်ချင်းပြန်ခေါ်လိုက်လျှင်
နတ်ဘုရားဖိုးနစ်ကလန်ဟာ ယန်ယဲ့အား
အညှံ့ခံလိုက်သလိုပင်။

တစ်ချိန်တည်းမှာပဲ အဘိုးအိုဂူထျန်းက အေးစက်စက်ပြောလိုက်သည် "မိုကျန်း၊ မင်းဒီလိုအချိန်မျိုးမှာ ငြင်းဆန်နေသေးရင် ဒီနေ့ဟာ နတ်ဘုရားဖီးနစ်ကလန်ရဲ့အဆုံးသတ်ဖြစ်လိမ့်မယ်"

မိုကျန်း က အခြားသူများကို တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်မှာ အဘိုးကြီးဂူမို နှင့် အခြားသော

မျိုးနွယ်စုများက နတ်ဘုရားဖီးနစ်ကလန်

အတွက်နှင့် ယန်ယဲ့အား

တိုက်ခိုက်လိုခြင်းမရှိကြောင်း သူ့စိတ်ထဲ

ကောင်းကောင်းသိသွားပါသည်။

မှန်သည်။ လက်ရှိ

သူတို့ပူးပေါင်းလိုက်လျှင် ယန်ယဲ့အား

ကြောက်စရာမလိုပေ။ သို့ရာတွင်

သေသည်အထိတော့

မတိုက်ခိုက်လိုကြပါ။ အကယ်၍ ယန်ယဲ့

သည့်

ကြယ်တာယာစွမ်းအင်ဓားနယ်မြေနှင့်

လျှို့ဝှက်ဆန်းကြယ်သော မီးတောက်ကို

ထုတ်သုံးပါက

နတ်ဆိုးဘုရားတောင်တန်းဟာ

ကောင်းကင်တိုက်ပြီးမှ

အပြီးတိုင်ပျောက်ကွယ်သွားရပေမည်။

ခြင်းချက်အနေနှင့် ယန်ယဲ့ကတော့

သေသည်အထိ တိုက်ခိုက်ဝံ့ပေသည်။

သို့ရာတွင် သူတို့က မတိုက်ခိုက်ဝံ့ပေ။

သို့တည်းမဟုတ် မထိုက်တန်ဟု

ဆိုရပေမည်။ အနည်းဆုံးတော့

နတ်ဘုရားဖီးနစ်ကလန် အတွက်နှင့်

ယန်ယဲ့ကို တိုက်ခိုက်ခြင်းဟာ

မထိုက်တန်ပေ။

အမှန်တော့ ယန်ယဲ့ သည်

နတ်ဆိုးဘုရား၏ အတွင်းအူတိုင်ကို

ဆက်ခံထားမှန်း သိလိုက်သည်နှင့်

အခြေအနေအပေါ် သူတို့၏

သဘောထားက အနည်းငယ်

ပြောင်းလဲသွားသည်။ မှန်သည်၊

အဓိကအကြောင်းအရင်းက

ယန်ယဲ့၏ခွန်အား ဖြစ်နေလို့ပါ။

မိုကျန်းက နတ်ဘုရားဖီးနစ်ကလန် မှ အကြီးအကဲတစ်ဦးကို စူးစိုက်ကြည့်ပြီး " ရှောင်းလန်ကို အခုချက်ချင်းပြန်လာဖို့နဲ့ နှင်းပွင့်ရဲ့ အသိစိတ်ကိုပါ ဂရုတစိုက်ပြန်ယူလာဖို့ပြောပါ"ဟု အမိန့်ပေးလိုက်သည်။

ထိုအကြီးအကဲက ခေါင်းညိတ်ပြီး ထွက်သွားသည် ။

အဘိုးကြီးဂူမို က မိုကျန်း ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်

ကာ "ယန်ယွဲ့၊ မင်းကိုယ်မင်း ပြပါ။

နတ်ဘုရားဖီးနစ်ကလန် က

မင်းမိတ်ဆွေရဲ့ အသိစိတ်ကို မင်းဆီ

ပြန်ပေးဖို့ ဆန္ဒရှိတယ်”

သို့သော် ထူးခြားမလာပေ။

အဘိုးကြီးဂူမို က ခဏကြာ

ငြိမ်သက်သွားပြီး “မင်းကို ငါတို့

တိုက်ခိုက်မှာမဟုတ်ဘူးလို့

ငါအာမခံတယ်။ ငါတို့တွေ

စကားပြောရုံသက်သက်ပဲ။ ဒါဆို ငါတို့

မင်းကို ထပ်ပြီး တိုက်ခိုက်မှာ

မဟုတ်ဘူး”ဟူ၍

ရုတ်တရက်ပြောလိုက်သည်။

ခဏအကြာမှာပဲ သူတို့ရှေ့မှ
အာကာသပြင်က ရုတ်တရက်
တုန်ခါသွားပြီးနောက် အထဲကနေ
ယန်ယွဲ့၏ပုံရိပ် ထွက်ပေါ်လာသည်။

ယန်ယွဲ့…

နတ်ဘုရားဖီးနစ်မျိုးနွယ်စုမှ
အသက်ရှင်ကျန်ခဲ့သူ အားလုံးက
ယန်ယွဲ့ကို စိုက်ကြည့်နေကြသည်။

ယန်ယဲ့က ဂရုမစိုက်ဘဲ မိုကျန်းကိုသာ စိုက်ကြည့်ရင်း "နှင်းပွင့် ရဲ့ အသိစိတ်က ပျောက်မသွားဘူးလား"ဟုမေးလိုက်သည်။

"ဟုတ်တယ်" မိုကျန်း က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ခဏအကြာတွင် ပြန်ဖွင့်လိုက်ပြီး မိုကျန်းကို စိုက်ကြည့်ရင်း "ဒါဆို ဇီအာ က ဘယ်မှာလဲ"

မိုကျန်းက “သူမ...သူမက ငါ့ရဲ့နတ်ဘုရားဖိုးနစ်ကလန် မှာ မရှိဘူး ”ဟု ပြန်ဖြေခဲ့သည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်

"ဘာကိုဆိုလိုတာလဲ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

နတ်ဆိုးဘုရားတောင်တန်းပေါ်၌

အကန့်အသတ်မဲ့သော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒတစ်ခု

ပေါ်လာသည်။

လူတိုင်း၏ အမူအရာများက

အနည်းငယ်ပြောင်းလဲသွားကာ

သတိအပြည့်ဖြစ်လာသည်။

မိုကျန်း က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "သူမက

ငါ့ရဲ့နတ်ဘုရားဖိုးနစ်ကလန်မှာ

ရှိနေခဲ့တယ်။  ဒါပေမဲ့ ခဏလေးပါပဲ၊

ပြီးတော့ ရုတ်တရက် ပျောက်သွားတယ်။

သူမက လေထဲမှာ ပျောက်သွားသလိုပဲ။

ငါထင်တာမမှားရင် တစ်စုံတစ်ယောက်က သူမကို
ဖမ်းဆီးသွားတာဖြစ်နိုင်တယ်"ဟုပြောပါသည်။

" တစ်စုံတစ်ယောက်က သူမကို ခေါ်သွားတာလား " ယန်ယဲ့က သူ၏လက်သီးများကို ဖြည်းညှင်းစွာ ဆုပ်လိုက်ပြီး "တစ်စုံတစ်ယောက်က

မင်းရဲ့ နတ်ဘုရားဖီးနစ်ကလန် ထဲကို သတိမထားမိအောင် ဝင်လာလို့ရမလား"

မိုကျန်း က ပြန်ပြောလိုက်သည် "ယန်ယဲ့၊ ဒီအချိန်မှာ မင်းကို ငါလှည့်စားဖို့ အကြောင်းမရှိတော့ဘူး။ သူမကို တစ်ယောက်ယောက်က ခေါ်ဆောင်သွားခဲ့တာ။ အဲဒါကို ငါ့ဝိညာဉ်နဲ့ ငါ ကျိန်ဆိုနိုင်တယ်"

ထိုအချိန်တွင် အဘိုးကြီးဂူမို က ရုတ်တရက် စကားဝင်ပြောလိုက်သည် "ယန်ယဲ့၊ နတ်ဘုရားဖီးနစ်မျိုးနွယ်က သူတို့ကိုယ်သူတို့ အမြဲတမ်း ဂုဏ်ယူကြတယ်။ ဒါ့အပြင် သူတို့က လိမ်ညာရတာကို မုန်းတယ်"

ယန်ယဲ့က အကြာကြီး နှုတ်ဆိတ်နေပြီးမှ "ဒါဆို နှင်းပွင့်ရဲ့ အသိစိတ်ကို

မြန်မြန်တွေချင်တယ်"ဟုပြောလိုက်သည်

။

အဘိုးကြီးဂူမို က စိတ်ထဲမှ

သက်ပြင်းချကာ “ယန်ယဲ့၊ မင်းနဲ့

နတ်ဘုရားဖီးနစ်မျိုးနွယ်ကြားက

ရန်ငြိုးဟာ

မင်းရဲ့မိတ်ဆွေနှစ်ယောက်ကြောင့်

ပေါ်လာတာပဲ။ အခုတော့

နတ်ဘုရားဖီးနစ်ကလန်က သူမရဲ့

အသိစိတ်ကို မင်းဆီ ပြန်ပေးဖို့ ဆန္ဒရှိတယ်၊ ဒါဆို မင်းအတွက် အတိတ်ကို မေ့ထားလို့ရမလား"ဟု ထပ်မေးပါသည်။

"အတိတ်ကို မေ့ထားနိုင်မလား" ယန်ယဲ့က မျက်နှာပေါ်တွင် ရက်စက်သောအမူအ နှင့် ပြန်ပြောလိုက်၏ "နှင်းပွင့်လေးရဲ့ အသိစိတ်က ကောင်းတယ်ဆိုရင်

ငါလုပ်မယ်။ ဒါပေမဲ့

တစ်ခုခုမှားနေတယ်ဆိုရင်တော့

နတ်ဘုရားဖီးနစ်ကလန်ဟာ

သူတို့ရဲ့အသက်တွေနဲ့

ပြန်ပြီးပေးဆပ်ရမယ်"

ထိုစကားကြောင့် နတ်ဘုရားဖီးနစ်ကလန်

မှ ကျင့်ကြံသူများ၏ မျက်နှာများသည်

အလွန်ပင်

ကြည့်မကောင်းလောက်အောင်

ဖြစ်လာသည်။ နောက်ဆုံးတွင် ယန်ယဲ့

သည် သူတို့အား လူတိုင်းရှေ့မှာပဲ

ပေါ်တင်ပါးဖြတ်ရိုက်လိုက်သည်မဟုတ်

ပါလား။ သို့သော် မည်သူမှ

ပြန်မပြောရဲကြပေ။

အဘိုးကြီးဂူမို၊ အဘိုးအိုဂူထျန်း နှင့်

အခြားသော မျိုးနွယ်စုများ၏

ဘိုးဘေးအားလုံး  နှုတ်ဆိတ်သွားသည်။

အားလုံးက သူတို့ရှေ့မှာ ရပ်နေသည့်

အရှုးကို စော်ကားလိုစိတ်မရှိကြပေ။ ထို့အပြင် ယန်ယွဲ့၏သဘောထားက သိသာသာနေပါသည်။ သူက နတ်ဘုရားဖီးနစ်ကလန် တစ်ခုတည်းအပေါ်မှာသာ ပစ်မှတ်ထားခဲ့သည်။ တစ်နည်းအားဖြင့် နဆ်ဘုရားဖီးနစ်ကလန်က သူတို့အများကြောင့်သာပြန်ပြီးပေးဆပ်ရ

ခြင်းပင်။ အကျိုးဆက်အနေနှင့်တော့ ဖီးနစ်ကမ္ဘာ ဖျက်ဆီးခံရသည့်အပြင် နတ်ဘုရားဖီးနစ်မျိုးနွယ်တစ်ခုလုံးပါ ပျက်သုဉ်းလုနီးပါး ဖြစ်ခဲ့ရလေသည်။

အချိန်က တရွေ့ရွေ့နဲ့ကုန်ဆုံးသွား၏။ ၁၅ မိနစ်ခန့်အကြာတွင် အဘိုးအိုတစ်ယောက် ပေါ်လာသည်။ အဘိုးအိုက မိုကျန်းထံ လျှောက်လာရင်း

"ရှောင်းလန်... ရှောင်းလန်က ပြန်မလာနိုင်ဘူး" ဟုပြောလိုက်သည်။

"ဘာကိုဆိုလိုတာလဲ" မေးလိုက်သူ က ယန်ယဲ့ပါ။ ဒီအချိန်မှာ သူရပ်နေသည့်နေရာဆစ်ဝိုက်က သွေးနီရောင်အလင်းတန်းများ ဖြာထွက်လာသည်။

အဘိုးအိုက မျက်ခွံများ

လှုပ်ယမ်းသွားကာ “ ရှောင်းလန်ကို

နတ်မိစ္ဆာမျိုးနွယ်စုရဲ့ အိမ်ရှေ့မင်းသားက

ဖမ်းဆီးထားလို့ပါ။ အခုချက်ချင်း

ပြန်လာလို့မရတော့ဘူး”ဟူ၍

အလျင်အမြန်ပြောလေသည်။

ထိုအချိန်တွင် အဘိုးကြီးဂူမို က “ယန်ယဲ့၊

စိတ်အေးအေးထားပါ ။ ငါတို့တွေ
နတ်မိစ္ဆာမျိုးနွယ်နဲ့ သွားပြောလိုက်မယ်။
ငါတို့…”

"မဟုတ်ဘူး၊ ဒါကို ငါကိုယ်တိုင်လုပ်မယ်"
စကားပြောပြီးသည်နှင့် ယန်ယဲ့က
နေရာတွင်ပင် ပျောက်သွားသည်။

အဘိုးကြီးဂူမို က အံ့အားသင့်သွားပြီးမှ
“နတ်မိစ္ဆာမျိုးနွယ်၊ မင်းတို့အတွက်တော့

ကြိုပြီးဝမ်းနည်းစရာပဲလို့ပြောပါရစေ"ဟူ၍ ခေါင်းခါလိုက်သည်။

May Be:

၁၈၉၇

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၇ - နတ်မိစ္ဆာအင်ပါယာသို့ထွက်ခွာခြင်း

နတ်မိစ္ဆာမျိုးနွယ် သည်

အင်အားကြီးမျိုးနွယ်စုကြီးတစ်ခုဖြစ်ကာ

နတ်ဆိုးမျိုးနွယ်ထက် နိမ့်ကျခြင်းမရှိပေ။

သို့သော်လည်း နတ်မိစ္ဆာမျိုးနွယ်သည်

ယန်ယဲ့အား ရန်စမိလိုက်သောကြောင့်

ကံဆိုးသည်ဟုသာ ယူဆနိုင်သည်။

ယန်ယဲ့ ပျောက်ကွယ်သွားပြီးနောက်

အချိန်အနည်းငယ်အကြာတွင်

မိုကျန်း၏ပုံရိပ်က

ဖျတ်ခနဲပျောက်သွားခဲ့သည်။

အဘိုးအိုဂူထျန်း က အံ့သြသွားပြီး

"သူက..."

အဘိုးကြီးဂူမို က ခေါင်းခါလိုက်သည်

"ယန်ယဲ့ကို

တစ်ယောက်ချင်းတိုက်ခိုက်တဲ့အထိတော်

လူမိုက်ဟုတ်မယ်မထင်ဘူး"ဟုပြန်ပြော
လိုက်သည်။

ထို့နောက် အခြားသူများကို
တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့အားလုံး
သက်ဆိုင်ရာမျိုးနွယ်တွေဆီ
ပြန်ရောက်တာနဲ့ ဒီအဖြစ်အပျက်ရဲ့
နောက်ကွယ်မှာ

ဘယ်သူက ကြိုးဆွဲနေတာလဲဆိုတာ

သိအောင်လုပ်ပါ။ အားလုံးပဲ

တတ်နိုင်သမျှ

မြန်မြန်သိအောင်လုပ်ရမယ်။ သူတို့က

ငါတို့နတ်ဆိုးမျိုးနွယ်ကို

ငါးစာလိုသဘောထားနေမှတော့

ငါတို့ကလည်း

တန်ကြေးတစ်ခုတော့ပြန်တောင်းရလိမ့်မ

ယ်" ဟူ၍ ပြောလေသည်။

ထိုစကားပြောပြီးသည်နှင့်

အဘိုးကြီးဂူမို၏ မျက်နှာက

အေးခဲသွားသည်။

ဒီအချိန်မှာ နတ်ဆိုးမျိုးနွယ်က

မမြင်နိုင်သော အန္တရာယ်နှင့်

ရင်ဆိုင်နေရကြောင်းသိသာပါသည်။

အကယ်၍ ငရဲခန်းမ သာ

ရောက်လာခဲ့လျှင်တော့

နတ်ဆိုးမျိုးနွယ်ဟာ

ထိပ်တိုက်ရင်ဆိုင်ရပေတော့မည်။

ထိုအချိန်တွင် နတ်ဆိုးမျိုးနွယ်သည်

တိုက်ပွဲအတွင်း ပြင်းထန်စွာ

ဆုံးရှုံးရမည်မှာ သေချာသလောက်ပင်။

အဘိုးအိုဂူထျန်းက ခေါင်းညိတ်ပြီး

"ငါတို့နတ်ဆိုးတွေက ဘာမှအတွက်

မသေနိုင်ဘူး"ဟု ပြောလိုက်သည်။

...

ယန်ယဲ့သည် ပျံသန်းနေရင်း သူ့ရှေ့မှ ရုတ်တရက်ပေါ်လာသည့် မိုကျန်း ကို သတိပြုမိသောကြောင့် ရုတ်တရက် ရပ်သွားလိုက်သည်။

မိုကျန်း က ယန်ယဲ့ကို စိုက်ကြည့်ပြီး "ရှောင်းလန် ကို မသတ်နိုင်ဘူး"ဟုပြောလိုက်သည်။

"ဘယ်လောက်ရယ်စရာကောင်းလိုက်တာ ..." ယန်ယွဲ့၏ ပါးစပ်ထောင့်မှ အေးစက်သော အပြုံးတစ်ခုပေါ်လာသည်။ “မင်းပြောလို့ ငါ သူ့ကို မသတ်နိုင်ဘူးလား”

မိုကျန်းက သူ၏ညာဖက်လက်သီးကို ဖြည်းညှင်းစွာ ဆုပ်ထားသော်လည်း ခဏအကြာတွင် ဖြေလျှော့လိုက်သည်။ သူက "ယန်ယွဲ့၊ မင်းရဲ့မိတ်ဆွေတွေကို

အထက်ကမ္ဘာဆီ ခေါ်လာလို့

မင်းသူ့ကိုမုန်းတီးနေတာ ငါသိတယ်။

ဒါပေမဲ့ မင်းရဲ့ မိတ်ဆွေက သူမ

မတားရင် အခုသေသွားလောက်ပြီဆိုတာ

မင်းသိလား။ သူမက ဝိညာဉ်အင်ပါယာ

ကို ချုပ်မထားဖို့ ငြင်းပယ်ပေမယ့်

ငါတို့ကိုမတားနိုင်ခဲ့ဘူး။ ဒါ့အပြင်

ငါတို့က သူ့ရဲ့အသိစိတ်တွေကို

ထုတ်ယူပြီးတာနဲ့ နောင်မှာ

ဖြစ်လာနိုင်တဲ့ပြဿနာတွေကို

ကြိုတင်ရှင်းထားရအောင်လို့ ဖျက်ဆီးပစ်ဖို့

ရည်ရွယ်လိုက်တယ်။ ဒါကို ရှောင်းလန်က

သဘောမတူလို့ လုယူပြီး

ထွက်ပြေးသွားတာပဲ။ ဒါဆို

သူမကြောင့်မဟုတ်ရင် မင်းရဲ့မိတ်ဆွေနဲ့

ဝိညာဉ်အင်ပါယာရဲ့ အသိစိတ်က

ဒီကမ္ဘာကနေ

ပျောက်ကွယ်သွားလိမ့်မယ်”ဟုပြောခဲ့သ
ည်။

ယန်ယဲ့က သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"သူ့အတွက်မဟုတ်ရင် ဇီအာ
ဘယ်မှာလဲဆိုတာ
လိုက်ရှာစရာမလိုပါဘူး။ နှင်းပွင့်
လည်းဒီလိုအခြေအနေထိ
ရောက်သွားစရာမလိုဘူး။

ဒါတွေအားလုံးရဲ့ အဓိကတရားခံက

မိုရှောင်းလန် ပဲ” စကားပြောပြီးနောက်

ယန်ယဲ့က မိုကျန်း ကို စိုက်ကြည့်ရင်း

"သူမဖြစ်ဖြစ်

မင်းရဲ့နတ်ဘုရားဖီးနစ်ကလန် ဖြစ်ဖြစ်

သေရမှာပဲ"

ထိုစကားပြောပြီးနောက် ယန်ယဲ့က

ထွက်သွားဖို့ပြင်လိုက်၏။ သို့သော်

မိုကျန်းက အေးစပ်စက်လေသံဖြင့်

ရုတ်တရက်ပြောခဲ့သည် "မင်း သူမကို
သတ်ပစ်ဖို့ တွန်းအားပေးနေတယ်ဆိုရင်
ငါတို့က သေတဲ့အထိ တိုက်ခိုက်မယ်။
ငါတို့တွေ နှစ်ဖက်စလုံး အပြန်အလှန်
ဖျက်ဆီးကြတာပေါ့။ ငါ အခုပဲ
ဝိညာဉ်အင်ပါယာ ရဲ့ အသိစိတ်ကို
ဖျက်စီးဖို့ သူမကို စာပို့လိုက်မယ်”

အောင်း....

ဓားအူသံတစ်သံ ထွက်ပေါ်လာပြီးနောက်

ဓားစွမ်းအင်တစ်စင်းက လေထုကို

ဆုတ်ဖြဲ၍ မိုကျန်းရှေ့သို့

ချက်ချင်းရောက်ရှိလာသည်။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

မိုကျန်းဟာ တုံ့ပြန်ချိန်ပင်မရလိုက်ဘဲ

လွင့်ထွက်သွားခဲ့သည်။

ယန်ယဲ့က မိုကျန်းကို စိုက်ကြည့်ပြီး "မင်း ငါ့ကို ခြိမ်းခြောက်နေတာလား"

မိုကျန်းက "ယန်ယဲ့၊ ရှောင်းလန်က ငါ့ဖိုးနစ်မျိုးနွယ်ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပါ။ မင်း သူ့ကိုသတ်လိုက်ရင် ငါ့ဖိုးနစ်မျိုးနွယ်က မျှော်လင့်ချက်နဲ့ အနာဂတ် မရှိတော့ဘူး။ မျှော်လင့်ချက်နဲ့ အနာဂတ် မရှိတော့လို့

ငါတို့တွေ ဘာလို့အသက်ရှင်နေရမှာလဲ။

မင်းသူ့ကိုသတ်ရင်

ငါ့ဖိုးနစ်မျိုးနွယ်စုတစ်ခုလုံးက

အောက်ဘုံကို ချက်ချင်းဆင်းသွားမယ်။

တကယ်လို့ ငါတို့ရဲ့

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတွေ အကုန်လုံး

သေရင်တောင် မင်းလည်း

ဆိုးဆိုးရွားရွားပြန်ပေးဆပ်ရမှာပါ"ဟု ပြောလေသည်။

ထို့နောက် ယန်ယွဲ့ ထံ စာလိပ်တစ်လိပ်ကို ပစ်ပေးလိုက်ပြီး "ဒါဟာ ပင်လယ်မျိုးနွယ်စုနယ်မြေရဲ့ မြေပုံနဲ့ ရှောင်းလန် ရောက်နေတဲ့နေရာပါ။ မင်း သူမကိုသတ်မလား မသတ်ဘူးလားဆိုတာ မင်းကိုယ်တိုင်ဆုံးဖြတ်ပါ"

ဟု ပြောပြီး မီးတန်းအဖြစ်ပြောင်းလဲကာ

အဝေးဆီသို့

ပျောက်ကွယ်သွားတော့သည်။

ယန်ယဲ့ သည် ထိုနေရာ၌ ခဏမျှ

ငြိမ်သက်နေပြီးမှ စာလိပ်ကို ယူကာ

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ယန်ယဲ့ ထွက်သွားသည့်အခိုက် အသက်ရှူ ၃ ရှိုက်စာခန့်အကြာတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပေါ်လာသည်။

အမျိုးသမီး နှင့် အမျိုးသားက ဓားတစ်လက်စီ ကိုင်ထားကြသည်။ ထူးခြားချက်မှာ နှစ်ယောက်စလုံးက လက်တစ်ဖက်စီမရှိကြပေ။

အမျိုးသမီးက “ဘာလို့ သူ့ကို မသတ်တာလဲ” ဟု ရုတ်တရက် မေးသည်။

ထိုလူက “ဆရာသခင်ပြောတာက သူ မသေရသေးဘူး” ဟု ပြန်ဖြေသည်။

အမျိုးသမီးက ခဏကြာ ငြိမ်သက်သွားပြီး “ဒီကလေးက ထူးထူးခြားခြား ပါရမီရှင်ဆိုတာ

ဝန်ခံရမယ်။ အခုကနေစလို့ နောင် ၅ နှစ်အတွင်းမှာ သူ မသေရင် ငါတို့နှစ်ယောက်ပေါင်းထားရင်တောင်မှ သူ့ကို သတ်နိုင်မှာ မဟုတ်ဘူး”ဟူ၍ ပြောလိုက်ပါသည်။

ထိုလူက “အခုကော ဘယ်လိုလဲ” ဟု မေးလိုက်သည်။

အမျိုးသမီး က

ဂရုမစိုက်သောလေသံဖြင့်

"အသက်ရှူချိန် ၃၀ နဲ့

သူ့အသက်ကိုနှုတ်ယူမယ်"

ထိုလူက အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီး “မြေကြီးဖြူ၊ မင်းဟာ

အနှောင်အဖွဲ့ကင်းမဲ့သူ နဲ့ ကျန်းဝူကျိ

တို့နှစ်ယောက်စလုံးကို

တိုက်ခိုက်ဖူးတယ်။ ဒါဆို သူက

သူတို့ထက်သာလွန်နိုင်ပါ့မလား"ဟုမေးပါသည်။

အမျိုးသမီးက မပြောခင်အချိန်အတော်ကြာအောင်နှုတ်ဆိတ်နေခဲ့သည်။ "တကယ်လို့အဆင့်တူသာဆိုရင် သူ့ရဲ့ ခွန်အားကကျန်းဝူကျိ ထက်သာတယ်၊ အနှောင်အဖွဲ့ကင်းမဲ့သူ ထက်တော့နည်းနည်းလေးနိမ့်ကျတယ်"

ထိုလူက “ကျန်းဝူကျိ က သူ့ထက် အားနည်းသလား” ဟု မေးသည်။

မြေကြီးဖြူ ဆိုသည့် အမျိုးသမီးက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "ကျန်းဝူကျိ ရဲ့ သဘာဝစွမ်းရည်က သူ့ခေတ်သူ့အခါက လုံးဝမနိမ့်ကျပါဘူး။ ဒါပေမဲ့ သူ့လမ်းစဉ်က လူတိုင်းအတွက် အစွန်းမရောက်ဘူး၊

ပြိုင်ဖက်တွေနဲ့တိုက်ခိုက်တဲ့အခါတိုင်း

နောက်ပြန်ဆုတ်တတ်တယ်။ ဒါပေမဲ့

အနှောင်အဖွဲ့ကင်းမဲ့သူ နဲ့ ယှဉ်ယှဲ့

ကတော့မတူဘူး။

သူတို့တိုက်ခိုက်ပြီဆိုရင်

ရှိသမျှအားအကုန်ထုတ်သုံးကြတယ်။

ဒီတော့ ကျန်းဝူကျိ သာ

သူတို့နှစ်ယောက်ထဲက

တစ်ယောက်နဲ့တိုက်ခိုက်ရင်

သေချာပေါက်ရှုံးလိမ့်မယ်။

ဘာလို့လဲဆိုတော့ သူက တခြားသူတွေကို

အခွင့်အရေးပေးဖို့

အမြဲကြိုးစားတတ်တယ်လေ”ဟု

ပြောခဲ့သည်။

ထိုလူက "ယန်ယဲ့ နဲ့

အနှောင်အဖွဲ့ကင်းမဲ့သူ ကြားမှာ

ကွာဟချက်ရှိတယ်လို့ မင်းပြောတာ။

သူတို့ကြားက ဘာကွာခြားလဲ”ဟု

မေးလေသည်။

"သန့်ရှင်းမှု..." မြေကြီးဖြူက

ဆက်ပြောသည် “ အနှောင်အဖွဲ့ကင်းမဲ့သူ

ရဲ့ ဓားတာအိုက ဖြူစင်ပါတယ်။ ယန်ယဲ့

က မဟုတ်ဘူး။ သူ့မှာ ဝန်ထုပ်ဝန်ပိုးတွေ

အများကြီးရှိတယ်။ ဒါပေမဲ့

သူ့ရဲ့နှလုံးသားကို သစ္စာစောင့်သိတယ်။

ဒီတော့ သူ့ရဲ့ဓားတာအိုက

အပြစ်အနာအဆာ ဒါမှမဟုတ်

အတားအဆီးမရှိဘူး။ ဒါ့အပြင် သူ့မှာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ရှိသေးတယ်။

သူက ဓားတာအိုလမ်းစဉ်

သက်သက်တင်မဟုတ်ဘူး၊

အမှောင်လမ်းစဉ်ကို

ခြေတစ်လှမ်းချနေပြီလို့ပြောရင်

ပိုမှန်တယ်"

ထိုလူက အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ "သခင်က မင်းဟာ

အနှောင်အဖွဲ့ကင်းမဲ့သူ နဲ့ ကျန်းဝူကျိ

တို့အပြင် ဒီစကြာဝဠာရဲ့ အစွမ်းထက်ဆုံး

ဓားကျင့်ကြံသူ လို့ပြောခဲ့တယ်။

အခုတော့ ယန်ယွဲ့ ပါ ရှိနေပြီ”

မြေကြီးဖြူက ခေါင်းကို

အနည်းငယ်ငုံ့ထားကာ “သခင်က သူ့ကို

အခု မသတ်ဘူးဆိုရင် နောင်မှာ သူ့ကို

သတ်ဖို့ မဖြစ်နိုင်ဘူး”ဟုပြောလေသည်။

ထိုလူက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

“သခင်က သူ့အစီအစဉ်နဲ့သူ ရှိတယ်။

သူပြောတဲ့အတိုင်း လုပ်ရမှာပေါ့။

သွားကြရအောင်"

ထိုစကားပြောပြီးသည်နှင့်

နှစ်ယောက်စလုံး နေရာတွင်ပင်

ပျောက်ကွယ်သွားကြသည်။

ကီလိုမီတာ (၅,၀၀၀) အထိ

ပျံသန်းလာပြီးနောက် ယန်ယွဲ့ သည်

ရုတ်တရက်ရပ်လိုက်၏။ သူ့ရှေ့တွင်

ကောင်းကင်ငယ်

ပေါ်လာသောကြောင့်ပါ။

ယန်ယွဲ့က "တစ်စုံတစ်ယောက်က
ငါ့နောက်ကို လိုက်နေတာလား"ဟု
မေးလိုက်၏။

ကောင်းကင်ငယ်က
ခေါင်းညိတ်လိုက်သည်။

ယန်ယွဲ့ သည်
အမှန်ပင်သတိမထားမိလိုက်သောကြောင့်

မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ကောင်းကင်ငယ်က “ဒီလိုမျက်နှာမျိုး မထားပါနဲ့။ သူတို့က နင့်ထက် အများကြီး သန်မာတယ်။ နင် သူတို့ကို သတိမထားမိနိုင်တာက သာမာန်ပါပဲ”ဟု ပြောလေသည်။

ယန်ယဲ့က မျက်ခုံးများ ပင့်တက်သွားပြီး "ငါ့ထက် အများကြီး ပိုသန်မာတယ်"

"ဒါအမှန်ပဲ" ကောင်းကင်ငယ်က ခေါင်းညိတ်ပြီး "အဲဒီလူနှစ်ယောက် နင့်ကိုသတ်ချင်ရင် နင်သေလိမ့်မယ်။ နင့်ရဲ့မီးတောက်က လက်မငှားဘူးဆိုရင် ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ထုတ်သုံးရင်တောင် လွတ်နိုင်မှာ မဟုတ်ဘူး"

"ကြောက်စရာကောင်းတာလား"

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။ “ဒါက

ကြယ်တာယာစွမ်းအင်ဓာတ်မြေ လေ။

အရမ်းအစွမ်းထက်တယ်။

ဘယ်လောက်တောင်

အစွမ်းထက်တယ်ဆိုတာ မင်း

မမြင်ဘူးလား"

သူမက ခေါင်းကိုခါလိုက်ပြီး

“မကောင်းဘူး၊ အဲဒါက

ကြည့်ရဆိုးတယ်။ ငါမကြိုက်ဘူး"

ယန်ယဲ့က ခေါင်းခါပြီး

လေးလေးနက်နက်ပြောလိုက်သည် "

ကောင်းကင်ငယ်၊ မင်းပြောတာက

ငါ့ထက် အများကြီး သန်မာတယ် ။

ဘာကိုဆိုလိုတာလဲ" သူသည်

မောက်မာထောင်လွှားခြင်းမဟုတ်သော်

လည်း တစ်ယောက်ချင်းတိုက်ပွဲဆိုလျှင်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူကိုတောင် ဂရုမစိုက်ပေ။

သို့ရာတွင် ကောင်းကင်ငယ်၏

ပြောကြားချက်အရ သူ့ထက်ပင်

သန်မာနေခဲ့သည်လား။ သူ့စိတ်ထဲ

သိပ်ပြီးမယုံချင်ပေ။

ကောင်းကင်ငယ်က "သူတို့က နင့်ထက်

ပိုသန်မာတယ်။ နှစ်ယောက်စလုံးက

ပြန်လည်မွေးဖွားခြင်းအဆင့် ရဲ့

အထက်ဆင့်ကို တက်တော့မယ်။

မဟုတ်ဘူး၊ တကယ်တော့ သူတို့က

ပြန်လည်မွေးဖွားခြင်းအဆင့်

ထက်တောင် မြင့်သွားပြီ။ ဒါပေမဲ့

ဒီလောရဲ့ ကောင်းကင်ဘုံတာအိုက

ဖိနှိပ်ထားလို့

ပြန်လည်မွေးဖွားခြင်းအဆင့် မှာပဲ

ရှိနေကြတာ။ ဒါပေမဲ့ သူတို့ရဲ့ ခွန်အားက

ပြန်လည်မွေးဖွားခြင်းအဆင့် ထက်ကျော်လွန်တယ်။ မှန်တယ်၊ အဲဒါက အောက်ဘုံမှာ နင်တွေ့ခဲ့တဲ့ သွေးကြောရှိနဲ့တူတယ်။ တစ်ခုတော့ရှိတယ်။ နှစ်ယောက်စလုံးက အင်အားအပြည့်မထုတ်နိုင်ဘူး။ ဘာပဲဖြစ်ဖြစ် နင်က သူတို့အတွက် ပြိုင်ဖက် မဟုတ်ဘူး”

ထိုအမည်မသိလူနှစ်ယောက်က

သွေးကေရီနှင့် အဆင့်တူဟု

ပြောလာသောကြောင့်

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူသည်

သွေးကေရီ၏ ခွန်အားကို

ကောင်းကောင်းသိထားပါသည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများဟာ သွေးကေရီ အတွက်

အမှိုက်များချည်းသာ။ သို့သော် လက်ရှိ

သူ့နောက်ကို

လိုက်နေသူနှစ်ယောက်လုံးကလည်း

သွေးကောရှိနှင့်

အဆင့်တူများဖြစ်နေလေသည်။

"သောက်ကျိုးနည်း။ ငါ အခု ဘယ်သူ့ကို

စော်ကားမိလို့ပါလိမ့်"

ယန်ယဲ့က

အကြိမ်ကြိမ်စဉ်းစားနေသည့်တိုင်အဖြေ

ရှာလို့မရခဲ့ပေ။

ထိုအချိန်တွင် ကောင်းကင်ငယ်က

ယန်ယဲ့ဆီကို ရုတ်တရက် လျှောက်လာပြီး

သူ့ပိုက်ကို ပေါ့ပေါ့တန်တန်

ပုတ်လိုက်ရင်း " ဂရုစိုက်ပါ။

နင်တကယ်အသတ်ခံရရင်...စိတ်မပူပါနဲ့

ငါ..."

ယန်ယဲ့က "မင်း ငါ့ကိုယ်စား

လက်စားချေမှာလား"

သူမ ခေါင်းယမ်းကာ "ငါ နင့်ကို

သဂြိုဟ်မယ်"

ယန်ယဲ့၏မျက်နှာက အေးခဲသွားသည်။

သူက ခေါင်းခါလိုက်ပြီး

“ကောင်းကင်ငယ်၊ အဲဒါက တကယ်ကို

စိတ်မကောင်းဖြစ်စေတယ်။

တစ်ယောက်ယောက်က

မင်းကိုသတ်ချင်ရင် ငါသေချာပေါက်

တားမှာ။ မင်းအသတ်ခံရရင်

ငါမင်းကိုယ်စား လက်စားချေမှာပါ"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့

သည်နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

ကောင်းကင်ငယ်က

အနည်းငယ်ထိတ်လန့်သွားပြီးနောက်

ခြေထောက်ကို တစ်ချက်ဆောင့်၍

“ဘယ်လို တိုက်ရမှန်းတောင်

မသိတော့ဘူး၊ ဘယ်လို

လက်စားချေရမလဲ။ အများဆုံး...

ငါလုပ်နိုင်တာက နင့်ကိုယ်စား

လက်စားချေဖို့ ကောင်းကင်ငယ်နဲ့

တခြားသူတွေကို အကူအညီတောင်းဖို့ပဲ။

မဟုတ်ဘူး၊ ကောင်းကင်ငယ်လေးတွေက အရမ်းအားနည်းတယ်။ ဟမ်၊ ငါဘယ်သူ့ကိုခေါ်ရမလဲ။ မှန်တယ်...”

သူမ၏ မျက်လုံးများက တောက်ပလာကာ “ကောင်းကင်နတ်ဆိုးသားရဲ၊ အဲဒီလူက အစွမ်းထက်တယ်။ ယန်ယွဲ့လိုလူ အယောက် ၁၀၀ ဆိုရင်တောင် သူ့ကို အနိုင်မယူနိုင်ဘူး။ ဒါပေမဲ့ ဒီလူက

အိပ်ပျော်နေတာကြာပြီထင်တယ်။

အခုလောက်ဆို

သူပြန်နိုးလာပြီလားတောင်မသိဘူး။

ဟုတ်တယ်၊ ငါသူ့ကို မကြာခင်လိုက်

ရှာလိုက်မယ်"

စကားပြောပြီးသည်နှင့်

ကောင်းကင်ငယ်၏ ပုံရိပ်ကလည်း

ပျောက်ကွယ်သွားသည်။

...

လမ်းတစ်လျှောက်လုံးတွင် ယန်ယဲ့ သည် အရှိန်ကို အမြင့်ဆုံးထိတင်ကာ တဟုန်ထိုးပျံသန်းနေခဲ့သည်။ သူက မိုရှောင်းလန် ကို ကယ်တင်လိုသောကြောင့်မဟုတ်ဘဲ သူမ၏လက်ထဲမှ နှက်းပွင့်လေး၏အသိစိတ်ကိုပြန်ယူဖို့သာ ။

သူ့အတွက် နှင်းပွင့်လေး နှင့်ပတ်သက်၍

မည်သည့်အရာကိုမှ

အထိခိုက်ခံခွင့်မပြုနိုင်ပေ။

နောက်ထပ် ၂ ရက်ခန့်အကြာတွင်တော့

ယန်ယဲ့ သည် နတ်ဆိုးနယ်မြေရှိ

ပေါ်တယ်စနစ် မှတစ်ဆင့်

နတ်မိစ္ဆာမျိုးနွယ်၏နယ်မြေ ဆီသို့

အပို့ခံလိုက်ရသည်။

သို့သော် သူက
နတ်မိစ္ဆာအင်ပါယာနယ်မြေကို
ပထမဆုံးအကြိမ် ရောက်လာသည်ဖြစ်ရာ
အနည်းငယ်စိမ်းသက်သက်ဖြစ်နေလေသ
ည်။ ကံကောင်းထောက်မစွာ၊ မိုကျန်းက
သူ့အား မြေပုံတစ်ခုပေးလိုက်သည်။
၎င်းက ပင်လယ်နတ်ဆိုးမျိုးနွယ်စု နှင့်
မိုရှောင်းလန် ရောက်နေသည့်

နေရာအကြောင်း

အချက်အလက်အများစု ပါရှိခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

တံ့ဆိုင်းမနေဘဲ အဝေးဆီသို့

ပြေးထွက်သွားသည်။

May Be:

၁၈၉၈

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၈ - နတ်မိစ္ဆာအင်ပါယာ

နတ်မိစ္ဆာအင်ပါယာ ။

နတ်မိစ္ဆာမျိုးနွယ် သည်
ထိပ်တန်းမျိုးနွယ်စုတစ်ခုတည်းပေါင်းစ
ည်းထားခြင်းမဟုတ်ပေ။
နတ်ဆိုးနယ်မြေတွင် အင်အားစု
များစွာရှိခဲ့သည်။ နတ်မိစ္ဆာအင်ပါယာ

သည့် ထိုအင်အားစုများထဲမှ တစ်ခုပင်။

ထို့အပြင် လက်ရှိ နတ်မိစ္ဆာအင်ပါယာ၏

အဆင့်အတန်းက ကြယ် ၈ ပွင့်အဆင့်

အင်အယးစု

မဟုတ်တော့သော်လည်း အတိတ်မှာ

တော့ နတ်ဆိုးနယ်မြေတစ်ခုလုံး၏

အုပ်စိုးသူဖြစ်ခဲ့လေသည်။ ထိုအချိန်တွင်

နတ်ဆိုးနယ်မြေတစ်ခုလုံး သည်

နတ်မိစ္ဆာအင်ပါယာ၏

အုပ်ချုပ်မှုအောက်၌သာ ရှိခဲ့၏။

ထိုအချိန်က နတ်မိစ္ဆာမျိုးနွယ်၏

အင်အားအကောင်းဆုံး ကာလပင်။

နတ်မိစ္ဆာမျိုးနွယ် သည်

အင်အားကျဆင်းသွားသည့်တိုင်

၎င်းအား

လျှော့တွက်၍မရနိုင်သေးပါ။ နတ်ဆိုးမျိုး

နွယ်တစ်ခုလုံး ခြိုင့်ကြည့်လျှင် ကြယ် ၅

ပွင့်အဆင့် အင်အားစု ၅ ခုသာရှိ၏။

နတ်မိစ္ဆာအင်ပါယာက

ထိုအင်အားစုများထဲမှတစ်ခုပင်။

"မိုရှောင်းလန် က နတ်မိစ္ဆာအင်ပါယာရဲ့

အိမ်ရှေ့မင်းသား

လက်ထဲမှာအဖမ်းခံထားရတာလား"

လမ်းတစ်လျှောက်လုံး ယန်ယွဲ့ သည်

ခဏပင်မရပ်နားဘဲ

နတ်မိစ္ဆာအင်ပါယာသို့
တန်းတန်းမတ်မတ်သွားခဲ့သည်။

သူသည် မိုရှောင်းလန်၏ ကံကြမ္မာကို
လုံးဝဂရုမစိုက်ပေ။ သူ့အတွက်
အစိုးရိမ်ဆုံးက နှင်းပွင့်လေး၏အသိစိတ်
တစ်ခုခုဖြစ်သွားမည်ကိုသာ။

အချိန်တော်တော်ကြာပြီးနောက် ယန်ယွဲ့
သည် နတ်မိတ္တာမြို့တော်သို့
ရောက်ရှိလာခဲ့သည်။

နတ်မိတ္တာမြို့တော် သည်
နတ်ဆိုးနယ်မြေ၏
အကြီးမားဆုံးမြို့ဟုခေါ်ဆိုနိုင်သည်။ ၎
င်းကို နတ်မိတ္တာအင်ပါယာ၏
တန်ခိုးအထွားဆုံးအချိန်၌

တည်ဆောက်ခဲ့ခြင်းကြောင့်ပင်။

မြို့တော် သည် အနည်းဆုံး

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

အယောက် ၂၀ ၏ တိုက်ခိုက်မှုအား

ခုခံနိုင်လေရာ မည်မျှခိုင်ခံ့ကြောင်း

သိသာပါသည်။

ထိုအချက်ကပင်

နတ်မိစ္ဆာအင်ပါယာတစ်ခုလုံး

ယနေ့အချိန်ထိ ရှင်သန်နေခဲ့ခြင်းပါ။

အမှန်စင်စစ် လူသားမျိုးနွယ်နှင့်
နတ်ဆိုးမျိုးနွယ် ဟာ သိပ်တော့
ကွာခြားခြင်းမရှိပေ။ တစ်ခုတည်းသော
ခြားနားချက်မှာ နတ်ဆိုးမျိုးနွယ် သည်
ခရမ်းရောင် သို့မဟုတ် အနက်ရောင်
မျက်လုံးများ ပါရှိသည့်အပြင်
မူလခန္ဓာကိုယ်က
မွေးရာပါသန်မာနေခြင်းဖြစ်သည်။
တစ်နည်းပြောရလျှင် လူသားများနှင့်

နတ်ဆိုးများကြား ခြားနားမှုဟူ၍

ကြီးကြီးမားမားမရှိခဲ့ပေ။

ထို့ကြောင့် ယန်ယဲ့ သည်

နတ်မိစ္ဆာမြို့တော် သို့ အသာအယာပင်

ဝင်ရောက်နိုင်ခဲ့သည်။

သို့သော် သူသည် နတ်မိစ္ဆာနန်းတော်ကို

ချက်ချင်းတိုက်ခိုက်ရလောက်သည်အထိ

တော့ လူမိုက်အလုပ်မျိုးမလုပ်ခဲ့ပေ။

နောက်ဆုံးတွင် သူသည် နှင်းပွင့်လေး၏

အသိစိတ်ကို

ပြန်ယူရန်အတွက်သာရောက်လာခြင်းပင်

။ နတ်မိစ္ဆာမျိုးနွယ် ကို တိုက်ခိုက်ရန်မှု

လုံးဝစိတ်မဝင်စားပေ။

ယန်ယဲ့ သည် မြို့ထဲကို ဝင်လာသည်နှင့်

သူ့ကိုယ်သူ ဖုံးကွယ်လျက် နန်းတော်ထဲသို့

ဝင်သွားလေသည်။

အင်ပါယာနန်းတော်ထဲ

ရောက်လာပြီးနောက် ယန်ယဲ့သည်

ခဏတာရပ်နေလိုက်၏။

အကြောင်းမှာကား သူက မိုရှောင်းလန်၏

တည်နေရာကိုမသိရသေးပေ။ ထို့အပြင်

လက်ရှိသူက နတ်ဘုရားစိတ်အာရုံအသိ

ကို အသုံးမပြုနိုင်ပါ။ အကယ်၍

သူ၏နတ်ဘုရားစိတ်အာရုံအသိကို

ထုတ်ဖော်လိုက်လျှင်

နတ်မိစ္ဆာအင်ပါယာ၏ကျင့်ကြံသူများက သေချာပေါက်သတိပြုမိသွားကြပေမည်

။

ယန်ယဲ့ သည် နေရာတွင် ခဏမျှ

ငြိမ်သက်နေပြီးမှ နန်းတော်၏

အနောက်ဖက် ရင်ပြင်ကျယ်ဆီသို့

ပြေးထွက်သွားလေသည်။

လမ်းတစ်လျှောက်လုံးတွင်

သူ၏အမူအရာသည် တဖြည်းဖြည်း

လေးနက်လာပါသည်။ အကြောင်းမှာ

အစွမ်းထက်အော်ရာ အများအပြားကို

ခံစားလိုက်ရသောကြောင့်ပင်။

သေချာသည်ကား ၎င်းသည်

နတ်မိစ္ဆာအင်ပါယာ၏

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများပါ။

ယန်ယဲ့ သည် ရှေ့မလှမ်းကမ်း၌

နန်းတော်ငယ်တစ်ခုကို တွေ့လိုက်သည်။

ထို့နောက်တွင်

အရိပ်တစ်ခုအဖြစ်ပြောင်းကာ

နန်းတော်၏ ဘေးထောင့်နေရာတစ်ခုကို

ဝင်ရပ်နေလိုက်သည်။ အကယ်၍ သူသာ

နေရာမသိဘဲ

လျှောက်သွားနေမည်ဆိုလျှင်

မို့ရှောင်းလန်ကို

ရှာတွေ့ဖို့မဖြစ်နိုင်မှန်းသိထားပါသည်။
ထို့ကြောင့် တစ်စုံတစ်ယောက်ကို
ဖမ်းဆီးပြီး မေးမြန်းကြည့်ဖို့သာ
ဆုံးဖြတ်လိုက်၏။

ခဏအကြာတွင်တော့ ယန်ယဲ့ သည်
နန်းတော်ထဲကို ဝင်သွားလိုက်သည်။
သို့သော် အထဲကို ရောက်သည်နှင့်
နန်းတော်တစ်ခုလုံးဟာ
ဗလာကျင်းနေသဖြင့်

မျက်မှောင်ကြုတ်လိုက်သည်။

ဗလာကျင်းနေတာလား...

ယန်ယဲ့က

ထွက်သွားဖို့ပြင်လိုက်၏။ သို့သော်လည်း

"နင် ပြန်ထွက်သွားပြီလား" ဟူ၍

အမျိုးသမီးတစ်ယောက်၏အသံက

ရုတ်တရက်ထွက်ပေါ်လာသဖြင့်

နေရာမှာပဲ ရပ်သွားသည်။

နန်းတော်ထဲမှာ ယန်ယွဲ့ လည်း
တစ်စုံတစ်ယောက် ရှိနေသောကြောင့်
မျက်မှောင်ကြုတ်လိုက်၏။

ရုတ်တရက်ဆိုသလိုပဲ
အမျိုးသမီး၏အသံက "နင်က
လူသားတစ်ယောက်ပဲ"

ယန်ယဲ့ သည် နောက်ဆုံးတွင်တော့

အမှောင်ရိပ်ထဲမှ

ထွက်လာခဲ့သည်။ ထိုအချိန်တွင်

နန်းတော်အတွင်းပိုင်းအခန်းထဲမှ

အမျိုးသမီးတစ်ဦး

ထွက်လာသည်။အမျိုးသမီးက

အပြာရောင်နုရောင် တော်ဝင်ဝတ်ရုံကို

ဝတ်ဆင်ထား၏ လခြမ်းပုံသဏ္ဍာန်

မျက်ခုံးမွေးများ၊

လှပသောအသွင်အပြင်နှင့်
လက်တွေ့ကျကျ ပြီးပြည့်စုံသော
လက်ရာမြောက်သော
ခန္ဓာကိုယ်အချိုးအစားကို
ပိုင်ဆိုင်ထားလေသည်။ အထူးသဖြင့်
သူမ၏မျက်လုံးများ ပင်။
အမျိုးသမီး၏မျက်လုံးများက
အမှန်တကယ်ပင်
ပင်လယ်ပြာရောင်ဖြစ်လေသည်။

သူမ၏ဆံပင် ကလည်း

ပင်လယ်ပြာရောင်ဖြစ်နေသည်။ ထို့အပြ

င် ဆံပင်ရှည်များက အလွန်လှပကာ

သူမ၏ခါးကိုကျော်လွန်၍

အလွန်ရှည်လျားသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

အမျိုးသမီးကို ကြည့်နေသလို

အမျိုးသမီး ကလည်း သူ့ကို

ပြန်ကြည့်နေလေသည်။

ခဏကြာ ကြည့်နေပြီးနောက်

အမျိုးသမီးက ပြုံးကာ

“လူသားတစ်ယောက် ဒီနေရာကို

ခိုးဝင်နိုင်ခဲ့တာ အမှန်ပဲ ။ နင်က

သာမာန်မဟုတ်ဘူး"ဟူ၍

ပြောလေသည်။

"ငါ မင်းကို စော်ကားဖို့

ရည်ရွယ်ချက်မရှိဘူး" ယန်ယဲ့က

ဆက်ပြောလိုက်၏ “ငါက

တစ်စုံတစ်ယောက်ကို ရှာဖို့ ဒီကို

ရောက်လာတာပါ။ နတ်မိစ္ဆာအင်ပါယာ ရဲ့

အိမ်ရှေ့မင်းသား ဘယ်မှာလဲ

သိလား။ ဒါကိုပြောပြနိုင်ရင်

အရမ်းကျေးဇူးတင်ပါတယ်"

သူသည် တစ်စုံတစ်ဦးကို ဖမ်း၍ မေးရန်

ရည်ရွယ်ထားသော်လည်း ထိုအတွေးကို

ချက်ချင်း ပယ်ချလိုက်သည်။

အကြောင်းကတော့ သူ့ရှေ့မှ

အမျိုးသမီးအား

ထွင်းဖောက်မမြင်နိုင်သောကြောင့်ပါ။

ထိုအမျိုးသမီးက သာမန်မဟုတ်ကြောင်း

သိသာပါသည်။

"နတ်မိစ္ဆာအင်ပါယာ ရဲ့ အိမ်ရှေ့မင်းသား

လား" သူမက ယန်ယဲ့ကို လှမ်းကြည့်ကာ

ပြုံးပြီး "ဘာလို့ သူ့ကို

ရှာနေတာလဲ"ဟုမေးလေသည်။

ယန်ယဲ့ သည် ခဏမျှ ငြိမ်သက်သွားပြီး "သူက နတ်ဘုရားဖီးနစ်မျိုးနွယ်စုရဲ့ တော်ဝင်မင်းသမီးကို ဖမ်းဆီးထားတာမဟုတ်လား။ ငါက သူမအတွက် ဒီကိုရောက်လာတာ"ဟု ပြန်ပြောလိုက်သည်။

“စိတ်ဝင်စားဖို့ကောင်းတယ်” အမျိုးသမီးက ပြုံးပြီး “ဒါဆို နင်ချစ်တဲ့မိန်းမကို

ကယ်တင်ဖို့

ဒီမှာလာ။ နင့်ရဲ့ရဲစွမ်းသတ္တိက

ချီးကျူးစရာကောင်းတယ်။

နင်ကတော်တော်ကောင်းတဲ့လူပါ။ ကံမ

ကောင်းစွာပဲ၊ နင့်အသက်ကို

စွန့်လွှတ်လိုက်သလိုပဲဖြစ်လိမ့်မယ်”ဟူ၍

ပြောသည်။

ယန်ယဲ့ က ဂရုမစိုက်ဘဲ “သူ

ဘယ်ရောက်နေလဲ

မင်းသိလား။ ဒါမှမဟုတ် မိုရှောင်းလန်

ဘယ်မှာလဲ။ သိတယ်ဆိုရင်

ကျေးဇူးပြုပြီး ပြောပြပေးပါ၊

ကျေးဇူးအထူးတင်ရှိမှာပါ။ မသိရင်

ပွင့်ပွင့်လင်းလင်းပြောပါ"

"သူဘယ်မှာလဲ

ငါသိတယ်" အမျိုးသမီးက ပြုံးပြီး “ခေနီ

ဘယ်မှာရှိတယ်ဆိုတာ မသိပါဘူး။

နတ်ဘုရားဖီးနစ်ကလန် ရဲ့ မင်းသမီးကို

ဘယ်မှာ ထိန်းသိမ်းထားတယ်ဆိုတာ
သိတယ်။ ဒါပေမဲ့ ဘာလို့ပြောရမှာလဲ"

ယန်ယဲ့က သူမကို အချိန်အကြာကြီး
စိုက်ကြည့်ပြီးနောက်
“နှုတ်ဆက်ပါတယ်”

ဟု ပြောပြီး နောက်လှည့်၍
ထွက်လာခဲ့သည်။ သူသည် ဤနေရာတွင်
အချိန်ဖြုန်းနေလိုခြင်းမရှိပေ။

အမျိုးသမီးက ပြောပြရန်
စိတ်မဝင်စားသောကြောင့်
တစ်စုံတစ်ယောက်ကို
ထပ်ပြီးရှာဖို့သာကျန်တော့သည်။ ခေနီ
က နတ်မိစ္ဆာအင်ပါယာ၏
အိမ်ရှေ့မင်းသား ဖြစ်ရာ
မသိသူဟူ၍မရှိနိုင်ပါ။

"သူမက လေပြင်းနန်းတော်
မှာရှိနေတယ်" အမျိုးသမီးက

ရုတ်တရက်ပြောလိုက်သည် “အဲဒါ ခေနီရဲ့ နန်းတော်ပါ၊ အင်ပါယာနန်းတော်ရဲ့ တောင်ဖက်မှာ ရှိတယ်။ မိုရှောင်းလန် ကို အဲဒီမှာ ထိန်းသိမ်းထားသင့်တယ်”

ယန်ယဲ့ က သူမကို လှည့်ကြည့်လိုက်ပြီး "ကျေးဇူးတင်ပါတယ်"ဟု ပြောလိုက်သည်။

သူမက ပြုံးပြီး "ကံကောင်းပါစေ"ဟုသာ

ယန်ယဲ့ သည် အမျိုးသမီးကို
တစ်ချက်ကြည့်လိုက်ပြီး
နောက်ပြန်လှည့်ကြည့်ကာ
ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ ထွက်သွားသည်နှင့် သူမက
ခေါင်းယမ်းကာ ပြုံးရင်း
အတွင်းခန်းထဲသို့ ဝင်သွားသည်။

ယန်ယွဲ့ သည် ထိုနန်းတော်ငယ်မှ ထွက်သွားလာနောက် နန်းတော်အပြင်ဖက်ရှိ ကမ္ပည်းပြားကို ကြည့်လိုက်ရာ ညှော့ခန်းမဟူသော စကားနှစ်လုံးကို တွေ့လိုက်ရသည်။

"သူမက နတ်မိစ္ဆာမျိုးနွယ်က မဟုတ်ဘူးလား" ယန်ယွဲ့ သည် ခဏတာ လေးလေးနက်နက် တွေးကြည့်ပြီးနောက် နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

တော့ အင်ပါယာနန်းတော်၏

တောင်ဖက်သို့ ရောက်လာခဲ့သည်။

ခဏအကြာမှာပဲ အမျိုးသမီး

ပြောပြလိုက်သည့် လေပြင်းနန်းတော်

ကိုတွေ့လိုက်၏။ နန်းတော်ထဲကို

ဝင်လိုက်သည်နှင့် ယန်ယွဲ့ သည်

သူ၏လက်သီးများကို ချက်ချင်း

ဆုပ်ထားလိုက်တယ်။

သူက မီးတောက်အငွေ့အသက်ကို

ခံစားမိလိုက်လို့ပါ။

ယန်ယဲ့ သည် မီးတောက်အငွေ့အသက်

ထွက်ပေါ်လာသည့်ဖက်ကို

ဆက်လျှောက်လာခဲ့လိုက်၏။

သိပ်မကြာလိုက်ပါ၊

နန်းတော်၏ အတွင်းခန်းတစ်ခုထဲမှ

မိုရှောင်းလန် ကို တွေ့လိုက်တော့သည်။

ဤအခိုက်အတန့်တွင် မိုးရှောင်းလန်က

တောက်ပသော

လှောင်အိမ်ထဲတစ်ခုထဲမှာ

ထည့်ပြီးအလှောင်ခံထားရ၏။

လှောင်အိမ်၏ ပတ်ပတ်လည်က

အနက်ရောင်အလင်းတန်းများ

ဝန်းရံထားလေသည်။ ထို့အပြင်

အလင်းတန်းများက

လှောင်အိမ်ပတ်လည်ကို
အလွှာလိုက်အထပ်ထပ်ချထားသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
ပတ်ဝန်းကျင်၌
အခြားအငွေ့အသက်များနှင့်
နတ်ဘုရားစိတ်အာရုံများမရှိကြောင်း
သတိပြုမိလိုက်သည်နှင့် သူ့ကိုယ်သူ
ပြသခဲ့သည်။

ထိုအချိန်တွင် မိုရှောင်းလန်က

မျက်လုံးဖွင့်သည့်အခိုက်ပါ။ ယန်ယဲ့ကို

မြင်လိုက်သည်နှင့် သူမ၏အမူအရာသည်

ချက်ချင်းပြောင်းလဲသွားသည်။

"နှင်းပွင့်ရဲ့ အသိစိတ်ဘယ်မှာလဲ"

ယန်ယဲ့ ကတော့

မထူးခြားသောအမူအရာဖြင့်သာ

ပြောလိုက်၏။

မိုရှောင်းလန်က "ငါ့မှာမရှိဘူး" ဟူ၍
အသံတိုးတိုးနှင့် ပြန်ပြောလေသည်။

ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ် မှိတ်သွားပြီး "မင်း ဘာကို
ဆိုလိုတာလဲ"ဟူ
အေးစက်စက်မေးလိုက်သည်။

သူမက “ကေနီက ယူသွားတယ်။ သူက နှင်းပွင့်ရဲ့ အသိစိတ်ကို သုံးပြီး ငါ့ကိုလက်ထပ်ဖို့လုပ်နေတယ်"

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး "နှင်းပွင့်ရဲ့ ပုံရိပ်အမှန်ကို သူသိလား"ဟုထပ်မေးလိုက်၏။

မိုရှောင်းလန် က ခေါင်းကိုခါလိုက်ပြီး "နှင်းပွင့် မှာ ခန္ဓာကိုယ်မရှိဘူး။ ဒါကြောင့်

သူ့ပုံရိပ်အမှန်ကို

သေချာမသိပါဘူး။ မဟုတ်ရင် သူက

ငါ့ကို ခြိမ်းခြောက်ဖို့ နှင်းပွင့်ရဲ့

အသိစိတ်ကို သုံးမှာ မဟုတ်ဘူး"ဟူ၍

ပြန်ပြောသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် မိုရှောင်းလန်

အား ချုပ်နှောင်ထားသည့်

လှောင်အိမ်ဆီကို

ဖြည်းညှင်းစွာလျှောက်လာသည်။

သူက မိုရှောင်းလန် ကို

အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်

ရုတ်တရက် ရယ်မောလိုက်ပြီး

"မိုရှောင်းလန်၊ မင်းရဲ့

နတ်ဘုရားဖီးနစ်ကလန် ဟာ

မင်းအတွက်နဲ့ ဖီးနစ်အကောင်

ထောင်ဂဏန်းလောက်ပဲ ကျန်တော့တာ

မင်းသိလား။ အခု မင်းဘယ်လိုခံစားရလဲ

ငါတကယ်သိချင်မိတယ်"ဟုဆက်ပြောခဲ့သည်။

မိုရှောင်းလန် က စကားပြန်မပြောဘဲ ယန်ယွဲ့အား တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

ယန်ယွဲ့က တဟားဟား ရယ်မောလိုက်ပြီး “တကယ်တော့ ငါ မင်းကို တကယ်သတ်ချင်နေတာ။ ဒါပေမဲ့

တစ်ခုခုကိုစဉ်းစားမိလို့။

ဘာလို့လဲဆိုတော့ မင်းကို လွယ်လွယ်နဲ့

လွှတ်ပေးထားသလိုဖြစ်လိမ့်မယ်။တစ်သ

က်လုံး

မင်းမှာအပြစ်ရှိသလိုခံစားစေချင်တယ်”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့က

ဓားဆွဲထုတ်ပြီး နှစ်ကြိမ်

ဝှေ့ယမ်းလိုက်သည်။

ဆူး... ဆူး...

သွေးများပန်းထွက်လာပြီးနောက်

မိုရှောင်းလန်၏ လက်နှစ်ဖက်လုံး

ပြတ်တောက်သွားသည်။

ထို့နောက် ယန်ယဲ့ က

လှည့်ထွက်သွားသည်။

ထိုအချိန်တွင် မိုရှောင်းလန်က

ရုတ်တရက် "ယန်ယဲ့..."

ယန်ယဲ့ က ရပ်လိုက်ပြီး "ဘာလဲ"

သူမက ယန်ယဲ့၏နောက်ကျောကို

စိုက်ကြည့်ရင်း “နင် ငါ့ကိုပဲ

လက်စားချေသင့်တယ်။ ငါ့မျိုးနွယ်စုကို

ဘာလို့

လက်စားချေခဲ့တာလဲ"ဟုမေးလိုက်လေသည်။

အစပိုင်းတွင် သူမက နှင်းပွင့်အတွက်နှင့် နတ်ဘုရားဖီးနစ်ကလန် ကို ဆန့်ကျင်ခဲ့သေး၏။ သို့သော် ကံမကောင်းစွာပဲ နတ်ဘုရားဖီးနစ်ကလန်၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်လို့မရခဲ့ပေ။

နောက်ဆုံးတွင် သူမက နှင်းပွင့်လေး၏

အသိစိတ်ကို

ကယ်တင်ခဲ့သည်။ အကြောင်းကတော့

နှင်းပွင့်လေးကို သဘောကျသည့်အပြင်

နတ်ဘုရားဖီးနစ်ကလန် အား

ထွက်ပေါက်ရစေလိုသောကြောင့်ပါ။

သူမက ယန်ယဲ့၏

အလားအလာနှင့် သဘာဝစွမ်းရည်ကို

ကောင်းကောင်းသိထားလေသည်။

ယန်ယွဲ့ သည် နတ်ဘုရားဖီးနစ်ကလန်ကို ဂရုစိုက်နေမည်မဟုတ်ချေ။ ထို့ကြောင့် သူမက နတ်ဘုရားဖီးနစ်ကလန်ကို ယန်ယွဲ့အား ဖယ်ရှားပစ်ဖို့ အဆက်မပြတ်တောင်းဆိုနေခြင်းပင်။

ကံဆိုးစွာဖြင့် သူမ၏အစီအစဉ်က အကြိမ်ကြိမ်ကျရှုံးခဲ့ရသည်။ ယန်ယွဲ့က မသေဘဲ အသက်ရှင်နေသည့်အပြင် အထက်ကမ္ဘာသို့ တက်လာပြီးနောက်

နတ်ဘုရားဖီးနစ်ကလန် အား

ဖျက်ဆီးပစ်လိုက်သည်။

"မင်းရဲ့မျိုးနွယ်ကို လက်စားချေမလား၊

ဟားဟား" ယန်ယဲ့က

လှည့်ကြည့်လိုက်သည်။ ဤအခိုက်အတ

န့်တွင် သူ့မျက်နှာပေါ်၌

ရက်စက်ကြမ်းကြုတ်သော အမူအရာ

ပေါ်လာပြီး "မိုရှောင်းလန်၊ ငါပြောတာကို

သေချာနားထောင်။ နှင်းပွင့်လေးနဲ့ ဇီအာ

ဘာတစ်ခုမှမဖြစ်ပါစေနဲ့လို့ဆုတောင်း

ထား။ သူတို့ အဆင်ပြေနေရင်တော့

ကောင်းပါတယ်၊ ဒါပေမဲ့ သူတို့ထဲက

တစ်ယောက်ယောက် တစ်ခုခုဖြစ်သွားရင်

ငါပြောတာကိုမှတ်ထားလိုက်။ မင်းရဲ့

နတ်ဘုရားဖီးနစ်ကလန် ဟာ

အပြီးတိုင်ပျောက်ကွယ်သွားလိမ့်မယ်။

ဒါကြောင့် ဆုတောင်းနေပါ။ နှင်းပွင့်လေး

နဲ့ ဇီအာ ဘာမှမဖြစ်အောင်သာ

ဆုတောင်းပါ”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့က

တစ်ဖက်ပြန်လှည့်ကာ နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

မိုရှောင်းလန် က ယန်ယဲ့

ပျောက်ကွယ်သွားသည့်နေရာကို

အကြာကြီး

စိုက်ကြည့်နေသည်။ အချိန်အတော်ကြာမှ

သူမ၏မျက်လုံးထဲမှ မျက်ရည်များ

စီးကျလာသည်။ သူမ၏

ဘဝတစ်လျှောက်လုံးဟာ

အဆင့်အတန်းမြင့်မားခဲ့သည်။

သူမ၏နောက်ခံက

နတ်ဘုရားဖီးနစ်ကလန် ဖြစ်လေရာ

ဘယ်နေရာကိုသွားသွား

မောက်မာနိုင်ခဲ့လေသည်။

သို့သော်လည်း လက်ရှိတွင်
နတ်ဘုရားဖီးနစ်ကလန်၏ နာမည်က
အမှိုက်တစ်စလောက်ပင်
အသုံးမဝင်တော့ပေ။

တစ်ချိန်တည်းတွင်
နတ်ဘုရားဖီးနစ်ကလန် တစ်ခုလုံးပါ
ပျက်စီးလုနီးပါးဖြစ်ခဲ့၏။

သူမ၏ စေတနာအမှားက

နတ်ဘုရားဖီးနစ်မျိုးနွယ်ကို

မရေမတွက်နိုင်အောင်

ဆုံးရှုံးမှုများဖြစ်သွားစေခဲ့လေပြီ။

တစ်နည်းအားဖြင့် လက်ရှိတွင်

မိုရှောင်းလန် က

နတ်ဘုရားဖီးနစ်ကလန်၏

အပြစ်သားဟုပင် ဆိုသင့်ပါသည်။

...

လေပြင်းနန်းတော်မှ ထွက်လာပြီးနောက်
ယန်ယဲ့သည် အင်ပါယာနန်းတော် သို့
တန်းတန်းမတ်မတ်သွားခဲ့သည်။
လက်ရှိအချိန်တွင် သူ၏အငွေ့အသက်ကို
ဖုံးကွယ်မထားတော့ပါ။

အကြောင်းကတော့ မလိုအပ်တော့လို့ပါ။

သူက နတ်မိစ္ဆာအင်ပါယာအတွက်
အချိန်မဖြုန်းလိုသောကြောင့်
တည့်တိုးလုပ်ဆောင်ဖို့သာ
ဆုံးဖြတ်လိုက်တော့သည်။

ယန်ယဲ့ က အင်ပါယာနန်းတော် နှင့် မီတာ
၃၀၀ အကွာသို့ ရောက်လာသည့်အခိုက်
အစွမ်းထက်အော်ရာများ
သူ့အပေါ်ကျဆင်းလာသည်ကို
သတိပြုမိခဲ့သည်။ သိသာစွာပဲ၊

နတ်မိစ္ဆာအင်ပါယာ က သူ့အား သတိပြုမိခဲ့လေသည်။

"ငါ့ရဲ့ နတ်မိစ္ဆာအင်ပါယာကို ဘယ်သူက ကျူးကျော်ဝံ့တာလဲ" အင်ပါယာနန်းတော်ထဲမှ ဒေါသတကြီးအော်သံတစ်သံ ထွက်ပေါ်လာပြီးနောက် အစွမ်းထက်အရှိန်အဝါမြောက်များစွာက ယန်ယွဲ့ဆီကို ကျရောက်လာသည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး

ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ သူ့ရှေ့တွင်

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ

ပေါ်လာပြီး ပတ်ဝန်းကျင်ရှိမြင်ကွင်းဟာ

ချက်ချင်းပြောင်းလဲသွားသည်။

ဤအခိုက်အတန့်တွင်

နတ်မိစ္ဆာအင်ပါယာရှိလူတိုင်း

တုန်လှုပ်သွားကြသည်။

ဘာတွေဖြစ်နေတာလဲ...

အားလုံးက တုန်လှုပ်သွားသလို

အကြောင်းအရင်းအား

သိချင်နေကြသည်။

တစ်ချိန်တည်းမှာပင်

အင်ပါယာနန်းတော်ထဲမှ

မရေမတွက်နိုင်သော အော်ရာများ

ကောင်းကင်ယံသို့ လွင့်ပျံလာပြီး ယန်ယဲ့ ဆီသို့ ဦးတည်လာကြသည်။

ယန်ယဲ့က သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ပြီး နတ်ဓားကို အဝေးဆီသို့ ပစ်လွှတ်လိုက်သည်။ ထို့နောက်တွင် အထက် ကြယ်တာယာကောင်းကင်ပြင်မှ မရေမတွက်နိုင်သော ကြယ်ဓားစွမ်းအင်များ ဖြာထွက်လာခဲ့တော့သည်။

အကယ်၍ ယန်ယဲ့ သာ

အမိန့်ပေးလိုက်ရုံနှင့်

ကြယ်ဓားစွမ်းအင်များ ချက်ချင်း

ဆင်းသက်လာပေမည်။

ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

"နတ်မိစ္ဆာအင်ပါယာရဲ့

အိမ်ရှေ့စံမင်းသား ခေနီ၊

ဒီကိုထွက်လာခဲ့ပါ။

ငါတို့တွေ စကားပြောရအောင်"

ထိုစကားသံကြောင့် ကြားလိုက်သူတိုင်း

ဘာပြောရမှန်းမသိတော့ပေ။

May Be:

၁၈၉၉

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၉၉ - ကောင်းကင်ဘုံရှင်

ပြန်လာပါ

ယန်ယဲ့ ပြောပြီး သိပ်မကြာခင်မှာပဲ

အနက်ရောင်ဝတ်ရုံဝတ်အမျိုးသားတစ်

ယောက် ပေါ်လာခဲ့သည်။

၎င်း၏နောက်ကွယ်၌ အဘိုးကြီး ၁၃

ရောက်ရှိကာ အားလုံးက

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများပါ။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ ကို

အချိန်အတော်ကြာ စိုက်ကြည့်ရင်း

“မင်းက ယန်ယဲ့ ပဲ”

ထိုစကားကြားသောအခါ အခြားသော

လူအိုကြီးများအားလုံး

အမူအရာများပြောင်းသွားသည်။

ယန်ယဲ့…

ထိုနာမည် က

ကောင်းကင်တိုက်ကြီးတစ်ခုလုံးမှ

လူတိုင်း သိနေကြသည်။

နောက်ဆုံးတွင် ထိုနာမည်ပိုင်ရှင်သည်

နတ်ဘုရားဖိုးနစ်ကလန်ကို

ပျက်သုဉ်းလုနီးပါးအထိ

တိုက်ခိုက်ခဲ့သော

လူသားကျင့်ကြံသူတစ်ယောက်ပင်မဟု

တ်ပါလား။

ထိုအချိန်တွင် ဆံပင်အပြာရောင်ရှိသော

အမျိုးသမီးက ညော့်ခန်းမအဝင်ဝ၌

ရပ်နေခဲ့သည်။ သူမက ယန်ယဲ့ကို

လှမ်းကြည့်ကာ

တိုးတိုးလေးပြောလိုက်သည် “ဒါဆို သူက

ယန်ယဲ့ ပေါ့။ မထူးဆန်းပါဘူး…”

ယန်ယွဲ့ က သက်လတ်ပိုင်းအမျိုးသားကို စိုက်ကြည့်ကာ "မင်းက ဘယ်သူလဲ" ဟု မေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက “ခေဝူမင်၊ ငါက နတ်မိစ္ဆာအင်ပါယာရဲ့ လက်ရှိဧကရာဇ်ပါ"

"ငါ ခေနီ ကို ရှာနေတာ" ယန်ယဲ့က ထပ်ပြောလိုက်၏ "သူ့ကို ဒီကိုလာဖို့ ပြောပါ"

ခေဝူမင် က "ငါ့သားက မင်းကို ဘယ်လို စိတ်ဆိုးဒေါသထွက်စေလို့ မင်း ငါ့အင်ပါယာအထိ ရောက်လာရတာလဲ သိနိုင်မလား"

ဟူ၍ မေးလေသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “သူက ငါ့ကို မစော်ကားဘူး။ သူနဲ့ တစ်ခုခုတော့ ပြောချင်တယ်”

"မင်း တစ်ခုခု ပြောချင်လို့လား"

ခေဝူမင်၏ မျက်လုံးထောင့်များက အနည်းငယ် လှုပ်ယမ်းသွားကာ "ဒါက မင်းအကြောင်းတွေ ပြောနေတာလား"

ယန်ယဲ့က သူ၏ဉာဏ်လက်ကို ဝှေ့ယမ်းပြီး ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို ဖယ်လိုက်သည်။

သိပ်မကြာလိုက်ဘဲ ပတ်ဝန်းကျင်က ပုံမှန်ပြန်ဖြစ်သွား၏။ ထိုအခါမှသာ လူတိုင်း သိသိသာသာ ငြိမ်သွားသည်။

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ။

ထိုအရာက သူတို့

အလွန်ကြောက်ရွံ့သည့်လူသတ်လက်န

က်တစ်ခုပင်။

အကယ်၍ ယန်ယဲ့သာ

ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို

နတ်မိစ္ဆာအင်ပါယာ တစ်ခုလုံး

လွှမ်းခြုံလိုက်သည်နှင့် သေချာပေါက်

ပျောက်ကွယ်သွားရပေမည်။ ထို့အပြင်

ယန်ယဲ့က

သူ၏လျှို့ဝှက်ဆန်းကြယ်သော

မီးတောက်ကို လွှတ်လိုက်လျှင် မြို့ကို

မပြောဘဲ

နတ်မိစ္ဆာနယ်မြေကြီးတစ်ခုလုံးပင်

ပျောက်ကွယ်သွားပေမည်။

ယန်ယဲ့က "ငါ့ရဲ့ရှိုင်းစိုင်းမှုအတွက်

ငါတောင်းပန်ပါတယ်။ စီနီယာခေ၊

ကျေးဇူးပြုပြီး

မင်းရဲ့အိမ်ရှေ့မင်းသားနဲ့တွေ့ခွင့်ပေးပါ။

သူနဲ့ပြောစရာရှိတယ်"

"ယန်ယွဲ့၊ သူက ညာဏ်ကြီးတဲ့သူပဲ”

အမျိုးသမီးက

ပါးစပ်ထောင့်မှာအပြုံးတစ်ခုပေါ်လာလေ

သည်။ သူမက ယန်ယွဲ့၏

ရည်ရွယ်ချက်ကို သဘာဝကျကျသိနေ

သောကြောင့်ပါ။ အစောပိုင်းက

ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို

ထုတ်ဖော်လိုက်သည့်အကြောင်းအရင်း

ဟာ နတ်မိစ္ဆာအင်ပါယာ နှင့်

စကားပြောပိုင်ခွင့်ရလိုသောကြောင့်ပင်။

ယန်ယဲ့ သာ

အရင်ဦးဆုံးဖိနှိပ်မထားလျှင် နတ်မိစ္ဆာအ

င်ပါယာက ဂရုပင်စိုက်နေမည်မဟုတ်ပေ။

ရိုးရှင်းစွာပြောရလျှင် ယန်ယဲ့ သည်

ဆွေးနွေးခြင်းမပြုခင်

အရင်ဆုံးအင်အားပြထားခဲ့သည်။

ခေဝူမင် က ယန်ယဲ့ ကို
ကြည့်လိုက်ပြီးနောက် ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။သိပ်မကြာလိုက်ပါ၊
သူ့ရှေ့မှ အာကာသပြင်က
တုန်လှုပ်သွားပြီး လူငယ်တစ်ယောက်
ပေါ်လာသည်။

လူငယ်က နတ်မိစ္ဆာအင်ပါယာ၏

အိမ်ရှေ့စံမင်းသား ခေနီ ပင်။ ဒီအချိန်မှာ

ခေနီက

ယန်ယွဲ့ကို စိုက်ကြည့်ကာ "မင်းငါ့ကို

ဘာလို့ရှာနေတာလဲ ငါသိနိုင်မလား"

ဟုပြောလိုက်သည်။

ယန်ယွဲ့က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "မင်း

နတ်ဘုရားဖီးနစ်မျိုးနွယ်ရဲ့ မင်းသမီး မိုရှောင်းလန် ကို ဖမ်းလိုက်တာ မဟုတ်လား"

ခေနီ၏ အမူအရာက အနည်းငယ်ပြောင်းသွားပြီး "မင်းဒီမှာ သူ့ကြောင့်လား"

ယန်ယဲ့က “ငါ သူမအတွက် ဒီမှာ မရှိပါဘူး။ မင်းက သူ့ဆီကနေ

သတ္တဝါတစ်ယောက်ရဲ့ အသိစိတ်ကို

ရခဲ့တယ်

မဟုတ်လား"ဟုထပ်မေးလိုက်သည်။

ခေနီက ခေါင်းညိတ်သည်။

ယန်ယွဲ့က သူ၏လက်သီးများကို

ဖြည်းညှင်းစွာ ဆုပ်လိုက်ပြီး

"အဲဒီအသိစိတ်က ငါ့မိတ်ဆွေပဲ။ သူ့ကို

ငါ့ဆီ ပြန်ပေးပါ၊ အဆင်ပြေလား"

ခေနီ က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ခေဝူမင်ကို

လှည့်ကြည့်လိုက်သည်။ ခေဝူမင် က

"သူ့ကို

ပြန်လိုက်ပေးပါ"ဟုပြောလေသည်။

ယန်ယဲ့က နတ်မိစ္ဆာအင်ပါယာ သို့

ရောက်လာလာချင်း

ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို

အသက်သွင်းခဲ့၏။

ထိုအရာက

တမင်ခြိမ်းခြောက်လိုက်ကြောင်း

သိသာလေသည်။

အကယ်၍ ယန်ယွဲ့

တောင်းဆိုသည့်အတိုင်း

လက်ခံလိုက်လျှင် နတ်မိစ္ဆာအင်ပါယာက

မျက်နှာပျက်သွားမည်မှာသေချာပေသည်

။

သို့သော်လည်း မျက်နှာပျက်သည်က

ဘာတန်ဖိုးမှမရှိပေ။ လက်ရှိသူတို့ရှေ့မှ

လူက

ပုံမှန်မဟုတ်သောအရူးတစ်ယောက်ပါ။

ထိုအရူးက နတ်ဘုရားဖီးနစ်ကလန် ကိုပင်

ဖျက်ဆီးပုံ့လေရာ နတ်မိစ္ဆာအင်ပါယာကို

ကြောက်နေမည်လော။

အကယ်၍ ခေဝူမင် ငြင်းလိုက်သည်နှင့်
ယန်ယဲ့ သည် နတ်မိစ္ဆာအင်ပါယာကို
သေချာပေါက် တိုက်ခိုက်ပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ
သေးငယ်သောကိစ္စလေးတစ်ခုအတွက်
ကြောင့် နတ်မိစ္ဆာအင်ပါယာ က
ယန်ယဲ့အား စော်ကားလိုစိတ်မရှိခဲ့ပေ။

ခေဝူမင်၏ စကားကိုကြားသောအခါ

ခေနီ က ခေါင်းညိတ်လိုက်ပြီး

သူ့လက်ဝါးကို

လှန်လိုက်သည်။ သူ့လက်ပေါ်၌

အဖြူရောင်ကျောက်စိမ်းသေတ္တာတစ်လုံး

ပေါ်လာသည်။ ထို့နောက် သူ့လက်ကို

အနည်းငယ်လှုပ်ကာ ယန်ယွဲ့အား

လွှဲပေးလိုက်၏။

ယန်ယဲ့၏မျက်လုံးများက

ကျောက်စိမ်းသေတ္တာကို

စိုက်ကြည့်နေရင်း

လက်များတဖြည်းဖြည်း

တုန်ရီလာသည်။အချိန်တော်တော်ကြာပြီး

မှ ကျောက်စိမ်းသေတ္တာကို ဖြည်းညှင်းစွာ

ဖွင့်လိုက်၏။ ထိုအခါ အထဲ၌ မြူမှုန်ကဲ့သို့

ထင်ရသည့် အလင်းတန်း

ဖြူဖြူကြီးတစ်ခု ရှိနေသည်။

ယန်ယဲ့က သူ၏စိတ်အာရုံအသိကို

ခန္ဓာကိုယ်ထဲ ပို့လိုက်ပြီး

"ကောင်းကင်ငယ်၊

ဒါပဲလား"ဟုမေးလိုက်သည်။

“ဟုတ်တယ်” ကောင်းကင်ငယ်က

“ကံကောင်းတာက သူ့အသိစိတ်က

မပျက်စီးဘူး။ ဒီကို ပို့လိုက်ပါ၊

သူ့ခန္ဓာကိုယ်ထဲကို ပြန်ပေါင်းစည်းဖို့

ကူညီပါ့မယ်"

ယန်ယဲ့က သက်ပြင်းချကာ ကျောက်စိမ်းသေတ္တာကို မူလစေတီထဲသို့ အမြန်ပို့လိုက်သည်။ ထို့နောက် ခေနီ ကို လှမ်းကြည့်ကာ "ကျေးဇူးတင်ပါတယ်"ဟု ပြောလိုက်သည်။

တစ်ဆက်တည်း ခေဝူမင် ကိုလှည့်ကြည့်ရင်း "အခုနတုန်းက

ငါ့အပြစ်အတွက်

ခွင့်လွှတ်ပါ။ နှုတ်ဆက်ခဲ့ပါတယ်”

ခေဝူမင် က ရုတ်တရက်တားလိုက်သည်

"ခဏနေပါဦး"

ယန်ယွဲ့က ခေဝူမင် ကို

လှည့်ကြည့်လိုက်သည်။

ထိုအချိန်မှာ ညော့ခန်းမအဝင်၌ ရပ်နေသည့်အမျိုးသမီးက “ငါတို့ စကားပြောလို့ရမလား။ အဲဒါက နင်နဲ့ သက်ဆိုင်တယ်၊ နင့်အတွက် အထောက်အကူဖြစ်သင့်တယ်"ဟုရုတ်တရက်ပြောလေသည်။

"ငါနဲ့သက်ဆိုင်နေတာလား" ယန်ယဲ့က ခဏကြာစဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

ညော့ခန်းမထဲ၌

လူသုံးယောက်သာရှိနေ၏။ ခေဝူမင်၊

ယန်ယွဲ့ နှင့် ဆံပင်အပြာရောင်

အမျိုးသမီး တို့ပါ။

ခေဝူမင်က “သူမက ပင်လယ်မျိုးနွယ်ရဲ့

ဘိုးဘေး ဟိုင်လျန်ရှင်း လို့ခေါ်တယ်"ဟု

မိတ်ဆက်ပေးသည်။

ပင်လယ်မျိုးနွယ်ရဲ့ ဘိုးဘေး လား....

ယန်ယဲ့က

ဆံပင်အပြာရောင်အမျိုးသမီးကို

မော့ကြည့်လိုက်သည်။ ထိုအမျိုးသမီးက

ပင်လယ်မျိုးနွယ်၏

ဘိုးဘေးဖြစ်နေမည်ဟု

မမျှော်လင့်ထားပေ။ ပင်လယ်မျိုးနွယ်

ကနတ်ဆိုးမျိုးနွယ်နှင့်

လူသားမျိုးနွယ်ထက်

အားနည်းသည်မဟုတ်ပေ။ အရေးအကြီး
ဆုံးကတော့ ပင်လယ်မျိုးနွယ် ဟာ
စည်းလုံးညီညွတ်သော
အင်အားစုကြီးတစ်ခုပင်။ သို့သော်လည်း
အခြားသော မျိုးနွယ်စုများအတွက်
ကြီးမားသော
ခြိမ်းခြောက်မှုမဟုတ်ပေ။ အဓိက
အကြောင်းအရင်းမှာ ပင်လယ်ပြင်မှာ
မဟုတ်လျှင် ပင်လယ်မျိုးနွယ်၏

ခွန်အားက သိသိသာသာ

ကျဆင်းသွားခြင်းပင်။

ဟိုင်လျန်ရှင်း က ယန်ယဲ့ ကို

စိုက်ကြည့်ရင်း ပြုံးပြီး "နင့်ရဲ့

ကြီးကျယ်ခမ်းနားတဲ့အကြောင်းတွေကို

ငါကြားမိတယ်"ဟူ၍ ပြောလေသည်။

ယန်ယဲ့ သည် နတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်သာ

ဖြစ်သည့်တိုင် ကောင်းကင်တိုက်ကြီးမှ

လူတိုင်း မည်သူမျှ

အထင်အမြင်မသေးဝံ့ကြပေ။

လက်ရှိအချိန်တွင် ယန်ယွဲ့ကိုယ်တိုင်က

ကြယ် ၈ ပွင့်အဆင့် အင်အားစုနှင့်

ညီမျှသည်။ မဟုတ်ပါ၊ ထိုလူက ကြယ် ၈

ပွင့်အဆင့် အင်အားစုထက်တောင်

ပိုပြီးကြောက်စရာကောင်းခဲ့သည်။

ယန်ယွဲ့က "မင်းက

သဘောအရမ်းကောင်းတာပဲ"ဟု

ပြောလိုက်သည်။

ထို့နောက် ခေဝူမင် ကို စိုက်ကြည့်ပြီး

“မင်း ဘာပြောချင်လဲ ငါ သိနိုင်မလား”

ခေဝူမင် နှင့် ဟိုင်လျန်ရှင်း

တို့နှစ်ယောက်ဟာ

အကြည့်ချင်းဖလှယ်လိုက်ကြသည်။ ခ

ကာအကြာတွင် ခေဝူမင် က

"ငါ့နတ်မိစ္ဆာမျိုးနွယ် နဲ့

ပင်လယ်မျိုးနွယ်က မင်းနဲ့ပတ်သက်တဲ့

အချက်အလက်နည်းနည်းလောက်ရခဲ့တ

ယ်။ အဲဒီအထဲမှာ လျှို့ဝှက်ဆန်းကြယ်တဲ့

အင်အားစုတစ်ခုက မင်းကို

ပစ်မှတ်ထားနေတာ သိလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

“နည်းနည်းသိတယ်”

ခေဝူမင် က "ဘယ်သူလဲဆိုတာ
မင်းသိလား"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
“မဟုတ်ဘူး၊ ဘာကြောင့်လဲ။ မင်းတို့နှစ်
ယောက်လုံး
ဘာလို့အဲ့လောက်စိတ်ပူနေရတာလဲ"

ခေဝူမင် က ခေါင်းခါလိုက်ပြီး "ဒီအင်အားစုက မင်းကို ပစ်မှတ်မထားဘူး။ ငရဲခန်းမ ကို ပစ်မှတ်ထားနေတာ" ဟုပြန်ပြောသည်။

"ငရဲခန်းမ..." ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး “အကြီးအကဲ၊ ပွင့်ပွင့်လင်းလင်းပြောလို့ရမလား။ မင်းပြောခဲ့တဲ့စကားကြောင့် ငါတော်တော်ရှုပ်နေပြီ"

ထိုအတောအတွင်း ဟိုင်လျန်ရှင်း က

ရုတ်တရက် ပြောခဲ့သည်

"နတ်ဆိုးမျိုးနွယ်ကို ငရဲခန်းမ နဲ့

ရန်သူတွေဖြစ်လာအောင်

နင့်ကိုအသုံးချခဲ့တာပဲ။

ကံကောင်းသွားတယ်လို့ဆိုရမှာပေါ့။

နတ်ဆိုးမျိုးနွယ်ရဲ့ လူအိုကြီးတွေက

မိုက်မဲနေတာမျိုးမဟုတ်တော့ သူတို့

ဆင်ထားတဲ့ ထောင်ချောက်ထဲကို

ကျမသွားခဲ့ဘူးလေ။ အဲဒါနဲ့ပတ်သက်ပြီး

ငါတို့ အရမ်းစိုးရိမ်ရတဲ့

အကြောင်းရင်းကတော့ ငရဲခန်းမ နဲ့

နည်းနည်းဆိုင်နေလို့ပါ”

"မင်းနဲ့နည်းနည်း

သက်ဆိုင်တယ်" ယန်ယဲ့က

အံ့သြသွားသည် "တကယ်လား"

ဟိုင်လျန်ရှင်း က "ရေခဲကောရီ က ငါ့ပင်လယ်မျိုးနွယ်ကလေ။ ပြီးတော့ အမှောင်ကောရီ ကလည်း နတ်ဆိုးမျိုးနွယ်ထဲကပါ"

ဤတစ်ကြိမ်တော့ ယန်ယွဲ့ က အတော်လေးကို ထိတ်လန့်သွားမိသည်။ ရေခဲကောရီ က ပင်လယ်မျိုးနွယ်ဝင်တစ်ယောက် ဖြစ်နေသည်ကိုတော့ သိပ်ပြီးမအံ့သြပေ။

အကြောင်းကတော့ သူတို့နှစ်ယောက်

ပထမဆုံးအကြိမ် တွေ့ခဲ့စဉ်က

ပင်လယ်မျိုးနွယ်ဝင်

ဖြစ်နေခဲ့သည်မဟုတ်ပါလား။

သို့သော် အမှောင်ကေရီ ဟာ

နတ်ဆိုးမျိုးနွယ်မှ ဖြစ်မည်ဟု သူ

မမျှော်လင့်ထားပေ။

တစ်ချိန်တည်းမှာပဲ ခေဝူမင် က

“မျက်မမြင်မိန်းမပျို က

ငါ့ရဲ့နတ်ဆိုးမျိုးနွယ်ကဖြစ်ပေမဲ့

ငါတို့ကြားမှာ ဆက်စပ်မှုမရှိဘူး။ ဒါကို

အာရုံစိုက်ရတဲ့ အကြောင်းအရင်းကတော့

အဲဒီအင်အားစုက တခြားအစီအစဉ်တွေ

ထပ်ပြီး အသုံးချသွားမှာကို

စိုးရိမ်တယ်။ အဲဒီအင်အားစုက

နတ်ဆိုးမျိုးနွယ်ကို ငရဲခန်းမ နဲ့တိုက်ပွဲမှာ

ဆွဲခေါ်ချင်နေတာပဲ။ ငါတို့ရဲ့

နတ်ဆိုးမျိုးနွယ်နဲ့ ပင်လယ်မျိုးနွယ်က

မကြောက်ပေမယ့်

တခြားနည်းလမ်းတွေသုံးပြီး

ဆွဲချသွားမှာကို စိုးရိမ်နေတာ”

ဤအထိ ပြောပြီးနောက် ခေဝူမင် က

ခေါင်းခါလိုက်ပြီး “မျိုးနွယ်စုတွေက

နှစ်ပေါင်းများစွာ

ငြိမ်သက်နေခဲ့တယ်။ စစ်ပွဲကြီးစလိုက်

တာနဲ့ နောင်မှာ ဆက်ဖြစ်လာမယ့်
အကျိုးဆက်တွေက မှန်းဆလို့
မရပါဘူး”ဟု ထပ်ပြောခဲ့သည်။

ယန်ယဲ့က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး “အဲဒါကို ငါ
ဂရုမစိုက်ချင်ပါဘူး။ငါ့မိတ်ဆွေကို
ကယ်တင်ချင်တာပဲ”ဟုပြန်ပြောလိုက်သ
ည်။

"နင်က အခုမှ နောက်ဆုတ်ဖို့ အရမ်းနောက်ကျနေပြီ" ဟိုင်လျန်ရှင်း က ဆက်ပြောလိုက်သည် “နင်ဟာ ငရဲခန်းမ နဲ့ အတော်လေးနီးကပ်တယ်။ ဒါဆို ငရဲခန်းမ ချက်ချင်းထွက်လာဖို့ အဲဒီအင်အားစုက နင့်ကို သေချာပေါက် သုံးလိမ့်မယ်။ ဒါ့အပြင် သူတို့တွေ အထက်ကမ္ဘာ ကို တက်လာတာနဲ့ စစ်ပွဲစပြီဆိုရင် နင် ငရဲခန်းမကို

ကူညီမှာမဟုတ်လား။ အဲဒါကို
ငါတို့အားလုံးတောင် သိနေတာလေ။
သူတို့က ဘယ်လိုလုပ်ပြီး
သတိမထားမိဘဲနေပါ့မလဲ”

ယန်ယဲ့က "မင်းတို့နှစ်ယောက်လုံးက
နောက်ကွယ်ကနေ ကြိုးကိုင်နေတဲ့သူ
အကြောင်း
ဘာမှမသိကြဘူးလား"ဟုမေးလိုက်သည်
။

"ငါတို့နည်းနည်းသိတယ်" ခေဝူမင်
က “ငါတို့သိတာတစ်ခုက သူ့ရဲ့
အင်အားတွေက နတ်မိစ္ဆာမျိုးနွယ်နဲ့
ပင်လယ်မျိုးနွယ်တွေအပါအဝင်
တိုက်ကြီးတစ်ခုလုံးကို
လွှမ်းခြုံထားတယ်ဆိုတာပါပဲ။ မင်းဒီမှာ
ရောက်နေတယ်ဆိုတာ
သူတို့သိနေတယ်လို့
ပြောလို့ရတယ်။ အဲဒါ ငါတို့စိုးရိမ်ရတဲ့

အကြောင်းရင်းအမှန်ပဲ။ သူတို့မှာ

မျိုးနွယ်စုအသီးသီးက အင်အားတွေရှိလို့

သူတို့ရဲ့ရည်ရွယ်ချက်က

သာမန်မဟုတ်တာတော့ သေချာပါတယ်”

ဟိုင်လျန်ရှင်း က ခေါင်းခါလိုက်ပြီး

"ငရဲခန်းမ ဒီကိုရောက်တာနဲ့

ဘာကိုဆိုလိုမှန်း

နင်မသိနိုင်ဘူးလေ။ ဆိုလိုတာက

ကမ္ဘာပျက်မယ်။ သူတို့တစ်ယောက်ချင်း

စီက နဂိုအတိုင်း

အင်အားအပြည့်ဖြစ်လာရင်

ကောင်းကင်ဘုံရှင် တောင်မှ

ဖိနှိပ်ထားနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့

အခုအချိန်မှာ ကောင်းကင်ဘုံရှင်

ပျောက်ကွယ်နေတာက

နှစ်အတော်ကြာနေပြီ။ အတိုချုပ်ပြောရရ

င် ငရဲခန်းမ အထက်ကမ္ဘာကို

ရောက်လာတဲ့နေ့က

ကောင်းကင်တိုက်ကြီးကို သွေးမုန်တိုင်း

တိုက်ခတ်တဲ့နေ့ပဲ"

ယန်ယဲ့က ငြိမ်သွားသည်။ ငရဲခန်းမ က

မကြာခင်ရောက်လာပြီး

လက်စားချေပါတော့မည်။ သို့သော်

နောက်ကွယ်မှ ကြိုးကိုင်နေသူဟာ

အလွန်တရာဆန်းကြယ်လှသည်။

ထိုလူက

ကောင်းကင်တိုက်ကြီးတစ်ခုလုံးရှိ

မျိုးနွယ်စုအားလုံးကို

ချိတ်ဆက်ထားသည်။ ထိုအချိန်တွင်

မျိုးနွယ်စုများစစ်ပွဲကြီး

ဖြစ်လာမည်မှာသေချာပါသည်။

မှန်သည်၊ ယန်ယဲ့ အတွက်ကတော့

ငရဲခန်းမ ဖက်ကနေသော

သေချာပေါက်ဝင်ကူရပါမည်။

ယန်ယဲ့က အချိန်အတော်ကြာ

နှုတ်ဆိတ်နေပြီးမှ "ဘာပဲဖြစ်ဖြစ်၊

အဲဒါတွေအားလုံးကို ပြောပြပေးလို့

ကျေးဇူးတင်ပါတယ်။ မင်းတို့

ငါ့ကိုပြသခဲ့တဲ့ ကြင်နာမှုကို

သတိရနေမယ်။ ဒါ့အပြင် ငရဲခန်းမ

အကြောင်း နည်းနည်းသိတယ်။ သူတို့က

လက်စားချေမယ်ဆိုတာ

သံသယမရှိပေမယ့် တိုက်ကြီးကို

ဖျက်ဆီးဖို့အထိတော့

ရည်ရွယ်ချက်မရှိပါဘူး။ သူတို့ရဲ့

ရည်မှန်းချက်က အရမ်းရိုးရှင်းပါတယ်။ အတိတ်က သူတို့ကို ချောက်ထဲရောက်အောင် တွန်းချခဲ့တဲ့ အင်အားစုကိုတင်ပဲ”

ဟိုင်လျန်ရှင်း က အနည်းငယ် ခေါင်းညိတ်ပြပြီး "ယန်ယဲ့၊ နင်က အခု မုန်တိုင်းရဲ့ အလယ်မှာ ရှိနေတယ်။ သတိထားပါ"ဟုထပ်ပြောသည်။

ယန်ယဲ့က ပြုံးပြီး “သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အကြီးအကဲတို့၊ ငါ့မှာ တခြားလုပ်စရာလေးတွေရှိလို့ ဒီမှာပဲနှုတ်ဆက်ပါတယ်"

ထိုစကားပြောပြီးနောက် ယန်ယဲ့က နောက်လှည့်ပြီး ခန်းမထဲကနေ ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ထွက်သွားသည်နှင့် ခေဝူမင် က

" မင်း သူ့အကြောင်း ဘယ်လိုထင်လဲ"ဟု

ရုတ်တရက် မေးလိုက်သည်။

ဟိုင်လျန်ရှင်း က "ထူးထူးခြားခြား

ပါရမီရှင်တစ်ယောက်ပါ"

ခေဝူမင် က ခေါင်းညိတ်ပြီး "သူ့ကို

အချိန်နည်းနည်း ပေးလို့ရင် သူက

တကယ်ကို ထူးထူးခြားခြား

ဖြစ်သွားလိမ့်မယ်"

ဟိုင်လျန်ရှင်း က "တကယ်တော့ သူက

အခုအချိန်မှာတောင်

ထူးထူးခြားခြားပါပဲ"

ခေဝူမင် က သက်ပြင်းချရင်း

“ငရဲခန်းမ...၊

တိုက်ကြီးဟာ နောက်တစ်ကြိမ်

ပရမ်းပတာ

ဖြစ်လာတော့မယ်။ ကောင်းကင်ဘုံရှင်

ပြန်လာမှာလားလို့

တွေးမိတယ်...”ဟူ၍ပြောလိုက်လေသည်

။

"ဖြစ်ကောင်းဖြစ်နိုင်တယ်..." ဟိုင်လျန်ရှ

င်း

က "တကယ်လို့ ကောင်းကင်ဘုံရှင်

ပြန်မလာဘူးဆိုရင် တိုက်ကြီးက

အပိုင်းပိုင်းကွဲသွားလိမ့်မယ်"ဟုပြန်ပြော

ခဲ့သည်။

May Be:

၁၉၀၀

[အဆုံးမဲ့ဓားကမ္ဘာ (အထက်ကမ္ဘာ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၀၀ - လူသားနယ်မြေသို့ အပြန်

ယန်ယဲ့ သည် နတ်မိစ္ဆာအင်ပါယာမှ

ထွက်ခွာလာပြီးနောက်

လုံခြုံသောနေရာတစ်ခုရှာကာ

မူလစေတီထဲကို ဝင်ရောက်လိုက်သည်။

မူလစေတီ ။

ကောင်းကင်ငယ်က နှင်းပွင့်၏

အသိစိတ်ကို ခန္ဓာကိုယ်ထဲသို့

ပြန်လည်ပေါင်းစပ်ရန်
ကူညီပေးနေပါသည်။

အချိန်တော်တော်ကြာပြီးနောက်
နှင်းပွင့်လေး၏ မျက်ခုံးများက
အနည်းငယ်လှုပ်လာသည်။ နောက်ထပ်
အနည်းငယ်အကြာမှာတော့
မျက်လုံးသေးသေးလေးများက
ဖြည်းညှင်းစွာဖွင့်လာသည်။

ထိုမြင်ကွင်းကိုမြင်လိုက်သောအခါ

ယန်ယဲ့၏မျက်လုံးထဲမှ မျက်ရည်များ

ချက်ချင်းစီးကျလာသည်။

အလားတူပင်၊ ယန်ယဲ့ကို

တွေ့လိုက်သည်နှင့် နှင်းပွင့်လေး၏

မျက်လုံးသေးသေးလေးများက

ချက်ချင်းပင် ပြုံးကျယ်သွားသည်

။ သူမလေးက

မယုံကြည်နိုင်ဖြစ်နေပုံရသည်။ သူမ၏

လက်သည်းလေးများဖြင့်

မျက်လုံးလေးကို ပွတ်သပ်နေလေသည်။

သိပ်တော့မကြာလိုက်ပါ၊ ယန်ယွဲ့

ဖြစ်နေမှန်း အတည်ပြုပြီးနောက်

မျက်လုံးသေးသေးလေးနှစ်လုံးမှ

မျက်ရည်များ စီးကျလာကာ

ချက်ချင်းပင် သူ့ရင်ခွင်ထဲသို့

ခုန်ဝင်လာသည်။

ယန်ယဲ့က သူမ၏ခေါင်းလေးကို
ညင်သာစွာ ပွတ်သပ်ရင်း "အခု
အဆင်ပြေပါတယ်။အခုအဆင်ပြေပါတ
ယ်"ဟုပြောရင်း နှစ်သိမ့်ပေးလိုက်သည်။

နှင်းပွင့်လေးက ယန်ယဲ့၏ လည်ပင်းကို
တင်းတင်းကြပ်ကြပ် ဖက်ထားပြီး
သူမ၏ခေါင်းလေးနှင့်
အဆက်မပြတ်ပွတ်တိုက်ရင်း
မျက်ရည်များ အဆက်မပြတ်

စီးကျလာသည်။ သူမလေးက ယန်ယဲ့ကို လွှမ်းနေပုံပါ။

ကောင်းကင်ငယ်က နှင်းပွင့်လေးကို ခဏစိုက်ကြည့်နေပြီး “ဒီဝိညာဉ်အင်ပါယာက အရမ်းထူးခြားတယ်။ သူမ ငိုရတာကို သဘောကျတယ်။ အိုး၊ မှန်တယ်။ ဒီကောင်က ကလေးပဲရှိသေးတာ”

နှင်းပွင့်လေးက ငိုကြွေးရင်းပင် ယန်ယဲ့၏
ရင်ခွင်ထဲမှာပဲ အိပ်ပျော်သွားခဲ့လေသည်။

ယန်ယဲ့၏မျက်နှာက နာကျင်မှုအပြည့်ပါ။
သူ့လက်က နှင်းပွင့်လေး၏ခေါင်းလေးကို
ညင်သာစွာ ပွတ်သပ်လိုက်ပါသည်။
သူမလေးက အလွန်ကြောက်တတ်သည်။
ဤအတောအတွင်း

နတ်ဘုရားဖီးနစ်ကလန်က

အတင်းအကြပ်ချုပ်နှောင်ထားလေရာ

မည်မျှထိတ်လန့်နေမည်ကို

စိတ်ကူးကြည့်နိုင်သည်။

နတ်ဘုရားဖီးနစ်ကလန် ။

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ထွက်ပေါ်လာသည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က
လက်ကို ရုတ်တရက်ဆန့်ပြီး
ယန်ယဲ့၏ပခုံးပေါ်
တင်လိုက်သည်။ ထိုခဏလေးမှာပဲ
ယန်ယဲ့ ထံမှ ထွက်ပေါ်နေသော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ
သူ့ခန္ဓာကိုယ်ထဲကို ပြန်ဝင်သွားသည်။

ကောင်းကင်ငယ်က “လက်ရှိရလာဒ်က
အရမ်းကောင်းပါတယ်။ တကယ်လို့ နင်

လက်စားချေဖို့လုပ်ရင်
နတ်ဘုရားဖီးနစ်ကလန်က
သေတဲ့အထိတိုက်ခိုက်မှာပဲ။ နှစ်ဖက်လုံး
ပျက်စီးလုနီးပါးဖြစ်တဲ့အထိ
ဖြစ်သွားလိမ့်မယ်။ ကလဲ့စားချေဖို့ကြိုး
စားရင် ဒါဟာ ရလာဒ်ပဲလေ။ ဒါ့အပြင်
အောက်ဘုံ မှာရှိတဲ့ နင့်မိတ်ဆွေတွေ၊
နင်နဲ့ရင်းနှီးတဲ့သူတွေပါ အကုန်လုံး
ဒုက္ခရောက်နိုင်တယ်။

ဒါဟာ နင်လိုချင်တာတော့

လုံးဝမဟုတ်ဘူးထင်ပါတယ်"

ယန်ယဲ့ သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားပြီး

တိတ်ဆိတ်နေခဲ့သည်

ထိုအတောအတွင်း ကောင်းကင်ငယ်က

ဆက်ပြောခဲ့သည်  "နင်

အဆုံးမသတ်ချင်ဘူးဆိုတာ

သေချာပါတယ်။ ဒီကောင်ငယ်လေး

အသက်ရှင်နေသေးတဲ့အတွက် နင့်ရဲ့

တခြားမိတ်ဆွေက

အသက်ရှင်နေသေးရင်တော့

လက်စားချေဖို့မလုပ်သင့်ဘူးထင်ပါတယ်

။ ပြီးတော့ လက်ရှိမှာ နင်က သူ့အတွက်ပဲ

ဂရုစိုက်သင့်တယ်။ သူမကို

ဘယ်လိုရှာရမလဲ၊

နတ်ဘုရားဖီးနစ်ကလန် ကို

အာရုံမစိုက်ဘဲ ပစ်ထားလိုက်သင့်တယ်”

"ဇီအာ..." ယန်ယဲ့က မျက်လုံးဖွင့်ပြီး

ကောင်းကင်ငယ်ကို စူးစိုက်ကြည့်ကာ

"ကောင်းကင်ငယ်၊ မင်းငါ့အတွက်

ရှာပေးနိုင်မလား"ဟုမေးလိုက်သည်။

ကောင်းကင်ငယ်က ခေါင်းခါလိုက်ပြီး

"သူမက ဘယ်သူမှန်းတောင်

မသိတော့ဘူး၊ သူ့ကို ဘယ်လိုရှာရမလဲ"

"ငါ့ကိုကြည့်ပါ" ယန်ယဲ့က

“ငါ့ရဲ့အတိတ်ကို ကြည့်ပြီး

သူ့ကိုလိုက်ရှာ”ဟုထပ်ပြောလိုက်သည်။

ကောင်းကင်ငယ်က

မျက်လုံးပြူးကြည့်ကာ “ဒါက

ဘယ်လိုမျိုး စိတ်ကူးလဲ။ ငါရဲ့

ဒီစွမ်းရည်က လူတစ်ယောက်ရဲ့

အတိတ်ဘဝကိုမြင်နိုင်ရုံသက်သက်ပဲလေ

။ ဒါကို

အသေးစိတ်မြင်နိုင်တာတော့မဟုတ်ဘူး။

အရင်တုန်းကတော့ ဖြစ်နိုင်ပေမယ့်

အခုချိန်မှာတော့ လုပ်နိုင်မယ်

မထင်ဘူး”ဟုပြန်ပြောလေသည်။

ယန်ယဲ့က "မင်းက နှင်းပွင့်လေးကို ရှာမတွေ့လို့လား"

ကောင်းကင်ငယ်က ခေါင်းခါလိုက်သည် “ဒါက မတူပါဘူး။ ဒီကောင်ငယ်လေးက ဝိညာဉ်အင်ပါယာလေ။ ဝိညာဉ်အင်ပါယာရဲ့ အငွေ့အသက်ကို ငါ ကောင်းကောင်းသိတယ်။ ဒါ့အပြင် သူမက အဲဒီနေရာမှာရှိနေတော့ ရှာဖို့လွယ်တယ်။ ဒါပေမဲ့ နင့်ရဲ့

မိတ်ဆွေက... ငါ... ငါ သူ့ကို ရှာမတွေ့

တော့ဘူး"

ထိုအချိန်တွင် နှင်းပွင့်လေးက

မျက်လုံးကိုဖွင့်လိုက်ပြီး ခြေသည်းများကို

ဝှေ့ယမ်းလိုက်တော့သည်။

ယန်ယဲ့၏ အမူအရာက ပြောင်းသွားပြီး

"ဇီအာကို ဘယ်သူခေါ်သွားတာလဲ

သိလား"

နှင်းပွင့်လေးက ခေါင်းညိတ်ပြပြီး သူမ၏လက်သည်းလေးများကို ထပ်မံ ဝှေ့ယမ်းလိုက်ပါတော့သည်။

ယန်ယဲ့က “ဒါက မိန်းမတစ်ယောက်လား” ဟု မေးသည်။

နှင်းပွင့်လေးက ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က နှင်းပွင့်လေးကို

လက်နှစ်ဖက်ဖြင့်

အပေါ်မြှောက်ပေးလိုက်ရင်း "ဇီအာရဲ့

အငွေ့အသက်ကို မင်းနားလည်နိုင်မလား"

ဟုထပ်မေးကြည့်လိုက်သည်။

နှင်းပွင့်လေးက ခေါင်းယမ်းကာ

ခြေသည်းများကို အနည်းငယ်

တွေ့ယမ်းလိုက်သည်။

ယန်ယဲ့က

မျက်နှာပျက်သွားသည်။အတိတ်မှာတော့

နှင်းပွင့်လေးက သိနိုင်၏။ သို့သော်

လက်ရှိတွင် မသိနိုင်တော့ပေ။

တစ်နည်းအားဖြင့် ဇီအာ ကို

ခေါ်ဆောင်သွားသူက

သူမ၏အငွေ့အသက်ကို

ဖုံးကွယ်ထားခြင်းပင်။

"ဇီအာ ကို ဘယ်သူခေါ်သွားတာလဲ။

ဒီလူက ဘာလိုချင်လို့

ဒါမျိုးလုပ်ရတာလဲ" ယန်ယဲ့က

မျက်မှောင်ကြုတ်လိုက်သည်။

ထိုအတောအတွင်း ကောင်းကင်ငယ်က

ပြောပါသည် "အရမ်းစိုးရိမ်နေဖို့

မလိုပါဘူး။ နင့်ရဲ့ မိတ်ဆွေကို

မသတ်သေးဘဲနဲ့

ဖမ်းခေါ်သွားတာလောက်ပဲထင်တယ်။

ဒါဆို သူတို့မှာ

တခြားအစီအစဉ်တွေရှိနေဦးမှာသေချာ

တယ်။ ဒီတော့ သူမက အခုအချိန်မှာ

အန္တရာယ်မရှိလောက်သေးဘူး။  တကယ်

တော့ ကိုယ့်ကိုယ်ကို

ပိုစိုးရိမ်သင့်တယ်။ နင့်ရဲ့ မိတ်ဆွေကို

နင့်ကြောင့် ဖမ်းသွားတာ ဖြစ်နိုင်တယ်"

"ငါ့ကြောင့်လား..."

ယန်ယဲ့က အံ့အားသင့်သွားပြီးနောက်

တစ်ခုခုကို တွေးမိသည့်အလား

မျက်နှာပျက်သွားခဲ့သည်။

ဆန်းကြယ်သော အင်အားစုတစ်ခုက

သူ့အား ပစ်မှတ်ထားနေခဲ့သည်ကို

သတိရမိသည်။ ထိုအမျိုးသမီးက

အဆိုပါအင်အားစုမှ

ဖြစ်နိုင်ချေများနေ၏။

ကောင်းကင်ငယ်က “ဟော့၊

ကောင်းကင်ငယ်နဲ့ တခြားသူတွေကို

ခေါ်လိုက်မယ်လေ။ ပြီးတော့ နင့်ကို

တခြားစကြဝဠာဆီ ပို့ပေးဖို့

ပြောလိုက်ရမလား"ဟူ၍

ရုတ်တရက်ပြောလေသည်။

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"ဟု

မေးလိုက်သည်။

"လူမိုက်..." ကောင်းကင်ငယ်က

သူမ၏မျက်လုံးကို မှိတ်ထားရင်

“အခုလက်ရှိ နင်က

အရမ်းအန္တရာယ်များတဲ့ အခြေအနေမှာ

ရှိနေတယ်။ ဒါဆို နင့်ကို ဒီကနေ

ထွက်သွားခိုင်းလိုက်မယ်။ ဒီမှာ

အရာအားလုံး ပြီးသွားတဲ့အခါကျရင်

နင့်ကို ပြန်လာခွင့်ပြုတာက ပိုလုံခြုံမှာ

မဟုတ်ဘူးလား"

"အဲဒါက ဘယ်လို အကြံလဲ" ယန်ယဲ့က ခေါင်းခါလိုက်သည် “ရှောင်ပြေးတာက တော်တော်ဆိုးတဲ့ လုပ်ရပ်တစ်ခုပဲ။ ဘဝမှာ အခက်အခဲတွေကို ရှောင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အခက်အခဲတွေရှေ့မှာ ထွက်ပြေးဖို့ ရွေးချယ်လိုက်ရင် ငါတို့ဘဝက ဘာမှဖြစ်မလာနိုင်ဘူး"

"ဘယ်လောက်မိုက်မဲတဲ့ စည်းမျဉ်းတွေ

ပါလိမ့်"

ကောင်းကင်ငယ်က သူမ၏နှုတ်ခမ်းများ

ကို ကိုက်လိုက်ပြီး "ဒါဆို နင်အခု

ဘာလုပ်ဖို့

စိတ်ကူးထားလဲ"ဟုပြောလိုက်သည်။

ယန်ယွဲ့က ခဏလောက်စဉ်းစားပြီး

"အကူအညီရှာရမယ်"

ဟုပြောလိုက်သည်။

နှင်းပွင့်လေးက

ယန်ယွဲ့၏လက်နှစ်ဖက်ထဲသို့

ချက်ချင်းခုန်ဝင်လာပြီး သူ့ကို

တင်းတင်းကြပ်ကြပ်ဖက်ထားလိုက်သည်

။

ဆိုလိုသည်မှာ သူမလေးက ယန်ယွဲ့နှင့်

အတူလိုက်ပါချင်နေသည်ဟု

ပြောနေခြင်းပင်။

ယန်ယဲ့က  သူမ၏ ခေါင်းကို ညင်သာစွာ

ပွတ်သပ်ကာ "စိတ်မပူပါနဲ့။ ငါတို့ကို

ဘယ်သူမှ ထပ်ခွဲခွင့် မပေးတော့ဘူး"

ဟုပြောပြီး နှင်းပွင့်လေးကို ပွေ့ချီရင်း

နေရာမှာတင် ပျောက်ကွယ်သွားသည်။

ထို့နောက် အပြင်လောကကို

ပြန်ထွက်လာခဲ့သည်။

ကောင်းကင်ငယ်က ခေါင်းခါပြီး

တိုးတိုးလေးပြောလိုက်သည်

"ဝိညာဉ်အင်ပါယာ က အဲဒီလူကို

တကယ်သဘောကျနေတာပဲ။

ဝိညာဉ်အင်ပါယာတွေက

ငြိမ်းချမ်းရေးကို

နှစ်သက်တာမဟုတ်ဘူးလား။ အို၊

မဟုတ်ဘူး၊ အဲဒီလူက ဝိညာဉ်အင်ပါယာ

ကို

မကောင်းတဲ့အကြောင်းတွေသင်ပေးနေ

ဦးမယ်။ မဟုတ်ဘူး၊ ဒီလိုဖြစ်လာဖို့

လုံးဝခွင့်မပြုနိုင်ဘူး"

ထိုစကားပြောပြီးသည်နှင့်

သူမ၏မျက်လုံးများက

တင်းမာသောအမူအရာဖြင့်

ပြည့်နေနက်သွားကာ လက်သီးများကို

တင်းတင်းဆုပ်ထားသည်။

...

ယန်ယဲ့ သည် အပြင်လောကကို

ပြန်ထွက်လာပြီးနောက် သူ့ရင်ခွင်ထဲ၌

နှင်းပွင့်လေးကို ပွေ့ဖက်ထားလျက်

လူသားနယ်မြေကိုပြန်လာခဲ့သည်။

ဒီအချိန်မှာ ကောင်းကင်ငယ်

ပြောသည့်စကားက မှန်သည်ဟု

ခံစားမိလိုက်သည်။

ဇီအာကို ဖမ်းခေါ်သွားသည့်

အမျိုးသမီးဟာ

ဆန်းကြယ်သောအင်အားစု၏

တစ်စိတ်တစ်ပိုင်း

ဖြစ်နိုင်သောကြောင့်ပါ။ ထိုအင်အားစုက

သူ့အတွက်ကြောင့် ဇီအာကို

ဖမ်းခေါ်သွားခြင်းသာ။ သို့သော်

ထိုအင်အားစုက

မည်သည့်ရည်ရွယ်ချက်များ

ရှိနေသည်ကိုတော့ တွေးကြည့်လို့မရပေ။

မည်သို့ပင်ဖြစ်စေကာမူ လက်တလော

သူ့အတွက် အရေးကြီးဆုံးက

နောက်ကွယ်မှကြိုးကိုင်နေသူကို

ရှာဖွေဖို့သာ။

သို့သော်၊ သူသည် အထက်ကမ္ဘာသို့ တက်ရောက်လာသည့် လူသစ် ဖြစ်လေရာ အဆက်အသွယ် မရှိခဲ့ပေ။

အမှန်စင်စစ် ယန်ယဲ့က ငရဲခန်းမ ကို လိုက်ရှာချင်နေပါသည်။ အကြောင်းကတော့ ငရဲခန်းမ သာလျှင် သူ့အား ပစ်မှတ်ထားနေသူကို သိနိုင်သောကြောင့်ပါ။ ကံမကောင်းစွာပဲ၊

သူက ငရဲခန်းမ၏

တည်နေရာကိုမသိခဲ့ပေ။

နောက်ဆုံးတွင်

ဆိတ်သားအရက်ဆိုင်ပိုင်ရှင်

တင်းရှောက်ယောင်

ထံသွားဖို့သာရွေးချယ်လိုက်ရသည်။

၂ ရက်အကြာတွင် ယန်ယဲ့ သည်

နယ်စပ်မြို့သို့

ရောက်လာခဲ့သည်။ သို့သော်လည်း သူက

မြို့ထဲကို ပေါ်တယ်ဝင်မလာခဲ့ပေ။

လက်ရှိတွင်

ဆန်းကြယ်သောအင်အားစုက သူ့ကို

ပစ်မှတ်ထားနေသဖြင့် အစစအရာရာ

သတိထားဖို့လိုပါသည်။

ကံကောင်းထောက်မစွာ၊

ကောင်းကင်ငယ်က သူ နှင့်အတူ

လိုက်ပါလာသောကြောင့်

သာမန်လူများက

သတိထားမိရန်မဖြစ်နိုင်ပါ။

...

ဆိတ်သားအရက်ဆိုင်။ သီးသန့်ခန်းထဲတွ

င် ။

ယန်ယဲ့ ကိုမြင်သောအခါ

တိုင်းရှောက်ယောင် က

သက်ပြင်းတစ်ချက်ချလိုက်သည်။

ထိုလူ နတ်ဆိုးနယ်မြေကို

ဝင်ရောက်သွားကတည်းက

သူမ၏စိတ်ထဲ၌

အပြင်းအထန်စိတ်ပူနေခဲ့ရသည်မဟုတ်

ပါလား။ ကံကောင်းထောက်မစွာ၊ သူက

အသက်ရှင်လျက် ပြန်လာနိုင်ခဲ့၏။

ယန်ယဲ့က "မင်း အခုချိန်ကစပြီး

အရာအားလုံးကို

သိနေသင့်ပြီမဟုတ်လား"ဟုပြောလိုက်

သည်။

တင်းရှောက်ယောင် က

ခေါင်းညိတ်လိုက်သည်။

"တစ်စုံတစ်ယောက်က နင့်ကို

ပစ်မှတ်ထားနေတာ အမှန်ပဲ"

ယန်ယဲ့က "အင်ပါယာဂိုဏ်း ဒါမှမဟုတ် စစ်နတ်ဘုရားခန်းမ လား"ဟု ထပ်မေးလိုက်သည်။

"သူတို့လား...." သူမက ရယ်မောရင်း “သူတို့နှစ်ဖွဲ့လုံးက အဲဒီအင်အားစုအတွက် ရုပ်သေးတွေပဲ”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ “ရုပ်သေးလား”

သူမက ခေါင်းညိတ်လိုက်ပြီး "သူတို့က ငရဲခန်းမ ကို တိုက်ခိုက်နိုင်မယ်လို့ ထင်လား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။ အင်ပါယာဂိုဏ်း နှင့် စစ်နတ်ဘုရားခန်းမ ဟာ အားမနည်းလှပေ။ သို့သော် ငရဲခန်းမ ကို ယှဉ်ဖို့တော့မဖြစ်နိုင်ပါ။ သွေးဧကရီ

တစ်ယောက်တည်းပင်

ထိုအင်အားစုနှစ်ခုလုံးအား

ဖျက်ဆီးပစ်နိုင်၏။

တင်းရှောက်ယောင် က ခေါင်းခါရင်း

ဆက်ပြောလိုက်သည်

"စစ်နတ်ဘုရားခန်းမ နဲ့ အင်ပါယာဂိုဏ်း

ကို မပြောနဲ့ဦး၊ လူသားမဟာမိတ်အဖွဲ့

တစ်ခုလုံးတောင်မှ သူတို့အတွက်

ရုပ်သေးရုပ်ဖြစ်နိုင်တယ်"

ယန်ယဲ့၏ မျက်လုံးများက

သိသိသာသာပက်

ကျဉ်းမြောင်းလာသည်။

"လူသားမဟာမိတ်အဖွဲ့ တစ်ခုလုံးလား"

လူသားမဟာမိတ်အဖွဲ့ကို

လူသားမျိုးနွယ်၏

ထိပ်တန်းအင်အားစုများမှ ပူးပေါင်း

ဖွဲ့စည်းခဲ့ခြင်းပင်။ လူသားမဟာမိတ်အဖွဲ့

က နတ်ဆိုးမဟာမိတ်အဖွဲ့ ကဲ့သို့ပင်၊

လူသားမျိုးနွယ်တစ်ခုလုံးအား

ကိုယ်စားပြုသည်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် ဟိုလျန်ရှင်း နှင့် ခေဝူမင် တို့က

ထိုအင်အားစုဟာ ပင်လယ်မျိုးနွယ် နှင့်

နတ်ဆိုး မျိုးနွယ်ထဲမှာပင် အဖွဲ့ဝင်များ

ရှိနေသည်ဟု ပြောခဲ့သည်။

တွေးကြည့်ရှုံနှင့်ပင်

ကြောက်စရာကောင်းလှသည်။

ယန်ယဲ့ က ဟိုင်လျန်ရှင်း နှင့် ခေဝူမင်

တို့ထံမှ

သူကြားသိခဲ့ရသည့်အရာများအကြောင်း

ကို တင်းရှောက်ယောင် အား

ပြန်ပြောပြခဲ့သည်။ ထို့နောက်တွင် နှစ်ယောက်လုံး၏မျက်နှာများက တဖြည်းဖြည်း လေးနက်လာသည်။

တင်းရှောက်ယောင် က အချိန်အတော်ကြာအောင် နှုတ်ဆိတ်နေပြီးမှ "သူတို့က ငရဲခန်းမ အတွက် ပိုက်ကွန်အကြီးကြီး ထောင်ထားသလို ခံစားရတယ်" ဟု ပြောလိုက်သည်။ တစ်ဆက်တည်း

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ "နင်က ငရဲခန်းမ ဖက်မှာ ရပ်နေမှာ မဟုတ်လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ငရဲခန်းမ နှင့် ထိုအင်အားစုဟာ မည်သို့မည်ပုံ ရန်ငြိုးများရှိနေကြောင်း သူလည်း မသိပါ။ သို့သော် ငရဲခန်းမ က သူ၏မိတ်ဆွေများပင်။ နှစ်ဖက်စလုံးက မိတ်ဆွေများဖြစ်ရာ မှန်သည်ဖြစ်စေ၊

မှားသည်ဖြစ်စေ

သူ၏မိတ်ဆွေများဖက်ကနေသာ

ရပ်တည်ပေးရပါမည်။

တင်းရှောက်ယောင် က စကားမပြောဘဲ

သက်ပြင်းကိုသာ

တိုးတိုးလေးချလိုက်ပါသည်။ အခြေအ

နေက ရှုပ်ထွေးလွန်းသောကြောင့်

သူမအနေဖြင့်တော့ ယန်ယွဲ့အား ငရဲခန်းမ

နှင့်

ဆန်းကြယ်သောအင်အားစုကြားမှတိုက်

ပွဲကို ဝင်မပါစေလိုခဲ့ပေ။ အကြောင်းမှာ

ထိုအင်အားစု၏ အရန်အင်အားများ၊

အရင်းအမြစ်များဟာ

လက်ရှိယန်ယွဲ့ ရင်ဆိုင်နိုင်သည့်

အရာမဟုတ်ပေ။ သို့သော်လည်း

ငရဲခန်းမ သာ အကြပ်အတည်းနှင့်

ရင်ဆိုင်နေရလျှင် ယန်ယွဲ့က

သေချာပေါက်ရပ်ကြည့်နေမည်မဟုတ်ကြောင်းသိသာပါသည်။

အမှန်တော့လည်း လက်ရှိတွင် ယန်ယဲ့က နောက်ပြန်ဆုတ်ရန် အချိန်နှောင်းသွားခဲ့လေပြီ။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ဒါကို လောလောဆယ် မေ့ထားလိုက်ရအောင်။ ရှောက်ယောင်၊ ဇီအာ က

သူတို့လက်ထဲမှာ ရှိနေတယ်။ ဒါကြောင့်

ဒီအင်အားစု အကြောင်းကို

အမြန်ဆုံးစုံစမ်းဖို့

ကူညီပေးပါ"ဟုပြောလိုက်သည်။

တင်းရှောက်ယောင် က

ခေါင်းညိတ်လိုက်ပြီး “ငါတို့ စပြီး

စုံစမ်းနေပါပြီ။ ဒါပေမဲ့

ပွင့်ပွင့်လင်းလင်းတော့

မလုပ်ရဲဘူး။ ဒါဟာ လုံးဝကို

ကြောက်စရာကောင်းတဲ့

အင်အားစုတစ်ခုပဲ။ ငါတို့ကို

အလွယ်တကူတွေ့သွားနိုင်တယ်။

ဒီတော့ စုံစမ်းဖို့ ငါ့ရဲ့သစ္စာရှိတဲ့

လက်အောက်ငယ်သားတချို့ကိုပဲ

စေလွှတ်ခဲ့တယ်"

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။ ထိုအချိန်တွင်

တင်းရှောက်ယောင်၏ ရှေ့မှ

အာကာသပြင်က ရုတ်တရက်

တုန်လှုပ်သွားပြီး ထိုနေရာမှ စာလိပ်တစ်ခု

ထွက်ပေါ်လာသည်။ တင်းရှောက်ယောင်

က စာလိပ်ကို ဖွင့်ဖတ်လိုက်ရင်း

ခဏအကြာမှာပဲ သူမ၏မျက်ခုံးများကို

ဖြည်းညှင်းစွာ ဖိလိုက်သည်။

ယန်ယဲ့က "ဒါကဘာလဲ"

တင်းရှောက်ယောင် က ယန်ယဲ့ကို

မော့ကြည့်လိုက်ရင်း "ဝိညာဥ်နန်းတော်က

နင့်ကို လိုက်ရှာနေတယ်"ဟုပြန်ဖြေသည်။

"ဝိညာဥ်နန်းတော် လား" ယန်ယဲ့က

မျက်မှောင်ကြုတ်ကာ “ဘာလို့ ငါ့ကို

ရှာနေကြတာလဲ”ဟုပြောလိုက်လေသည်။

သူမက “သူတို့က ဝိညာဉ်အင်ပါယာ ကို ပြန်လိုချင်တယ်” ဟူ၍ လေးနက်စွာ ပြန်ဖြေသည်။

ယန်ယဲ့၏မျက်နှာက ချက်ချင်း အေးစက်သွားကာ "သူတို့ ငါ့ဘောပဲ ရနိုင်တယ်။ ရ ငါ့အဖြေကို သူတို့ဆီ ပို့လိုက်ပါ။ သူတို့အတွက် ငါ့မှာ ဝိညာဉ်အင်ပါယာ တော့မရှိဘူး။ ဒါပေမဲ့ ငါ့မှာ ကြယ်တာယာစွမ်းအင်ဓားနယ်မြေ

ရှိတယ်။ လိုချင်ရင် သူတို့ကိုမေးလိုက်၊

ကြယ်ဓားစွမ်းအင်တွေတော့

ငါပေးနိုင်တယ်"ဟူ၍

အေးစက်စက်ပြောလိုက်တော့သည်။

###Book.116 (နတ်ဘုရားဖီးနစ်ကလန်

နှင့် တိုက်ပွဲအပြီး)